# သတင်းခေါင်းစဉ်များ

**မြန်မာနိုင်ငံ စားသုံးသူကာကွယ်ရေးကော်မရှင်၏ကဏ္ဍ**

၁။ စားသုံးသူရေးရာကော်မတီလုပ်ငန်းညှိနှိုင်းအစည်းအဝေးများ ကျင်းပ

**ပြည်တွင်း၊ ပြည်ပ မိတ်ဖက်အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်မှု**

၂။ အာဆီယံရေးရာဌာနစိတ်၏ ၂၀၂၃ ခုနှစ်၊ ဇွန်လအတွင်း အစည်းအဝေး၊ အလုပ်ရုံဆွေးနွေးပွဲ တက်ရောက်ခဲ့မှုများ

"၂၀၂၃ ခုနှစ် ဩစတြေးလျ အမျိုးသားစားသုံးသူ ညီလာခံ " တက်ရောက်ခြင်း

၃။ "တတိယအကြိမ်မြောက် အာဆီယံ-တရုတ် လွတ်လပ်သော ကုန်သွယ်မှုဒေသအဆင့်မြှင့်တင်မှုဆိုင်ရာ စေ့စပ်ဆွေးနွေးပွဲနှင့် ဆက်စပ်အစည်းအဝေး" သို့ တက်ရောက်ခဲ့ခြင်း

**စားသုံးသူတိုင်ကြားမှုနှင့် ဖြေရှင်းပေးမှုကဏ္ဍ**

၄။ Online မှတဆင့် အထည်ဝယ်ယူမှုနှင့် ပတ်သတ်၍ တိုင်ကြားခြင်း

၅။ ရုပ်သံလိုင်းဝန်ဆောင်မှုနှင့် ပတ်သတ်၍ တိုင်ကြားခြင်း

၆။ ၂၀၂၃ ခုနှစ်၊ ဧပြီလအတွင်း CICC ရုံးများ၏ တိုင်ကြားမှု၊ ဖြေရှင်းပြီးစီးမှုနှင့် ဖြေရှင်းရန်ကျန်စာရင်း

**ထုတ်ကုန်လုံခြုံစိတ်ချရမှုကဏ္ဍ**

၇။ ပြည်နယ်အသီးသီးတွင် ဈေးကွက်စောင့်ကြည့်စစ်ဆေးခြင်းလုပ်ငန်းများဆောင်ရွက်လျက်ရှိ

၈။ တိုင်းဒေသကြီးအသီးသီးတွင် ဈေးကွက်စောင့်ကြည့်စစ်ဆေးခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိ

၉။ ၂၀၂၃ ခုနှစ် ဇွန်လအတွင်း ကုန်အညွှန်းအမှတ်အသား စိစစ်ခွင့်ပြုပေးခဲ့မှုအခြေအနေ

၂၀၂၃ ခုနှစ် ဇွန်လအတွင်း ဈေးကွက်စောင့်ကြည့်စစ်ဆေးမှုအခြေအနေ

**စားသုံးသူအသိပညာပေးရေးကဏ္ဍ**

၁၀။ တိုင်းဒေသကြီးများအတွင်း အသိပညာပေးလုပ်ငန်းများဆောင်ရွက်

၁၁။ ပြည်နယ်များအတွင်း အသိပညာပေးလုပ်ငန်းများဆောင်ရွက်

၁၂။ ၂၀၂၃ ခုနှစ်၊ ဇွန်လအတွင်း စားသုံးသူအသိပညာပေးလုပ်ငန်း ဆောင်ရွက်မှုအခြေအနေ

**သတင်းအချက်အလက်နည်းပညာနှင့် အရည်အသွေးစီမံခန့်ခွဲမှုကဏ္ဍ**

၁၃။ ကုန်ပစ္စည်းစမ်းသပ်စစ်ဆေးရေးနှင့် အရည်အသွေးစီမံခန့်ခွဲမှု ဌာနစု(လှည်းကူး)ရှိ ဓာတ်ခွဲခန်းအလိုက် မေလအတွင်း ဓာတ်ခွဲစမ်းသပ်ဆောင်ရွက်ခဲ့မှု အခြေအနေ

၁၄။ ဆန်စပါးကြိတ်ခွဲထုတ်လုပ်ရေးနည်းပညာဆိုင်ရာကျွမ်းကျင်မှုသင်တန်း ဖွင့်လှစ်ခြင်း

၁၅။ သိုလှောင်ရုံကုန်အပ်လက်မှတ်ကို အခြေပြုသည့် ငွေကြေးထောက်ပံ့မှုစနစ် (Warehouse Receipt Financing System) အကောင်အထည်ဖော်ဆောင်ရွက်ရေးအလုပ်ရုံဆွေးနွေးပွဲကျင်းပနိုင်ရေး အကြို ညှိနှိုင်းအစည်းအဝေးကျင်းပပြုလုပ်

၁၆။ သတင်းအချက်အလက်နည်းပညာနှင့်အရည်အသွေးစီမံခန့်ခွဲရေးဌာနခွဲ၏ ၂၀၂၃ ခုနှစ် သတင်း လွှင့်တင်နိုင်မှုအခြေအနေ

**ကုန်သွယ်မှုကဏ္ဍ**

၁၇။

## မြန်မာနိုင်ငံစားသုံးသူကာကွယ်ရေးကော်မရှင်ကဏ္ဍ

### ၂၀၂၃ ခုနှစ်၊ ဇန်နဝါရီလမှ ဒီဇင်ဘာလအထိ လုပ်ငန်းဆောင်ရွက်မှု အစီရင်ခံစာ

**မြန်မာနိုင်ငံစားသုံးသူကာကွယ်ရေးကော်မရှင်အစည်းအဝေးကျင်းပနိုင်မှုအခြေအနေ**

စားသုံးသူကာကွယ်ရေးဥပဒေ၏ ရည်ရွယ်ချက်များ အောင်မြင်စေရန်နှင့် စားသုံးသူကာကွယ်ရေး ဆိုင်ရာ မူဝါဒများနှင့်အစီအမံများ ချမှတ်နိုင်ရေးတို့အတွက် ၂၀၂၃ ခုနှစ်အတွင်း မြန်မာနိုင်ငံစားသုံးသူ ကာကွယ်ရေးကော်မရှင်၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေး(၁/၂၀၂၃) ကို ၂၀၂၃ ခုနှစ်၊ မတ်လ ၁ ရက်နေ့တွင် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ အစည်းအဝေးခန်းမ (၁) ၌ ကျင်းပပြုလုပ်ခဲ့ပြီး အစည်း အဝေးဆုံးအဖြတ်ချက် (၁၂) ချက်ကို ချမှတ်နိုင်ခဲ့ပါသည်။

**ကမ္ဘာ့စားသုံးသူအခွင့်အရေးများနေ့ အခမ်းအနားကျင်းပနိုင်မှုအခြေအနေ**

၂၀၂၃ ခုနှစ်၊ မတ်လ ၁၅ ရက်နေ့တွင် ကျရောက်သည့် ကမ္ဘာ့စားသုံးသူအခွင့်အရေးများနေ့အခမ်းအနား အတွက် အပြည်ပြည်ဆိုင်ရာ စားသုံးသူများအဖွဲ့ (Consumer International – CI) က သတ်မှတ်သည့် **စားသုံးသူကဏ္ဍမြှင့်တင်ဖို့ သန့်ရှင်းစွမ်းအင်ကူးပြောင်းစို့** (Empowering Consumers Through Clean Energy Transitions) ဆောင်ပုဒ်နှင့်အညီ ပြည်ထောင်စုနယ်မြေ၊ တိုင်းဒေသကြီး/ ပြည်နယ်အလိုက် စည်ကားသိုက် မြိုက်စွာ ကျင်းပပြုလုပ်ခဲ့ပြီး Billboard များစိုက်ထူခြင်း၊ ဉာဏ်စမ်းပဟေဠိများ မေးမြန်းခြင်းနှင့် ဆုလက်ဆောင် ပေးခြင်း အစီအစဉ်များကို ထည့်သွင်းကျင်းပ ဆောင်ရွက်ခဲ့ပါသည်။

**စားသုံးသူရေးရာကော်မတီများ ပြင်ဆင်ဖွဲ့စည်းမှုအခြေအနေ**

မြန်မာနိုင်ငံစားသုံးသူကာကွယ်ရေးကော်မရှင်သည် ၂၀၂၁ ခုနှစ်၊ နိုဝင်ဘာလ ၂၅ ရက်စွဲပါ အမိန့် ကြော်ငြာစာအမှတ် ၄/၂၀၂၁ ဖြင့် ဖွဲ့စည်းတာဝန်ပေးအပ်ထားသော တိုင်းဒေသကြီး/ပြည်နယ် စားသုံးသူရေးရာ ကော်မတီများအနက် အောက်ဖော်ပြပါ တိုင်းဒေသကြီး/ ပြည်နယ် စားသုံးသူရေးရာကော်မတီများကို ပြင်ဆင် ဖွဲ့စည်း တာဝန်ပေးအပ်ခဲ့ပါသည်-

(က) မြန်မာနိုင်ငံစားသုံးသူကာကွယ်ရေးကော်မရှင်သည် ၂၀၂၃ ခုနှစ်၊ မေလ ၂ ရက်စွဲပါ အမိန့် ကြော်ငြာစာအမှတ်၊ ၁/၂၀၂၃ ဖြင့် မွန်ပြည်နယ် စားသုံးသူရေးရာကော်မတီတွင် မွန်ပြည်နယ် အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနက ပြည်နယ်ဦးစီးမှူးနှင့် မွန်ပြည်နယ်ကုန်သည် များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းက ကိုယ်စားလှယ်တစ်ဦးတို့အား အဖွဲ့ဝင်များ အဖြစ် ထည့်သွင်း၍ အဖွဲ့ဝင် (၉) ဦးဖြင့် ပြင်ဆင် ဖွဲ့စည်းတာဝန်ပေးအပ်ခဲ့ပါသည်။

(ခ) မြန်မာနိုင်ငံစားသုံးသူကာကွယ်ရေးကော်မရှင်သည် ၂၀၂၃ ခုနှစ်၊ မေလ ၁၉ ရက်စွဲပါ အမိန့် ကြော်ငြာစာအမှတ် ၂/၂၀၂၃ ဖြင့် စစ်ကိုင်းတိုင်းဒေသကြီးစားသုံးသူရေးရာ ကော်မတီတွင် ဦးစီးအရာရှိ၊ တိုင်းဒေသကြီးအစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာန "အစား" ဒုတိယညွှန်ကြားရေးမှူး၊ တိုင်းဒေသကြီးအစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာနနှင့်

ဥက္ကဋ္ဌ၊ တိုင်းဒေသကြီးကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း "အစား" ဒုတိယဥက္ကဋ္ဌ၊ တိုင်းဒေသကြီးကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းတို့အား အဖွဲ့ဝင်များအဖြစ် ပြင်ဆင်ဖွဲ့စည်း တာဝန်ပေးအပ်ခဲ့ပါသည်။

(ဂ) မြန်မာနိုင်ငံစားသုံးသူကာကွယ်ရေးကော်မရှင်သည် ၂၀၂၃ ခုနှစ်၊ မေလ ၃၀ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၃/၂၀၂၂ ဖြင့် ပြည်ထောင်စုနယ်မြေ စားသုံးသူရေးရာကော်မတီတွင် ဒုတိယညွှန်ကြားရေးမှူး၊ နေပြည်တော်မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန "အစား" ညွှန်ကြားရေးမှူး၊ နေပြည်တော်မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနနှင့် ဒုတိယခရိုင်ဥပဒေအရာရှိ၊ ဒက္ခိဏခရိုင်ဥပဒေရုံး "အစား" ခရိုင်ဥပဒေအရာရှိ၊ ပျဉ်းမနားခရိုင် ဥပဒေရုံးတို့အား အဖွဲ့ဝင်များအဖြစ် ပြင်ဆင်ဖွဲ့စည်းတာဝန်ပေးအပ်ခဲ့ပါသည်။

(ဃ) မြန်မာနိုင်ငံစားသုံးသူကာကွယ်ရေးကော်မရှင်သည် ၂၀၂၃ ခုနှစ်၊ အောက်တိုဘာလ ၃ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၄/၂၀၂၃ ဖြင့် ရန်ကုန်တိုင်းဒေသကြီး စားသုံးသူရေးရာ ကော်မတီတွင် ကော်မတီအဖွဲ့ဝင်ဖြစ်သည့် ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူးရုံး၊ ဒုတိယတိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူး၊ ရဲမှူးကြီးမျိုးကြည်အား ဒုတိယဥက္ကဋ္ဌအဖြစ် ခန့်အပ် တာဝန်ပေးအပ်ခဲ့ပါသည်။

## စားသုံးသူရေးရာကော်မတီများ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပနိုင်မှုအခြေအနေ

၂၀၂၃ ခုနှစ်အတွင်း ပြည်ထောင်စုနယ်မြေ၊ တိုင်းဒေသကြီးနှင့်ပြည်နယ် စားသုံးသူရေးရာကော်မတီများ၏ စားသုံးသူရေးရာကော်မတီလုပ်ငန်းညှိနှိုင်းအစည်းအဝေးများကို ဇန်နဝါရီလတွင် (၄) ကြိမ်၊ ဖေဖော်ဝါရီလတွင် (၅) ကြိမ်၊ မတ်လတွင် (၁၀) ကြိမ်၊ ဧပြီလတွင် (၃) ကြိမ်၊ မေလတွင် (၅) ကြိမ်၊ ဇွန်လတွင် (၁၂) ကြိမ်၊ ဇူလိုင်လတွင် (၄) ကြိမ်၊ ဩဂုတ်လတွင် (၂) ကြိမ်၊ စက်တင်ဘာလတွင် (၁၄) ကြိမ်၊ အောက်တိုဘာလတွင် (၂) ကြိမ်၊ နိုဝင်ဘာလတွင် (၃) ကြိမ်၊ ဒီဇင်ဘာလတွင် (၁၂) ကြိမ်၊ စုစုပေါင်း (၇၆) ကြိမ် ကျင်းပပြုလုပ်နိုင်ခဲ့ပါသည်။

## လုပ်ငန်းကော်မတီများ ဖွဲ့စည်းတာဝန်ပေးအပ်မှုအခြေအနေ

မြန်မာနိုင်ငံစားသုံးသူကာကွယ်ရေးကော်မရှင်သည် ၂၀၂၃ ခုနှစ်၊ ဇန်နဝါရီလ ၂၀ ရက်စွဲပါ အမိန့်အမှတ် ၁/၂၀၂၃ ဖြင့် စားသုံးသူကာကွယ်ရေးဆိုင်ရာကိစ္စရပ်များကိုထိရောက်စွာဖြေရှင်းပေးနိုင်ရေး အတွက် အဖွဲ့ဝင် (၅) ဦးစီပါဝင်သော စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအထောက်အကူပြုလုပ်ငန်းကော်မတီ (၅) ရပ်ကို မြန်မာနိုင်ငံတော်ဗဟိုဘဏ်၊ ညွှန်ကြားရေးမှူးက အဖွဲ့ခေါင်းဆောင်အဖြစ်ပါဝင်သော ငွေရေးကြေးရေးကဏ္ဍ၊ ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာန၊ ညွှန်ကြားရေးမှူးက အဖွဲ့ခေါင်းဆောင်အဖြစ်ပါဝင်သော ခရီးသွားလာရေးကဏ္ဍ၊ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၊ လက်ထောက်အတွင်းဝန်က အဖွဲ့ခေါင်းဆောင်အဖြစ်ပါဝင်သော သယ်ယူပို့ဆောင်ရေးကဏ္ဍ၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ လက်ထောက်အတွင်းဝန်က အဖွဲ့ခေါင်းဆောင်အဖြစ်ပါဝင်သော ဆက်သွယ်ရေးကဏ္ဍနှင့် ကျန်းမာရေးဝန်ကြီးဌာန၊

ညွှန်ကြားရေးမှူးက အဖွဲ့ခေါင်းဆောင်အဖြစ်ပါဝင်သော အစားအသောက်/ ဆေးဝါး၊ ဆေးပစ္စည်းနှင့် အလှကုန် ပစ္စည်းကဏ္ဍဟူ၍ ဖွဲ့စည်းတာဝန်ပေးအပ်ခဲ့ပါသည်။

**Source: ကော်မရှင်**

## ပြည်တွင်း၊ ပြည်ပ မိတ်ဖက်အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်မှုကဏ္ဍ

## (၂၇) ကြိမ်မြောက် အာဆီယံစားသုံးသူကာကွယ်ရေးကော်မတီအစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများသို့ တက်ရောက်ခဲ့ခြင်း

(၂၇) ကြိမ်မြောက် အာဆီယံ စားသုံးသူကာကွယ်ရေးကော်မတီအစည်းအဝေးနှင့်အတူ ဆက်စပ် အစည်းအဝေးများဖြစ်သည့် (၆) ကြိမ်မြောက် အာဆီယံ-ဩစတြေးလျ စားသုံးသူရေးရာအစီအစဉ် အစည်း အဝေး၊ (၁၀) ကြိမ်မြောက် အာဆီယံ-ဂျာမနီလုပ်ငန်းကြီးကြပ်ရေးကော်မတီအစည်းအဝေး၊ (၅) ကြိမ်မြောက် အာဆီယံစားသုံးသူအသင်းအဖွဲ့ ကွန်ရက်အစည်းအဝေးနှင့် အာဆီယံတရားမျှတမှုမရှိသည့် စာချုပ်စာတမ်း ဝေါဟာရများဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲစသည်တို့ကို ၂၀၂၃ ခုနှစ်၊ နိုဝင်ဘာလ (၂၀) ရက်နေ့မှ (၂၄) ရက်နေ့ အထိ ကမ္ဘောဒီးယားနိုင်ငံ၊ ဆီရမ်ရိမြို့တွင် Hybrid စနစ်ဖြင့် ကျင်းပပြုလုပ်ခဲ့ပါသည်။ အစည်းအဝေးများသို့ ခေတ္တညွှန်ကြားရေးမှူးချုပ် ဦးဆောင်၍ စားသုံးသူရေးရာဦးစီးဌာနမှ ဘာသာရပ်တာဝန်ခံများက Online စနစ်ဖြင့် တက်ရောက်ခဲ့ကြပါသည်။ အစည်းအဝေးတွင် အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ နိုင်ငံအလိုက်ဆောင် ရွက်နေသည့် စားသုံးသူကာကွယ်ရေးဥပဒေ အကောင်အထည်ဖော်မှုဆိုင်ရာလုပ်ငန်းများကို နိုင်ငံအလိုက် တင်ပြခဲ့ကြပါသည်။ အစည်းအဝေးတွင် အဓိကအားဖြင့် ၂၀၂၃ ခုနှစ်အတွင်း အာဆီယံစားသုံးသူကာကွယ်ရေး မဟာဗျူဟာလုပ်ငန်းစီမံချက် (၂၀၂၅) အရ ဦးစားပေးဆောင်ရွက်ခဲ့သည့် အာဆီယံတရား မျှတမှုမရှိသော စာချုပ်စာတမ်းဝေါဟာရများလမ်းညွှန်ချက်ရေးဆွဲသည့် လုပ်ငန်း၊ အလေးထား ဆောင်ရွက်ခဲ့သော အာဆီယံ စားသုံးသူစွမ်းဆောင်နိုင်မှုအညွှန်းကိန်းစစ်တမ်းကောက်ယူသည့်လုပ်ငန်း၊ မြန်မာနိုင်ငံမှ ဦးဆောင်နိုင်ငံအဖြစ် ဆောင်ရွက်ခဲ့သော ကြော်ငြာနှင့်စျေးကွက်၊ ပုဂ္ဂိုလ်ရေးရာ အချက်အလက် ကာကွယ်ထိန်းသိမ်းမှု ကဏ္ဍများတွင် သင်ခန်းစာရေးဆွဲပြုစုရေးလုပ်ငန်းများနှင့် ၂၀၂၅ အလွန် ဆောင်ရွက်သွားမည့် စားသုံးသူကာကွယ်ရေး လုပ်ငန်းများနှင့်စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြပါသည်။

**Source: အာဆီယံ**

# စားသုံးသူတိုင်ကြားမှုနှင့် ဖြေရှင်းပေးမှုကဏ္ဍ

## ၂၀၂၃ ခုနှစ်၊ ဇန်နဝါရီလမှ ဒီဇင်ဘာလအထိတိုင်ကြားမှုများ

## တိုင်းဒေသကြီး/ပြည်နယ်အလိုက် တိုင်ကြားမှုများစာရင်း

| စဉ် | တိုင်းဒေသကြီး/ပြည်နယ် | တိုင်ကြားမှု | | |
|---|---|---|---|---|
| | | ကုန်စည် | ဝန်ဆောင်မှု | ပေါင်း |
| ၁ | စားသုံးသူရေးရာ(ရုံးချုပ်) | ၀ | ၇ | ၇ |
| ၂ | ပြည်ထောင်စုနယ်မြေ | ၆ | ၁၇ | ၂၃ |
| ၃ | ရန်ကုန်တိုင်းဒေသကြီး | ၁၇ | ၁၅၀ | ၁၆၇ |
| ၃ | မန္တလေးတိုင်းဒေသကြီး | ၆ | ၄၁ | ၄၇ |
| ၄ | စစ်ကိုင်းတိုင်းဒေသကြီး | ၄ | ၅ | ၉ |
| ၅ | ဧရာဝတီတိုင်းဒေသကြီး | ၈ | ၉ | ၁၇ |
| ၆ | မကွေးတိုင်းဒေသကြီး | ၄ | ၉ | ၁၃ |
| ၇ | ပဲခူးတိုင်းဒေသကြီး | ၄ | ၁၇ | ၂၁ |
| ၈ | တနင်္သာရီတိုင်းဒေသကြီး | - | ၇ | ၇ |
| ၉ | ကချင်ပြည်နယ် | - | ၄ | ၄ |
| ၁၀ | ကယားပြည်နယ် | ၁ | - | ၁ |
| ၁၁ | ကရင်ပြည်နယ် | - | ၉ | ၉ |
| ၁၃ | မွန်ပြည်နယ် | ၂ | ၃ | ၅ |
| ၁၄ | ရခိုင်ပြည်နယ် | ၃ | ၃ | ၆ |
| ၁၅ | ရှမ်းပြည်နယ် | ၄ | ၆ | ၁၀ |
| | **စုစုပေါင်း** | **၅၉** | **၂၈၇** | **၃၄၆** |

| | |
|---|---|
| ပြည်ထောင်စုနယ်မြေ၊ တိုင်းဒေသကြီး၊ ပြည်နယ် (CICC) များသို့ တိုင်ကြားမှု | ၅၉ မှု |
| Website Complaint System သို့ တိုင်ကြားမှု | ၁၆၂ မှု |
| FB Page / စာ / ဖုန်း / email တို့ဖြင့် တိုင်ကြားမှု | ၁၂၅ မှု |




**၂၀၂၃ ခုနှစ် (နိုဝင်ဘာလ)ထိ ကုန်စည် အမျိုးအစားအလိုက် တိုင်ကြားမှုအခြေအနေပြ BAR CHART**




၂၀၂၃ ခုနှစ်(နိုဝင်ဘာလ)ထိဝန်ဆောင်မှုအမျိုးအစားအလိုက် တိုင်ကြားမှုအခြေအနေပြ BAR CHART

**Source: CICC**

## ကုန်စည်နှင့်စပ်လျဉ်းသည့် တိုင်ကြားမှုများနှင့် ဖြေရှင်းဆောင်ရွက်ပေးမှုများ

### SMART TV ဝယ်ယူမှုနှင့်ပတ်သက်၍ တိုင်ကြားခြင်း

နေပြည်တော်၊ ဇမ္ဗူသီရိမြို့နယ်နေ တိုင်ကြားသူသည် *** ဈေးဝယ်စင်တာတွင် ရောင်းချနေသော *** **Smart TV 43"(LED)** တစ်လုံးကို ၂၉-၈-၂၀၂၂ ရက်နေ့တွင် ဝယ်ယူခဲ့ရာ အာမခံသက်တမ်းမှာ(၂)နှစ်ဖြစ်ပြီး ၆-၅-၂၀၂၃ ရက်နေ့တွင် **Display** အစင်းကြောင်းပေါ်သဖြင့် ဝယ်ယူသည့်နေရာသို့ ဆက်သွယ်ပြောကြားခဲ့သော်လည်း ၎င်းဆိုင်မှ ရန်ကုန်မြို့ရှိ *** **Center** သို့ပို့ခဲ့ပြီး **Center** မှ မှန်ကွဲ၍ ဒေါင်လိုက်အစင်းထင်ကြောင်းနှင့် ပြင်ဆင်ပါက ၄၉၆,၀၀၀/-ကျပ် ပေးရမည်ဖြစ်ကြောင်းပြောကြားသဖြင့် ကျေနပ်မှုမရှိသောကြောင့် စားသုံးသူရေးရာဦးစီးဌာနသို့ လူကိုယ်တိုင် လာရောက်တိုင်ကြားလာပါသည်။အဆိုပါ တိုင်ကြားမှုနှင့်ပတ်သက်၍ နေပြည်တော်ဦးစီးမှူးရုံးမှ၊ တာဝန်ရှိသူများက ၂၆-၇-၂၀၂၃ ရက်နေ့တွင် *** ဈေးဝယ်စင်တာမှ အရောင်းမန်နေဂျာအား ခေါ်ယူပြီး ဖြေရှင်းပေးနိုင်မည့် အခြေအနေ မေးမြန်းခဲ့ပါသည်။ ၂၈-၇-၂၀၂၃ ရက်နေ့တွင် တိုင်ကြားသူနှင့် *** ဈေးဝယ်စင်တာ တာဝန်ခံတို့အား တွေ့ဆုံဆွေးနွေးပေးခဲ့ရာတွင် ပစ္စည်းတင်သွင်း (Supplier)သည် "***" ကုမ္ပဏီတွင် တာဝန်ရှိကြောင်း နှင့် ၎င်း "***" ကုမ္ပဏီမှ လာရောက် ဖြေရှင်းရန် ၇-၈-၂၀၂၃ ရက်နေ့တွင် ချိန်းဆိုသဘောတူညီခဲ့ကြပါသည်။ *** ကုမ္ပဏီဘက်မှ ဝယ်ယူသူ၏ အမှားကြောင့် ဖြစ်ရခြင်းဖြစ်သဖြင့် တာဝန်ယူဆောင်ရွက်ပေးရန်မဖြစ်နိုင်ကြောင်း ပြောကြားလာမှုအပေါ် နေပြည်တော်ဦးစီးမှူးရုံးက *** ဈေးဝယ်စင်တာသို့ အပြည့်အဝ တာဝန်ယူရန် စီမံခန့်ခွဲရေးဆိုင်ရာ အမိန့်(ပုံစံ၁၀) ကို ချမှတ်လိုက်ပြီး *** ဈေးဝယ်စင်တာသို့ အကြောင်းကြားခဲ့ရာ *** ဈေးဝယ်စင်တာမှ တိုင်ကြားသူနစ်နာမှုအတွက် ငွေကျပ် ၅၀၀,၀၀၀/- သို့မဟုတ် ငွေကျပ်(၅)သိန်းတန် City Gift ပေး၍ ကြိုက်နှစ်သက်ရာ ဝယ်ယူနိုင်ကြောင်း ပြန်ကြားလာခဲ့ပါသည်။ တိုင်ကြားသူမှ 32"Smart (Samsung ) TV (၁)လုံးအား *** ဈေးဝယ်စင်တာမှ အစားထိုးဝယ်ယူလိုက်သဖြင့် နှစ်ဦးနှစ်ဖက် ကျေနပ်မှုရှိပါသောကြောင့် တိုင်ကြားမှုကို ပိတ်သိမ်းဆောင်ရွက်ခဲ့ကြောင်းသိရှိရပါသည်။

Source: CICC

## အထည်ပင်ရင်းတစ်ခုထံမှ အထည်ဝယ်ယူမှုနှင့်ပတ်သက်၍ တိုင်ကြားခြင်း

မန္တလေးတိုင်းဒေသကြီး၊ ပျော်ဘွယ်မြို့နယ်နေ တိုင်ကြားသူတစ်ဦးက အထည်ပင်ရင်းဆိုင် တစ်ခုထံမှ ဂျင်းတမူးလုံချည် (၁)ကွင်းလျှင် ငွေကျပ် ၅,၄၅၀/- နှုန်းဖြင့် (၄၀)ကွင်းကို ငွေကျပ် ၂၁၈,၀၀၀/- ကျပ် ပေးချေ ဝယ်ယူခဲ့ပြီး "xxx" Account သို့ K Pay ဖြင့် ပထမအကြိမ် ငွေကျပ် ၁၉၆,၀၀၀/- ကျပ် ဒုတိယအကြိမ် ငွေကျပ် ၂၂,၀၀၀/- ကျပ် စုစုပေါင်း (၂) ကြိမ် ငွေလွှဲပေးပို့ခဲ့ပြီး ပစ္စည်းပေးပို့လာခြင်းမရှိသဖြင့် ဖြေရှင်းဆောင်ရွက် ပေးပါရန် ၇-၇-၂၀၂၃ ရက်နေ့တွင် Email မှတဆင့် တိုင်ကြား လာပါသည်။တိုင်ကြားမှုနှင့်ပတ်သက်၍ စားသုံးသူရေးရာဦးစီးဌာန၊ မိတ္ထီလာခရိုင်ဦးစီးမှူးရုံးမှ "xxx" Online Shopping Page ကို လိုက်လံစုံစမ်းခဲ့ရာ အဆိုပါ Online Shopping သည် ရန်ကုန်မြို့တွင် ဆိုင်ဖွင့်လှစ် ရောင်းချ၍ Online ပေါ်တွင် "xxx" အမည်ဖြင့် Online Shopping Page ကို ဖွင့်လှစ်၍ ပိုင်ရှင် "xxx" မှ အထည်များရောင်းချလျက်ရှိကြောင်း သိရှိရပြီး ပိုင်ရှင်သို့ ဆက်သွယ်ရမည့် ဖုန်းများကို အဆင့်ဆင့်ရှာဖွေ၍ ဆက်သွယ်ညှိနှိုင်းဖြေရှင်းပေးခဲ့ရာ ငွေပြန်လည် အမ်းပေးမည်ဖြစ်ကြောင်း ညှိနှိုင်းမှုရရှိခဲ့ပြီး ၁၅-၇-၂၀၂၃ ရက်နေ့တွင် တိုင်ကြားသူမှ အထည်ဖိုးငွေကျပ် ၂၁၈,၀၀၀/- ကျပ်အား လက်ခံရရှိပြီးဖြစ်ပါကြောင်းနှင့် ဖြေရှင်းဆောင်ရွက်ပေးမှုအပေါ် ကျေနပ်မှုရှိသော ကြောင့် တိုင်ကြားမှုအား ပိတ်သိမ်းဆောင်ရွက်ခဲ့ကြောင်း သိရှိရပါသည်။

Source: CICC

## ဝန်ဆောင်မှုနှင့်စပ်လျဉ်းသည့် တိုင်ကြားမှုများနှင့် ဖြေရှင်းဆောင်ရွက်ပေးမှုများ

### ယာဉ်လိုင်းဝန်ဆောင်မှုနှင့် ပတ်သက်၍ တိုင်ကြားလာခြင်း

မကွေးတိုင်းဒေသကြီး၊ မကွေးမြို့နေ တိုင်ကြားသူသည် ၁၂-၁၀-၂၀၂၃ ရက်နေ့တွင် မကွေးမြို့မှ မြစ်ကြီးနား မြို့သို့ ပြေးဆွဲနေသော ကားဂိတ်တစ်ခုသို့ ကော်ခြင်း(၁)လုံး၊ ဆန်(၁၂)ပြည်နှင့် ပဲကြော်(၅)ပိဿာပါ ပီနံအိတ် တစ်လုံး၊ ခရမ်းချဉ်သီးသေတ္တာတစ်လုံးတို့အား တန်ဆာခ ၂၈,၀၀၀/-ကျပ်ပေး၍ မကွေးမှမြစ်ကြီးနား (ပမွတီး) သို့ တင်ပို့ရန် အပ်နှံခဲ့ ပြီး၊ ၁၄-၁၀-၂၀၂၃ ရက်နေ့တွင် ကုန်ပစ္စည်းများ ရောက်ရှိသော်လည်း ဆန်(၁၂)ပြည်နှင့် ပဲကြော်(၅)ပိဿာပါ ပီနံအိတ်မှာ ရေစို၍ ပျက်စီးသွားမှုအပေါ် ကားဂိတ်မှ တာဝန်ယူ ဖြေရှင်းပေးခြင်းမရှိသဖြင့် စားသုံးသူရေးရာဦးစီးဌာနသို့ လူကိုယ်တိုင်လာရောက်တိုင်ကြားလာပါသည်။တိုင်ကြားမှုနှင့် ပတ်သက်၍ မကွေးတိုင်းဒေသကြီးဦးစီးမှူးရုံးမှ တာဝန်ရှိသူများက ၁၆-၁၀-၂၀၂၃ ရက်နေ့တွင် စားသုံးသူကာကွယ်ရေး ဥပဒေနှင့်အညီ နစ်နာဆုံးရှုံးမှု ရှိ/မရှိ စိစစ်ခြင်း၊ ၁၈-၁၀-၂၀၂၃ ရက်နေ့တွင် ယာဉ်လိုင်းမှ တာဝန်ရှိသူများထံ မေးမြန်းစုံစမ်းခြင်းများ ဆောင်ရွက်ခဲ့ရာ လမ်းခရီးတွင် ရေကြီးသောကြောင့် ကား၏ ဝမ်းဗိုက်အတွင်း သယ်ဆောင်လာသော ကုန်ပစ္စည်းများမှာ ရေစိုပျက်စီးသွားကြောင်း၊အဆိုပါ ဖြစ်စဉ်မှာလည်း မြစ်ကြီးနားသို့

သွားသော ယာဉ်လိုင်းအားလုံးတွင် ကြုံတွေ့ရကြောင်း၊ ပျက်စီးဆုံးရှုံးမှုမှာ သဘာဝဘေးကြောင့်ဖြစ်ရပြီး မြစ်ကြီးနား ယာဉ်လိုင်းကြီးကြပ်မှုကော်မတီမှ တန်ဆာခများကို ပေးလျော်စေကြောင်း၊ သဘာဝဘေးကြောင့် ပျက်စီးမှုအပေါ် မိမိတို့ ယာဉ်လိုင်းအနေဖြင့် စားသုံးသူရေးရာဦးစီးဌာန၏ ဆုံးဖြတ်ချက်ကို လိုက်နာသွားမည် ဖြစ်ကြောင်း ဖြေကြားခဲ့ပါသည်။ ယာဉ်လိုင်းတာဝန်ရှိသူ၏ ပြောကြားမှုများ မှန်ကန်မှု ရှိ/မရှိ သိရှိနိုင်ရန် ကချင်ပြည်နယ်၊ စားသုံးသူရေးရာဦးစီးဌာနမှတဆင့် မြစ်ကြီးနား ယာဉ်လိုင်းကြီးကြပ်မှု ကော်မတီသို့ ချိတ်ဆက်မေးမြန်းခြင်းများဆောင်ရွက်ခဲ့ရာ အဆိုပါရက်များတွင် ရေကြီးမှုဖြစ်စဉ်ရှိခဲ့သော်လည်း ယာဉ်လိုင်း ကြီးကြပ်မှုကော်မတီမှ ဝင်ရောက်ဖြေရှင်းပေးရသည့်အမှုမရှိခဲ့ကြောင်းနှင့် ယာဉ်ဝမ်းဗိုက်အခန်း ရေမလုံသည့် ကားများတွင် ပျက်စီးမှုရှိကြောင်း ဖြေကြားလာခဲ့ပါသည်။ မြစ်ကြီးနား ယာဉ်လိုင်းကြီး ကြပ်မှုကော်မတီ၏ ဖြေကြားချက်နှင့် စပ်လျဉ်း၍ “xxx” ယာဉ်လိုင်းတာဝန်ရှိသူသို့ ဆက်သွယ်ပြောကြားခဲ့ရာ ရေစိုသည့် ဆန်အိတ်ကို တိုင်ကြားသူမှ ပြန်ယူသွားပြီဖြစ်ကြောင်း၊ ပျက်စီးဆုံးရှုံးသည့် ပဲကြော် (၅) ပိဿာကို ဂိတ်တွင် ထားခဲ့သောကြောင့် ၎င်းပဲကြော် (၅)ပိဿာတန်ဖိုးကိုသာ ပေးလျော်သွားမည်ဖြစ်ကြောင်း ညှိနှိုင်း ရရှိခဲ့ပါ သည်။ ၎င်းညှိနှိုင်းရရှိမှုအား တိုင်ကြားသူထံ ဆက်သွယ်ပြောကြားရာတွင် သဘောတူလက်ခံပါ ကြောင်း ပြောကြားခဲ့ပါသည်။ ဌာန၏ စေ့စပ်ညှိနှိုင်းပေးမှုအရ ၂၄-၁၀-၂၀၂၃ ရက်နေ့တွင် ယာဉ်လိုင်းမှ တာဝန်ရှိသူက တိုင်ကြားသူသို့ ပျက်ဆီးခဲ့သော ပဲကြမ်း (၅)ပိဿာတန်ဖိုး ကျသင့်ငွေကျပ် ၄၅,၀၀၀/-အား စားသုံးသူရေးရာ ဦးစီးဌာန၏ တာဝန်ရှိသူများရှေ့မှောက်တွင် ပြန်လည်ပေးလျော်ခဲ့ပြီး တိုင်ကြားသူမှ စိတ်ကျေနပ်မှုရရှိသော ကြောင့် တိုင်ကြားမှုအား ပိတ်သိမ်းဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိပါသည်။

Source: CICC

## အွန်လိုင်းမှတစ်ဆင့် လက်ကိုင်ဖုန်းဝယ်ယူမှုနှင့်ပတ်သက်၍ တိုင်ကြားခြင်း

တနင်္သာရီတိုင်းဒေသကြီး၊ ကော့သောင်းမြို့နယ်နေ တိုင်ကြားသူတစ်ဦးသည် လူမှုကွန်ယက်စာမျက်နှာ ရှိ “xxx” အကောင့်မှ လက်ကိုင်ဖုန်းအား ဝယ်ယူ၍ ၁၈-၆-၂၀၂၃ ရက်နေ့တွင် KPay (ဖုန်း 09-xxxxx) ထံသို့ ငွေ ၆၀,၀၀၀/-ကျပ် လွှဲပေးခဲ့ရာ Facebook အကောင့်နှင့် ဖုန်းနံပါတ်များအား Block သွားပြီး မှာယူသည့် ပစ္စည်း ကို ပေးပို့ခြင်းမရှိသည့်အတွက် စားသုံးသူရေးရာဦးစီးဌာန၊ Website Complaint System သို့ တိုင်ကြားလာ ပါသည်။တိုင်ကြားမှုနှင့်ပတ်သက်၍ တနင်္သာရီတိုင်းဒေသကြီးဦးစီးမှူးရုံးက ငွေလွှဲထားသော ဖုန်းနံပါတ်အား ဆက်သွယ်ခဲ့ရာ ဆက်သွယ်၍မရပါသဖြင့် KBZ ဘဏ်သို့ ၀၉-xxxxx ဖြင့် ဖွင့်လှစ်ထားသော KPay အကောင့် အား နောက်ထပ်လိမ်လည်မှုများမဖြစ်စေရန် ပိတ်သိမ်းစေခြင်းနှင့် လိမ်လည်ခံရသောငွေများ ပြန်လည်ရရှိ

နိုင်စေရန် ကော့သောင်းခရိုင်ဦးစီးမှူးရုံးမှ KBZ ဘဏ်(ကော့သောင်းဘဏ်ခွဲ)နှင့် ချိတ်ဆက်၍ တိုင်ကြားသူကိုယ်တိုင် ရဲစခန်းထောက်ခံချက်ရယူပြီး ဘဏ်သို့ ပေးပို့ဆောင်ရွက်ခဲ့ပါသည်။ တိုင်ကြားသူမှ သက်ဆိုင်ရာရဲစခန်းတွင်လည်း အမှုဖွင့်ဆောင်ရွက်ခဲ့သည့်အတွက် စားသုံးသူရေးရာဦးစီးဌာနအနေဖြင့် တိုင်ကြားသူအားခေါ်ယူတွေ့ဆုံ၍ ရဲစခန်းတွင် အမှုဖွင့် တိုင်ကြားထားသဖြင့် စားသုံးသူကာကွယ်ရေးနည်းဥပဒေများ ပုဒ်မ ၈၀၊ ပုဒ်မခွဲ(ဂ)အရ တိုင်ကြားမှုအား ပိတ်သိမ်းသွားမည်ဖြစ်ပါကြောင်းနှင့် အွန်လိုင်းမှရောင်းချသော ကုန်စည်နှင့်ဝန်ဆောင်မှုများ ဝယ်ယူသုံးစွဲရာတွင် လိမ်လည်မှုများရှိနေသဖြင့် နောင်တွင် သတိပြုရန်နှင့် စားသုံးသူရေးရာဦးစီးဌာနမှ ထုတ်ပြန်ကြေညာချက်များအား အသိပညာပေးရှင်းလင်းပြောကြားခဲ့ပြီး တိုင်ကြားမှုကို ပိတ်သိမ်းဆောင်ရွက်ခဲ့ကြောင်း သိရှိရပါသည်။

Source: CICC

## စားသောက်ဆိုင်မှ ညှော်နံ့နံ့သဖြင့် တိုင်ကြားခြင်း

စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာမြို့နေ တိုင်ကြားသူသည် နေအိမ်အနီးရှိ စားသောက်ဆိုင် တစ်ဆိုင်မှ ညှော်နံ့များကြောင့် ပတ်ဝန်းကျင်တွင် နေထိုင်သူများ၏ ကျန်းမာရေး ဆိုးဝါးစွာထိခိုက်လျက်ရှိသဖြင့် ဖြေရှင်းဆောင်ရွက်ပေးပါရန် ဆက်သွယ်တိုင်ကြားမှုအပေါ် တိုင်ကြားမှုနှင့်ပတ်သက်၍ စစ်ကိုင်းတိုင်းဒေသကြီးဦးစီးမှူးရုံးမှ တာဝန်ရှိသူများက တိုင်ကြားမှုသည် စားသုံးသူနစ်နာမှုမဟုတ်သည့်အတွက် စားသုံးသူကာကွယ်ရေးဥပဒေနှင့်အညီ အရေးယူဆောင်ရွက်နိုင်ခြင်းမရှိသဖြင့် တိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့၊ မုံရွာမြို့သို့ စည်ပင်သာယာရေးအဖွဲ့၏ လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်ပေးနိုင်ပါရန် ညှိနှိုင်းအကြောင်းကြားခဲ့ပါသည်။ မုံရွာမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ၂၁-၇-၂၀၂၃ ရက်နေ့ တွင် တိုင်ကြားခံရသည့် စားသောက်ဆိုင်အား ကွင်းဆင်းစစ်ဆေးရာ ဖွင့်လှစ်ရောင်းချနေသည့် ဆိုင်ခန်းသည် လူနေအိမ်များနှင့်နီးကပ်လျက်ရှိခြင်းကြောင့် ဆိုင်ခန်းအတွင်းရှိ မီးဖိုခန်းတွင် အစားအသောက်များ ချက်ပြုတ်ရာမှ ထွက်ရှိသောအနံ့ဆိုးများ၊ ညှော်နံ့များအား စနစ်တကျထုတ်လွှင့်ရန် မီးခိုးခေါင်းတိုင်များ ညှော်စုပ်ဆက်များ တပ်ဆင်ထားမှုမရှိကြောင်း စစ်ဆေးတွေ့ရှိရသဖြင့် ၎င်းဆိုင်မှထွက်ရှိသည့် အနံ့ဆိုးများ၊ ညှော်နံ့များကြောင့် ပတ်ဝန်းကျင်နေထိုင်သူများ ကျန်းမာရေးထိခိုက်မှုမရှိစေရန်အတွက် မီးခိုးခေါင်းတိုင်နှင့် ညှော်စုပ်ဆက်အား ၁၅-၈-၂၀၂၃ ရက်နေ့အပြီး တပ်ဆင်ဆောင်ရွက်သွားရန်နှင့် ဆောင်ရွက်မှုမရှိပါက စည်ပင်သာယာရေးဥပဒေနှင့်အညီ တရားစွဲဆိုအရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဝန်ခံကတိပြု လက်မှတ်ရေးထိုးစေခဲ့ပါသည်။ ၁၆-၈-၂၀၂၃ ရက်နေ့တွင် မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ တိုင်ကြားခံရသည့် စားသောက်ဆိုင်အား ကွင်းဆင်းစစ်ဆေးရာ ဝန်ခံကတိပြုထားသည့်အတိုင်း ဆောင်ရွက်ပြီးဖြစ်ပါကြောင်း ဓါတ်ပုံမှတ်တမ်းများနှင့်တကွ ပေးပို့အကြောင်းကြားလာမှုအပေါ် စားသုံးသူရေးရာဦးစီးဌာနမှ တာဝန်ရှိသူများက တိုင်ကြားသူထံ ဆက်သွယ်

ရှင်းလင်းပြောကြားခဲ့ရာ ကျေနပ်မှုရှိပါကြောင်း ပြန်လည်ပြောကြားခဲ့သဖြင့် တိုင်ကြားမှုကို ပိတ်သိမ်းခဲ့ကြောင်း သိရှိရပါသည်။

Source: CICC

## ပညာရေးဝန်ဆောင်မှုနှင့်ပတ်သက်၍ တိုင်ကြားခြင်း

မန္တလေးတိုင်းဒေသကြီး၊ မဟာအောင်မြေမြို့နယ်နေ တိုင်ကြားသူတစ်ဦးသည် ၁၀-၅-၂၀၂၃ ရက်နေ့တွင် Landon Business Acamdemy ကျောင်းတွင် University of Chichester မှ MBA ဘွဲ့ရရှိမည်ဟု ကြော်ငြာထားသည့်အတွက် ကျောင်းလခ ၁၂,၁၉၂,၀၀၀/-ကျပ်အား ပေးသွင်းပြီး ကျောင်းတက်ခဲ့ရာ ကျောင်းတက်ချိန် (၁)နှစ် (၆)လခန့်ကြာသည်အထိ MBA ဘွဲ့မရရှိသေးဘဲ Diploma လက်မှတ်သာရရှိခြင်း၊ Landon Business Acamdemy မှ Diploma လက်မှတ်သာရရှိခြင်း University of Chichester မှ Thesis အား အောင်မြင်ပြီးမြောက်မှသာ University of Chichester မှ MBA ဘွဲ့ရရှိမည်ဖြစ်သော်လည်း Landon Business Acamdemy နှင့် University of Chichester မှာ ချိတ်ဆက်မှုမရှိတော့သည်ကို ပွင့်လင်းမြင်သာမှုရှိစွာ ချပြမှုမရှိခြင်းတို့ကြောင့် Website Complaint System မှ တဆင့် ဆက်သွယ်တိုင်ကြားလာပါသည်။ တိုင်ကြားမှုနှင့်ပတ်သက်၍ စားသုံးသူရေးရာဦးစီးဌာန၊ မန္တလေးတိုင်းဒေသကြီးဦးစီးမှူးရုံး၏ စေ့စပ်ညှိနှိုင်းပေးမှုအရ London Business University မှ တိုင်ကြားသူအား ကျပ်သိန်း(၁၁၀) ပြန်အမ်းပေးရန်၊ ပြန်အမ်းငွေတစ်ဝက် (၅၅)သိန်းကျပ်အား သဘောတူစာချုပ်ချုပ်ဆိုသည့်နေ့တွင် ပထမအကြိမ် ပေးချေရမည်ဖြစ်ပြီး ကျန်ရှိငွေတစ်ဝက်အား ဒုတိယအကြိမ် ရက်ပေါင်း (၉၀)အတွင်း ပြန်အမ်းပေးရန် သဘောတူညီမှုရရှိခဲ့ပါသည်။ သဘောတူညီချက်အရ ၈-၈-၂၀၂၃ ရက်နေ့တွင် ပထမအကြိမ် ငွေကျပ်(၅၅)သိန်း ပေးချေခဲ့ပြီး၊ ၉-၁၁-၂၀၂၃ ရက်နေ့တွင် ဒုတိယအကြိမ် ငွေကျပ်(၅၅)သိန်း အပြေအကြေပေးချေခဲ့ပြီးဖြစ်သဖြင့် တိုင်ကြားသူမှာလည်း ကျေနပ်မှုရှိပါသောကြောင့် တိုင်ကြားမှုအား ပိတ်သိမ်းဆောင်ရွက်ခဲ့ကြောင်း သိရှိရပါသည်။

Source: CICC

## ထုတ်ကုန်လုံခြုံစိတ်ချရမှုကဏ္ဍ

### ကုန်အညွှန်းအမှတ်အသားစိစစ်ခြင်း

စားသုံးသူကာကွယ်ရေးဥပဒေ ၂၀၁၉၊ အခန်း (၁၈) တွင် ကုန်အညွှန်းအမှတ်အသားဖော်ပြခြင်းနှင့် စပ်လျဉ်းသည့် အချက်အလက်များကို ပြဋ္ဌာန်းထားပြီး ကုန်အညွှန်းအမှတ်အသား ဖော်ပြရာတွင် မြန်မာဘာသာဖြင့် ဖော်ပြရန်လိုအပ်သည့် အသေးစိတ်အချက်များကိုလည်း စီးပွားရေးလုပ်ငန်းရှင်များလိုက်နာရန်အတွက် မြန်မာနိုင်ငံ စားသုံးသူကာကွယ်ရေးကော်မရှင်မှ ညွှန်ကြားချက်အမှတ် (၂/၂၀၁၉) ဖြင့် ထုတ်ပြန်ထားပြီးဖြစ်ပါသည်။ ထုတ်ကုန်လုံခြုံစိတ်ချရမှုဌာနခွဲအနေဖြင့် ကုန်စည်များတွင် မြန်မာဘာသာဖြင့် ကုန်အညွှန်းအမှတ်အသား ဖော်ပြထားခြင်းအား ညွှန်ကြားချက် (၂/၂၀၁၉) နှင့်အညီ စိစစ်ဆောင်ရွက်ပေးလျက်ရှိပြီး ၂၀၂၃ ခုနှစ်၊ ဇန်နဝါရီလမှ ဒီဇင်ဘာလအတွင်း တိုင်းဒေသကြီး/ပြည်နယ်များမှ တင်ပြလာသည့် ကုန်စည်များကို အောက်ပါ အတိုင်း စိစစ်ဆောင်ရွက်ပေးခဲ့ပါသည်-

| စဉ် | လအမည် | စိစစ်ရန်တင်ပြလာမှုအခြေအနေ | | ခွင့်ပြုခဲ့သည့်အခြေအနေ | |
|---|---|---|---|---|---|
| | | ကုမ္ပဏီ | ကုန်ပစ္စည်း | ကုမ္ပဏီ | ကုန်ပစ္စည်း |
| ၁ | ဇန်နဝါရီလ | ၄၆ | ၁၃၉ | ၄၆ | ၁၃၉ |
| ၂ | ဖေဖော်ဝါရီလ | ၄၂ | ၁၉၂ | ၄၂ | ၁၉၂ |
| ၃ | မတ်လ | ၄၂ | ၁၄၇ | ၄၂ | ၁၄၇ |
| ၄ | ဧပြီလ | ၃၆ | ၉၉ | ၃၅ | ၉၅ |
| ၅ | မေလ | ၅၁ | ၁၂၀ | ၅၁ | ၁၂၀ |
| ၆ | ဇွန်လ | ၄၈ | ၈၈ | ၄၈ | ၈၈ |
| ၇ | ဇူလိုင်လ | ၆၀ | ၁၃၉ | ၆၀ | ၁၃၉ |
| ၈ | ဩဂုတ်လ | ၆၈ | ၂၂၂ | ၆၈ | ၂၂၂ |
| ၉ | စက်တင်ဘာလ | ၆၀ | ၁၄၄ | ၆၀ | ၁၄၄ |
| ၁၀ | အောက်တိုဘာလ | ၇၈ | ၂၃၉ | ၇၈ | ၂၂၃ |
| ၁၁ | နိုဝင်ဘာလ | ၅၀ | ၁၃၁ | ၅၀ | ၁၃၁ |
| ၁၂ | ဒီဇင်ဘာလ | | | | |
| | **စုစုပေါင်း** | **၅၈၁** | **၁၆၆၀** | **၅၈၀** | **၁၆၄၀** |

| တိုင်းဒေသကြီး/ ပြည်နယ်အလိုက် ဈေးကွက်အတွင်းရှိ ကုန်စည်များအား စောင့်ကြည့်စစ်ဆေးခဲ့မှု အခြေအနေ<br>(၂၀၂၃ ခုနှစ် နိုဝင်ဘာလ ၁ ရက်နေ့မှ ၃၀ ရက်နေ့အထိ ) | | | | |
|---|---|---|---|---|
| စဉ် | တိုင်းဒေသကြီး/ ပြည်နယ် | စစ်ဆေးခဲ့သည့် အကြိမ်ရေ | စစ်ဆေးခဲ့သည့် ကုန်စည်အုပ်စု | မှတ်ချက် |
| ၁ | ကချင်ပြည်နယ် | ၃၁ | ၁ | အစားအသောက်များ |
| ၂ | ကယားပြည်နယ် | - | - | - |
| ၃ | ကရင်ပြည်နယ် | ၁၁ | ၁ | အစားအသောက်များ |
| ၄ | ချင်းပြည်နယ် | ၁ | ၁ | အစားအသောက်များ |
| ၅ | မွန်ပြည်နယ် | ၁၈ | ၂ | အစားအသောက်များ၊ ဆေးဝါးနှင့် ဖြည့်စွက်စာများ |
| ၆ | ရခိုင်ပြည်နယ် | ၂၁ | ၄ | အစားအသောက်များ၊ လူသုံးကုန်ပစ္စည်းများ၊ အလှကုန်ပစ္စည်းများ၊ ဆေးဝါးနှင့် ဖြည့်စွက်စာများ |
| ၇ | ရှမ်းပြည်နယ်(တောင်ကြီး) | ၁၁ | ၂ | အစားအသောက်များနှင့် လူသုံးကုန်ပစ္စည်းများ |
| ၈ | ရှမ်းပြည်နယ်(ကျိုင်းတုံ) | ၆ | ၂ | အစားအသောက်များနှင့် လူသုံးကုန်ပစ္စည်းများ |
| ၉ | ရှမ်းပြည်နယ်(လားရှိုး) | - | - | - |
| ၁၀ | ပြည်ထောင်စုနယ်မြေ | ၇ | ၃ | အစားအသောက်များ၊ လူသုံးကုန်ပစ္စည်းများနှင့် ဆေးဝါးနှင့်ဖြည့်စွက်စာများ |
| ၁၁ | စစ်ကိုင်းတိုင်းဒေသကြီး | ၂၇ | ၂ | အစားအသောက်များ၊ ဆေးဝါးနှင့် ဖြည့်စွက်စာများ |
| ၁၂ | ပဲခူးတိုင်းဒေသကြီး | ၈၈ | ၃ | ဆေးဝါးနှင့် ဖြည့်စွက်စာများ၊ လူသုံးကုန်ပစ္စည်းများ၊ စားသောက်ကုန်များ |
| ၁၃ | မန္တလေးတိုင်းဒေသကြီး | ၄၂ | ၃ | အစားအသောက်များ၊ ဆေးဝါးနှင့် ဖြည့်စွက်စာများ၊ အလှကုန်ပစ္စည်းများ |
| ၁၄ | မကွေးတိုင်းဒေသကြီး | ၅၈ | ၃ | အစားအသောက်များ၊ ဆေးဝါးနှင့် ဖြည့်စွက်စာများ၊ လူသုံးကုန်ပစ္စည်းများ |
| ၁၅ | တနင်္သာရီတိုင်းဒေသကြီး | ၁၃ | ၂ | ဆေးဝါးနှင့် ဖြည့်စွက်စာများ၊ အစားအသောက်များ |
| ၁၆ | ရန်ကုန်တိုင်းဒေသကြီး | ၁၅၁၆ | ၁ | အစားအသောက်များ |
| ၁၇ | ဧရာဝတီတိုင်းဒေသကြီး | ၁၂၂ | ၂ | အစားအသောက်များ၊ ဆေးဝါးနှင့် ဖြည့်စွက်စားများ |
| | ပေါင်း | ၁၉၇၂ | | |

## ကုန်အညွှန်းအမှတ်အသားတင်ပြလာမှုအခြေအနေ




## ကုန်အညွှန်းအမှတ်အသား စိစစ်ခွင့်ပြုခဲ့သည့် အခြေအနေ



## စားသုံးသူအသိပညာပေးရေးကဏ္ဍ

### နေပြည်တော်ကောင်စီ

ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်ဦးစီးမှူးရုံးအနေဖြင့် စားသုံးသူကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် စားသုံးသူအသိပညာပေးခြင်း၊ စီးပွားရေးလုပ်ငန်းရှင်များနှင့် တွေ့ဆုံဆွေးနွေးခြင်းနှင့် အလုပ်ရုံဆွေးနွေးပွဲစသည့်လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိရာ ၂၀၂၃ ခုနှစ်အတွင်း အသိပညာပေး ဟောပြောပွဲဆွေးနွေးခြင်းကို နေပြည်တော်ဦးစီးမှူးရုံးအနေဖြင့် (၃၈) ကြိမ်၊ လုပ်ငန်းရှင်များနှင့် တွေ့ဆုံဆွေးနွေးခြင်း (၂၆)ကြိမ်၊ သင်တန်းဖွင့်လှစ်ခြင်း (၁)ကြိမ်၊ အလုပ်ရုံ ဆွေးနွေးပွဲ (၂)ကြိမ်၊ ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်ဦးစီးမှူးရုံး စားသုံးသူရေးရာကော်မတီအစည်းအဝေးကျင်းပခြင်း (၃)ကြိမ် တို့ကိုဆောင်ရွက်နိုင်ခဲ့ပါသည်။

ထို့အပြင် စားသုံးသူကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် စားသုံးသူများ ဘေးကင်းလုံခြုံ စိတ်ချရရုံသာမက ထုတ်ကုန်များ အရည်အသွေးတိုးမြှင့်စေရေးအတွက် သက်ဆိုင်ရာ ကဏ္ဍအလိုက်ဌာန ဆိုင်ရာများ၊ အသင်းအဖွဲ့များ၊ လုပ်ငန်းရှင်များ၊ စားသုံးသူများကို ဖိတ်ကြားပြီး “ဒေသထွက်သီးနှံ ပို့ကုန် တင်ပို့မှု ဖွံ့ဖြိုးတိုးတက်ရေး” ခေါင်းစဉ်ဖြင့် အလုပ်ရုံဆွေးနွေးပွဲ (၁)ကြိမ်၊ “ဆန်စပါးဥပဒေမူကြမ်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားခြင်း” ခေါင်းစဉ်ဖြင့် အလုပ်ရုံဆွေးနွေးပွဲ (၁)ကြိမ် စုစုပေါင်း(၂)ကြိမ် ကျင်းပ ဆောင်ရွက်နိုင်ခဲ့ပါသည်။

### ရန်ကုန်တိုင်းဒေသကြီး

ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံးအနေဖြင့် ၂၀၂၃ ခုနှစ်အတွင်း စားသုံးသူကာကွယ်ရေးဆိုင်ရာ အသိပညာပေး ဟောပြောပွဲများကို ရန်ကုန်တိုင်းဒေသကြီး၊ ခရိုင်နှင့်မြို့နယ်များအတွင်းရှိ ကျောင်းများ၊ ဈေးများ နှင့် တက္ကသိုလ်များတွင် ဆောင်ရွက်ခြင်း၊ စားသုံးသူပြည်သူများအနေဖြင့် ယင်းတို့ရရှိမည့် အခွင့်အရေးများကို ပိုမိုသိရှိလာပြီး တောင်းဆိုနိုင်စေရန်အတွက် ရည်ရွယ်၍ စားသုံးသူရေးရာဦးစီးဌာနမှ ဝန်ထမ်းများသည် သက်ဆိုင်ရာခရိုင်၊ မြို့နယ်များရှိ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့်ပူးပေါင်း၍ Talk Show အစီအစဉ်ဖြင့် ဆောင်ရွက်ခြင်း၊ ဆက်စပ်ဝန်ကြီးဌာန၊ အဖွဲ့အစည်းများနှင့်ပူးပေါင်း၍ ဆောင်ရွက်ခြင်းစသည် ဖြင့် စားသုံးသူကာကွယ်ရေးလုပ်ငန်းများကို ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်လျက်ရှိရာ စုစုပေါင်း (၈၈) ကြိမ် ဆောင်ရွက်နိုင်ခဲ့ပါသည်။

ထို့အပြင် စားသုံးသူကာကွယ်ရေးများကို ပိုမိုထိရောက်စွာဆောင်ရွက်နိုင်ရန်အတွက် စားသုံးသူ တစ်ယောက်တည်းကို အသိပညာပေးခြင်းသာမက စီးပွားရေးလုပ်ငန်းရှင်များပါ အသိပေးခြင်းများ ဆောင်ရွက်ရ မည့်ဖြစ်သည့်အတွက် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ကုန်စည် သို့မဟုတ် ဝန်ဆောင်မှုတို့ကို ထုတ်လုပ် ဖြန့်ဖြူးရောင်းချလျက်ရှိသော စီးပွားရေးလုပ်ငန်းရှင်များနှင့်တွေ့ဆုံ၍ စားသုံးသူကာကွယ်ရေးဥပဒေတွင် ပြဋ္ဌာန်းထားသည့် စီးပွားရေးလုပ်ငန်းရှင်များလိုက်နာဆောင်ရွက်ရမည့် တာဝန်များအပါအဝင် ကုန်အညွှန်း

အမှတ်အသားဖော်ပြခြင်းဆိုင်ရာ ပြဋ္ဌာန်းချက်များကို နားလည်သဘောပေါက်စေရန်အတွက် စီးပွားရေးလုပ်ငန်းရှင်များနှင့် တွေ့ဆုံဆွေးနွေးမှုများကို စုစုပေါင်း (၆၅) ကြိမ် ဆောင်ရွက်နိုင်ခဲ့ပါသည်။

စားသုံးသူများအနေဖြင့် ဝယ်ယူသုံးစွဲလျက်ရှိသည့် ကုန်စည် သို့မဟုတ် ဝန်ဆောင်မှုများကို ဘေးအန္တရာယ်ကင်းရှင်းစွာအသုံးပြုနိုင်ရေးအတွက် ဈေးကွက်စောင့်ကြည့်စစ်ဆေးခြင်းကို (၂၄၂၃၅) ကြိမ် ဆောင်ရွက်နိုင်ခဲ့ပါသည်။ ထို့အပြင် ရန်ကုန်တိုင်းဒေသကြီးအတွင်း ကုန်စည် ထုတ်လုပ်ဖြန့်ဖြူးရောင်းချလျက်ရှိသော စီးပွားရေးလုပ်ငန်းရှင်များအနေဖြင့် စားသုံးသူများအား သတင်းအချက်အလက် ပြည့်ဝစွာပေးအပ်နိုင်စေရန်နှင့် ဘေးအန္တရာယ်ကင်းရှင်းစွာ အသုံးပြုနိုင်စေရန်နှင့် ကုန်အညွှန်းအမှတ်အသားဖော်ပြခြင်းနှင့်စပ်လျဉ်း၍ စားသုံးသူကာကွယ်ရေးဥပဒေ၊ အခန်း (၁၈) ပါပြဋ္ဌာန်းချက်များနှင့် အညီဖော်ပြနိုင်စေရန်တို့အတွက် ကုန်အညွှန်းအမှတ်အသားဆိုင်ရာဖော်ပြချက်များကို စိစစ်ပေးမှုများဆောင်ရွက်ခြင်းနှင့် ဥပဒေပါအချက်အလက်များရှင်းလင်းဆွေးနွေးခြင်း၊ လက်ကမ်းစာစောင်များဖြန့်ဝေခြင်းတို့ကို ဆောင်ရွက်နိုင်ခဲ့ပါသည်။

ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ စားသုံးသူပြည်သူများ ကုန်စည် သို့မဟုတ် ဝန်ဆောင်မှုများကို ဝယ်ယူသုံးစွဲခြင်းကြောင့် နစ်နာဆုံးရှုံးမှုများဖြစ်ပေါ်လာပါက တိုင်ကြားနိုင်မှုနည်းလမ်းများဖြစ်သည့် တိုင်းဒေသကြီးဦးစီးမှူးရုံးနှင့် ခရိုင်များဖွင့်လှစ်ထားသည့် စားသုံးသူသတင်း ပြန်ကြားရေးနှင့် တိုင်ကြားမှုလက်ခံ ဆောင်ရွက်ရေးစင်တာများမှ တစ်ဆင့်လည်းကောင်း၊ www.doca.gov.mm Websiteမှ တစ်ဆင့်လည်းကောင်း၊ Consumer Call Center မှတစ်ဆင့်လည်းကောင်း အလွယ်တကူ တိုင်ကြားနိုင်ရန်အတွက် ဆောင်ရွက်ထားရှိပြီး တိုင်ကြားမှုများအား လက်ခံ၍ စေ့စပ်ညှိနှိုင်းဖြေရှင်းပေးခြင်း၊ စီမံခန့်ခွဲရေးနည်းလမ်းများအရ အရေးယူဆောင်ရွက်ခြင်းတို့ဖြင့် ဖြေရှင်းဆောင်ရွက်နိုင်ခဲ့ပါသည်။ ၂၀၂၃ ခုနှစ်အတွင်း တိုင်ကြားမှု (၁၄၈) မှုရှိပြီး (၁၀၂) မှုအား ဖြေရှင်းဆောင်ရွက်နိုင်ခဲ့ပါသည်။

ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံးမှ စားသုံးသူများအနေဖြင့် ကုန်စည်များကို အသုံးပြုရာတွင် ဘေးအန္တရာယ်ကင်းရှင်းစွာ အသုံးပြုခွင့်ရရှိစေရန်၊ ကုန်စည်များနှင့် ပတ်သက်ပြီး လိုအပ်သော သတင်းအချက်အလက်များ အပြည့်အဝရရှိစေရန်နှင့် စီးပွားရေးလုပ်ငန်းရှင်များအနေဖြင့်လည်း လိုက်နာရမည့်တာဝန်များကို ပိုမိုသိရှိ နားလည်စေရန်အတွက် ရည်ရွယ်၍ ပြည့်စုံမှန်ကန်သော ကုန်အညွှန်းအမှတ်အသားများမှတစ်ဆင့် ကောင်းမွန်သန့်ရှင်းသော ပတ်ဝန်းကျင်ဆီသို့ အလုပ်ရုံဆွေးနွေးပွဲ ကျင်းပပြုလုပ်ခဲ့ခြင်းဖြင့် အခြားဌာနဆိုင်ရာ၊ အဖွဲ့အစည်းနှင့် အသင်းအဖွဲ့များ၏ လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများ၊ ဆက်စပ်ဌာနများ၏ ဥပဒေများကို ပိုမိုသိရှိနားလည်ပြီး တက်ရောက်လာသည့် စီးပွားရေးလုပ်ငန်းရှင်များအနေဖြင့် လက်တွေ့ဆောင်ရွက်ရာတွင် ကြုံတွေ့နေရသည့် အခက်အခဲများ သိရှိလာခြင်းစသော အကျိုးကျေးဇူးများဖြင့် အောင်မြင်စွာ ကျင်းပပြုလုပ်နိုင်ခဲ့ပါသည်။

ထို့ကြောင့် ၂၀၂၃ ခုနှစ်အတွင်း ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံးအနေဖြင့် တိုင်းဒေသကြီးအတွင်းရှိ စားသုံးသူပြည်သူများ စားသုံးသူအခွင့်အရေးအပြည့်အဝရရှိစေရေး၊ ဘေးအန္တရာယ်ကင်းရှင်းသည့် ကုန်စည်

သို့မဟုတ် ဝန်ဆောင်မှုများကို ဝယ်ယူသုံးစွဲနိုင်ရေး၊ စားသုံးသူများ၏ နစ်နာဆုံးရှုံးမှုများနှင့်ပတ်သက်၍ တိုင်ကြားမှုများကို ဖြေရှင်းဆောင်ရွက်နိုင်ရေး ဈေးကွက်စောင့်ကြည့်စစ်ဆေးခြင်းစသည့် ကိစ္စရပ်များကို စားသုံးသူကာကွယ်ရေးဥပဒေနှင့်အညီဆောင်ရွက်ခြင်း၊ သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများနှင့်ပူးပေါင်း ဆောင်ရွက်ခြင်းတို့ကို ဆောင်ရွက်နိုင်ခဲ့ပါသည်။

## မန္တလေးတိုင်းဒေသကြီး

မန္တလေးတိုင်းဒေသကြီးဦးစီးမှူးရုံးအနေဖြင့် ၂၀၂၃ ခုနှစ်အတွင်း ဆောင်ရွက်ခဲ့သည့် လုပ်ငန်း ဆောင်ရွက်မှုအနေဖြင့် စားသုံးသူအသိပညာပေးဟောပြောခြင်းများကို တက္ကသိုလ်/ ကောလိပ်များ၊ အခြေခံ ပညာကျောင်းများ၊ ရပ်ကွက်/ကျေးရွာများ၊ ဈေးများ၊ စားသုံးဆီဆိုင်များ၊ စက်သုံးဆီဆိုင်များ စတိုးဆိုင်များ တွင် (၂၅၇) ကြိမ်၊ လုပ်ငန်းရှင်များနှင့်တွေ့ဆုံခြင်း (၄၂၅) ကြိမ်၊ ဈေးကွက်စောင့်ကြည့်စစ်ဆေးခြင်း (၄၀၄ ) ကြိမ်၊ သတင်းဆောင်းပါး ရေးသားမှု (၃၉၄)ပုဒ် အနက် Commerce Journal နှင့် Website တွင် သတင်း ပါဝင်မှု (၃၈၉) ပုဒ်၊ စားသုံးသူတိုင်ကြား မှုများနှင့်စပ်လျဉ်း၍ ၂၀၂၃ခုနှစ် ဇန်နဝါရီလမှ ဒီဇင်ဘာလအတွင်း လက်ခံဖြေရှင်းဆောင်ရွက်မှု (၄၇) မှုကို ဖြေရှင်းဆောင်ရွက်နိုင်ခဲ့ပါသည်။

ထို့အပြင် ပြည်တွင်းကုန်သွယ်ရေးမြှင့်တင်ရေးကိစ္စများ၊ စားသုံးဆီ၊ စက်သုံးဆီ၊ ဆေးဝါးများ ပြတ်လပ်မှု မရှိစေရေးနှင့် ဈေးကွက်တည်ငြိမ်ရေးကိစ္စများ၊ တောင်သူလယ်သမား အကျိုးစီးပွား မြှင့်တင်ရေးကိစ္စများ၊ အသင်းအဖွဲ့များအားကောင်း ခိုင်မာရေးကိစ္စများ၊ ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုး တိုးတက်ရေးကိစ္စများ၊ ပို့ကုန်ဝင်ငွေ ပြန်လည်ရရှိရေးကိစ္စများ၊ အသေးစား၊ အလတ်စား(SMEs) များ ဖွံ့ဖြိုးတိုးတက်ရေးကိစ္စများ၊ ကုန်သွယ်မှုနှင့် ကုန်စည်စီးဆင်းမှုများ မှန်ကန်မြန်ဆန်စေရေး ကိစ္စများ၊ ပြည်ပပို့ကုန်တိုးမြှင့် တင်ပို့နိုင်ရေးကိစ္စများစသည့် လုပ်ငန်းတာဝန်များအား ရုံးချုပ်နှင့် တိုင်းဒေသကြီးအစိုးရအဖွဲ့တို့၏ လမ်းညွှန်မှုများအရ အခြားသက်ဆိုင်ရာ တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာများနှင့်ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ခဲ့ပါသည်။

မန္တလေးတိုင်းဒေသကြီးဦးစီးမှူးရုံးအနေဖြင့် စားသုံးဆီ အဓိကဖြန့်ဖြူးရောင်းချသူများနှင့် တစ်ဆင့်ခံ ရောင်းချသူများ၏ စားသုံးဆီများတွင် အန္တရာယ်ဖြစ်စေနိုင်သော ဓာတုပစ္စည်းများနှင့် အခြားပစ္စည်းများ ရောနှောမှု၊ ဆီအတုပြုလုပ်မှု မရှိစေရေးအတွက် တိုင်းဒေသကြီးစားသုံးသူရေးရာ ဦးစီးဌာန၊ အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ မန္တလေးမြို့တော်စည်ပင် သာယာရေးကော်မတီနှင့် သက်ဆိုင်ရာ ရပ်ကွက်အုပ်ချုပ်ရေးမှူးများပါဝင်သောအဖွဲ့ဖြင့် ဆီစက် (၂) စက်နှင့် ဆိုင်(၁၄) နေရာမှ ဆီနမူနာ (၃၀) မျိုး အား ကောက်ယူပြီး အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန (နေပြည်တော်)သို့ ပေးပို့စစ်ဆေးခဲ့ရာ ဆီစက် (၁) ခုနှင့်ဆိုင် (၅) ဆိုင်မှ ဓာတ်ခွဲအဖြေများအရ ပဲဆီ၏စံသတ်မှတ်ချက်များနှင့် ကိုက်ညီမှုမရှိကြောင်း တွေ့ရှိရသည့်အတွက် အဆိုပါစစ်ဆေးတွေ့ရှိခဲ့သည့် ဆီစက်(၁)ခုနှင့်ဆိုင်(၅) ဆိုင်တို့အား စားသုံးသူ ကာကွယ်ရေးဥပဒေပုဒ်မ-၇၁(က)အရ စားသုံးသူရေးရာဦးစီးဌာန၊ မန္တလေးတိုင်းဒေသကြီးဦးစီးမှူးရုံး၏ စစ်ဆေးရေးအရာရှိများမှ တရားလိုပြုလုပ်တရားစွဲဆိုဆောင်ရွက်လျှက်ရှိပါသည်။

ထို့နောက် ဦးစားပေးကုန်စည် (၁၀)မျိုးတွင် ပါဝင်သော စားသုံးဆီအမှတ်တံဆိပ် (၆၈)မျိုးမှာ စားသုံးသူကာကွယ်ရေးဥပဒေပါ ကုန်အညွှန်းအမှတ်အသားပြဌာန်းချက်များနှင့် ကိုက်ညီကြောင်း စိစစ်တွေ့ရှိ

ရပြီး စားသုံးဆီအမှတ်တံဆိပ် (၂)မျိုးသည် စီးပွားရေးနှင့်ကူးသန်း ရောင်းဝယ်ရေးဝန်ကြီးဌာနမှ ထုတ်ပြန်ကြေညာထားသော ဟင်းသီးဟင်းရွက်ဆီ (Vegetable Oil, Cooking Oil) နှင့်စပ်လျဉ်း၍ ကုန်အညွှန်းအမှတ်အသားဖော်ပြရာတွင် စီးပွားရေးလုပ်ငန်းရှင်များ လိုက်နာဆောင်ရွက်ရန် ညွှန်ကြားချက်အမှတ် (၁/၂၀၂၁) ကို ဖောက်ဖျက်ခြင်းနှင့် စားသုံးဆီ အမှတ်တံဆိပ် (၁)မျိုးသည် စားသုံးသူကာကွယ်ရေးဥပဒေပုဒ်မ ၂၃(ခ) တို့ကို လိုက်နာမှုမရှိကြောင်း စိစစ်တွေ့ရှိရခြင်း၊ အသင့်သောက်အချိုရည်အမျိုးမျိုးနှင့် ပတ်သက်၍ မန္တလေးတိုင်းဒေသကြီးအတွင်း ဈေးကွက်စောင့်ကြည့်စစ်ဆေးခဲ့ရာ ပြည်တွင်း/ ပြည်ပမှ ထုတ်လုပ်တင်သွင်းသည့် အချိုရည် (၃၅)မျိုးတို့သည် စားသုံးသူကာကွယ်ရေးဥပဒေပါ ကုန်အညွှန်းအမှတ်အသား ပြဋ္ဌာန်းချက်များနှင့် ကိုက်ညီမှုရှိကြောင်းတွေ့ရှိရပြီး အချိုရည် (၃၀) မျိုးမှာ မြန်မာနိုင်ငံစားသုံးသူကာကွယ်ရေးကော်မရှင်မှ ထုတ်ပြန်ထားသော ကုန်စည်များတွင် မြန်မာဘာသာဖြင့်ဖြစ်စေ၊ မြန်မာဘာသာနှင့် အခြားဘာသာတစ်ခု သို့မဟုတ် တစ်ခုထက်ပို၍ တွဲလျက်ဖြစ်စေ ဖော်ပြရာ၌ စီးပွားရေးလုပ်ငန်းရှင်များ လိုက်နာဆောင်ရွက်ရန် ညွှန်ကြားချက် အမှတ် (၂/၂၀၁၉) ကို ဖောက်ဖျက်ကြောင်း စိစစ်တွေ့ရှိရခြင်း၊ စားသုံးဆီအမျိုးမျိုးနှင့်ပတ်သက်၍ ဈေးကွက်စောင့်ကြည့်စစ်ဆေးခဲ့ရာတွင်လည်း စိစစ်တွေ့ရှိရသည့်အတွက် တိုင်းဒေသကြီး ဦးစီးမှူးရုံးမှ ထုတ်လုပ်ဖြန့်ဖြူး ရောင်းချသည့် စီးပွားရေးလုပ်ငန်းရှင်များအား သတိပေးခြင်း အမိန့် ချမှတ်ဆောင်ရွက်ခဲ့ပြီးဖြစ်ပါသည်။

ထပ်မံ၍ ကလေးအဟာရဖြည့်စွက်စာအမျိုးမျိုးနှင့်ပတ်သက်၍ ဈေးကွက်စောင့်ကြည့်စစ်ဆေးခဲ့ရာ (၂၀)မျိုးမှာ စားသုံးသူကာကွယ်ရေးဥပဒေပါ ကုန်အညွှန်းအမှတ်အသားပြဋ္ဌာန်းချက်များနှင့် ကိုက်ညီမှုရှိကြောင်း တွေ့ရှိရပြီး(၁)မျိုးမှာ ကိုက်ညီမှုမရှိကြောင်း တွေ့ရှိရသည့်အတွက် အရေးယူဆောင်ရွက်သွားရန် မန္တလေးတိုင်းဒေသကြီးစားသုံးသူရေးရာကော်မတီသို့ တင်ပြထားပြီးဖြစ်ပါသည်။ သောက်ရေသန့်အမျိုးမျိုးနှင့် ပတ်သက်၍ ဈေးကွက်စောင့်ကြည့်စစ်ဆေးခဲ့ရာ (၃၆) မျိုးမှာ စားသုံးသူကာကွယ်ရေးဥပဒေပါ ကုန်အညွှန်းအမှတ်အသား ပြဋ္ဌာန်းချက်များနှင့် ကိုက်ညီမှုရှိကြောင်း တွေ့ရှိရပြီး (၂)မျိုးမှာ ကိုက်ညီမှုမရှိကြောင်း စိစစ်တွေ့ရှိရသည့်အတွက် အရေးယူသွားရန် မန္တလေးတိုင်းဒေသကြီးစားသုံးသူရေးရာကော်မတီ (၄/၂၀၂၃)သို့ တင်ပြဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရှိရပါသည်။

**ဧရာဝတီတိုင်းဒေသကြီး**

ဧရာဝတီတိုင်းဒေသကြီးဦးစီးမှူးရုံးအနေဖြင့် စားသုံးသူပြည်သူများ စီးပွားရေးလုပ်ငန်းရှင်များ စားသုံးသူကာကွယ်ရေးဥပဒေကို ကျယ်ကျယ်ပြန့်ပြန့်သိရှိနိုင်ရေးအတွက် ၂၀၂၃ခုနှစ် ဇန်နဝါရီလမှ နိုဝင်ဘာလအတွင်း အသိပညာပေးဟောပြောခြင်း (၄၂၄) ကြိမ်၊ စီးပွားရေးလုပ်ငန်းရှင်များနှင့် အသင်းအဖွဲ့များအားတွေ့ဆုံဆွေးနွေးခြင်း (၂၄၇) ကြိမ်နှင့် ပြန်ကြားရေးနှင့် ပြည်သူ့ ဆက်ဆံရေးဦးစီးဌာနနှင့်ပူးပေါင်း၍ Talk Show အစီအစဉ်ဆောင်ရွက်နိုင်မှု (၁၁၀) ကြိမ်၊ စားသုံးသူရေးရာကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဇန်နဝါရီတွင် (၁) ကြိမ်၊ မတ်လတွင် (၁) ကြိမ်၊ ဇူလိုင်လတွင် (၂) ကြိမ်နှင့် စက်တင်ဘာလတွင် (၁) ကြိမ်၊ စုစုပေါင်း (၅) ကြိမ်၊ စားသုံးသူတိုင်ကြားမှု (၁၇) မှု လက်ခံရရှိရရှိခဲ့ပြီး (၁၆) မှုကို ဖြေရှင်း ဆောင်ရွက်နိုင်ခဲ့ပါသည်။

ထို့ပြင် ကုန်စည်နှင့်ဝန်ဆောင်မှုများဝယ်ယူသုံးစွဲရာတွင် ဘေးအန္တရာယ်ကင်းရှင်းရေးနှင့်ထိခိုက်နစ်နာမှုများ မဖြစ်ပေါ်စေရေးအတွက် ဈေးများ၊ကျောင်းမုန့်ဈေးတန်းများ၊ ဆေးဆိုင်များ၊ ရပ်ကွက်/ ကျေးရွာများအတွင်းရှိ ကုန်စုံဆိုင်များ၊ စတိုဆိုင်များနှင့် super Marketများမှ ဈေးကွက်စောင့်ကြည့် စစ်ဆေးခြင်း(၁၁၁၇)ကြိမ်၊ ကုန်စည်အမျိုးအစားအလိုက် ကုန်အညွှန်းအမှတ်အသား ဖော်ပြချက်တွင် သတ်မှတ်ချက်များနှင့်အညီ ကိုက်ညီမှုရှိသည့် ကုန်ပစ္စည်းမျိုးစုံ (၅၄) မျိုးအား စိစစ်ပြန်ကြားပေးခြင်း လုပ်ငန်းများ ဆောင်ရွက်ခဲ့ပြီး ၊ Website တွင် သတင်းဖော်ပြနိုင်မှုအနေဖြင့် (၈၈၂) ပုဒ် ဖော်ပြနိုင်ခဲ့ပါသည်။

စားသုံးသူရေးရာဦးစီးဌာန၏ မျှော်မှန်းချက်၊ ရည်မှန်းချက်များ ဌာန၏လုပ်ငန်းတာဝန်များ၊ မူဝါဒ များနှင့်အညီ အနာဂါတ်ကာလမှာ စားသုံးသူပြည်သူများ လုံခြုံစိတ်ချရမှုရှိစေရေး၊စားသုံးသူအခွင့်အရေးများ အပြည့်အဝရရှိရေး ကုန်စည်နှင့်ဝန်ဆောင်မှုများသုံးစွဲရာတွင် စားသုံးသူများ ဘေးအန္တရာယ်ကင်းရှင်းစေရေး တို့အတွက် အောင်မြင်အောင် အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ကြောင်းသိရှိပါသည်။

## စစ်ကိုင်းတိုင်းဒေသကြီး

စစ်ကိုင်းတိုင်းဒေသကြီးဦးစီးမှူးရုံးအနေဖြင့် စားသုံးသူအသိပညာပေးခြင်းလုပ်ငန်းများဆောင်ရွက် ကြရာတွင် ပထမဦးစားပေးအဖြစ် တက္ကသိုလ်၊ ကောလိပ်၊ သင်တန်းကျောင်းများ၊ ဒုတိယဦးစားပေးအဖြစ် အခြေခံပညာကျောင်းများ၊ တတိယဦးစားပေးအဖြစ်ဌာနဆိုင်ရာများ၊ ရပ်ကွက်ကျေးရွာများသို့ အသိပညာပေး ရန် စစ်ကိုင်းတိုင်းဒေသကြီး စားသုံးသူရေးရာကော်မတီက လျာထားခဲ့ရာ ၂၀၂၃ခုနှစ်၊ ဇန်နဝါရီလမှ ဒီဇင်ဘာလ အတွင်း တက္ကသိုလ်များတွင် (၅) ကြိမ်၊ အခြေခံပညာကျောင်းများတွင် (၄၁) ကြိမ်၊ ဌာနဆိုင်ရာများတွင် (၆၁) ကြိမ်၊ ရပ်ကွက်ကျေးရွာများတွင်(၁၀)ကြိမ် ဆောင်ရွက်နိုင်ခဲ့ပါသည်။ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံ ရေးဦးစီးဌာနနှင့် ပူးပေါင်း၍ Talk Show (၁၃) ကြိမ် ဆောင်ရွက်နိုင်ခဲ့ပါသည်။ ထို့အပြင် ကုန်စည်ထုတ်ကုန် ပစ္စည်းများ ဖြန့်ဖြူးရောင်းချသော စီးပွားရေးလုပ်ငန်းရှင်များကိုလည်း အသိပညာပေးခြင်းများ စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိရာ ၂၀၂၃ခုနှစ်၊ ဇန်နဝါရီလမှ ဒီဇင်ဘာလအတွင်း စီးပွားရေးလုပ်ငန်းရှင်များအား တွေ့ဆုံ အသိပညာပေးခြင်း (၃၁၇)ကြိမ်၊ အလုပ်ရုံဆွေးနွေး ပွဲ(၂)ကြိမ်၊ သင်တန်း(၃)ကြိမ် ဆောင်ရွက်နိုင်ခဲ့ပါသည်။

ထို့နောက် စားသုံးသူပြည်သူများ ဘေးကင်းလုံခြုံစိတ်ချရမှုရှိသော ကုန်စည်၊ဝန်ဆောင်မှုများအား ဝယ်ယူသုံးစွဲနိုင် ရေးဈေးကွက်အတွင်းရှိကုန်စည်၊ ဝန်ဆောင်မှုများအား ကုန်အညွှန်းအမှတ်အသားပြည့်စုံစွာ ဖော်ပြခြင်းရှိ/မရှိစစ်ဆေးခြင်း၊ သက်ဆိုင်ရာ ဌာနမှ ထောက်ခံချက်မရှိသော စားသုံးဆီများဖြန့်ဖြူးရောင်းချခြင်း ရှိ/မရှိစစ်ဆေးခြင်းများကို သက်ဆိုင်ရာဌာန အဖွဲ့အစည်းများနှင့်ပူးပေါင်း၍ စစ်ဆေးဆောင်ရွက်၍ တည်ဆဲ ဥပဒေများနှင့် အညီအရေးယူဆောင်ရွက်သွားနိုင်ရေး ဆောင်ရွက်လျက်ရှိပါသည်။ ထုတ်လုပ်သည့် စက်ရုံ အလုပ်ရုံ၊ အရောင်းဆိုင်နှင့်ဈေးဆိုင်များထိ သွားရောက်ဆွေးနွေးအသိပညာပေးကြရသည်။ ထိုသို့ သိပညာပေး ရာတွင် စားသုံးသူကာကွယ်ရေးဥပဒေပါ လုပ်ငန်းရှင်များလိုက်နာရမည့် အာမခံပေးရမည့် အချက်များကို လည်းကောင်း၊ တာဝန်နှင့် တားမြစ်ချက်များကိုလည်းကောင်း အသိပညာပေးဆွေးနွေးခဲ့ပါသည်။

ဌာနအနေဖြင့် စားသုံးသူအခွင့်အရေးနှင့်အကျိုးစီးပွားများကို ကာကွယ်ပေးရန်နှင့် အန္တရာယ်ရှိ ကုန်စည် များကို ဈေးကွက်တွင် ရောင်းချမှုမရှိစေရန်အတွက် ဈေးကွက်စောင့်ကြည့်စစ်ဆေးခြင်း လုပ်ငန်းများကိုလည်း

စည်ပင်သာယာဈေးများ၊ အရောင်းဆိုင်များသို့ ထုတ်ကုန်လုံခြုံစိတ်ချရမှုရှိစေရန် ကွင်းဆင်းဆောင်ရွက်လျက်ရှိရာ (၃၂၆) ကြိမ် ဆောင်ရွက်နိုင်ခဲ့သည်။ထို့အပြင် ၂၀၂၃ခုနှစ်တွင် စားသုံးသူနစ်နာမှုများအတွက် တိုင်ကြားမှု (၈) မှုရှိခဲ့ပြီး ဖြေရှင်းဆောင်ရွက်ပြီး(၆)မှုနှင့် ဖြေရှင်းကျန်(၂)မှု ရှိပါသည်။ စားသုံးသူနစ်နာမှုများကို တိုင်ကြားတတ်လာသော အလေ့အထအားနည်းနေသေးသောကြောင့် နစ်နာမှုများကို တိုင်ကြားနိုင်ကြစေရေး အလေးထားအသိပညာပေးဆောင်ရွက်လျက်ရှိပါသည်။

စစ်ကိုင်းတိုင်းဒေသကြီးစားသုံးသူရေးရာကော်မတီကိုတိုင်းဒေသကြီးစီးပွားရေးရာဝန်ကြီးကဥက္ကဋ္ဌအဖြစ် တာဝန်ယူဆောင်ရွက်လျက်ရှိပြီး စုစုပေါင်းအဖွဲ့ဝင်(၉)ဦးဖြင့် ဖွဲ့စည်းထားပါသည်။ လက်ရှိ ၂၀၂၃ ခုနှစ်ကုန်အထိ ကော်မတီအစည်းအဝေးကို(၄)ကြိမ်ကျင်းပနိုင်ခဲ့ပြီး ဖြစ်ပါသည်။ အဆိုပါ အစည်းအဝေးများတွင် ယခင်ဆောင်ရွက်ခဲ့သော စားသုံးသူကာကွယ်ရေးလုပ်ငန်းများအပေါ် သုံးသပ်ခြင်း၊ ရှေ့ဆက်လက်ဆောင်ရွက်ရမည့် လုပ်ငန်းချမှတ်ခြင်းများကို ဆောင်ရွက်လျက်ရှိပါသည်။

စစ်ကိုင်းတိုင်းဒေသကြီး စားသုံးသူရေးရာဦးစီးဌာနအနေဖြင့် ဌာနရည်မှန်းချက်များကို လိုက်ပါ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပြီး စားသုံးသူကာကွယ်ရေးလုပ်ငန်းများကို လျှာထားချက် ကျော်လွန်အောင်ဆောင်ရွက်လျက်ရှိပါကြောင်း သိရှိရပါသည်။

**ပဲခူးတိုင်းဒေသကြီး**

ပဲခူးတိုင်းဒေသကြီးဦးမှူးရုံးအနေဖြင့် စားသုံးသူများ ဘေးအန္တရာယ်ကင်းရှင်းရေး၊ ကျန်းမာရေးနှင့်စိတ်ကျေနပ်မှုရှိစေရေးတို့အတွက် အာမခံချက်ပေးနိုင်သည့် အရည်အသွေးမြင့်မားသော ကုန်စည်နှင့်ဝန်ဆောင်မှုများ ဖော်ဆောင်ဖြည့်ဆည်းပေးနိုင်ရန် အသိပညာပေးခြင်း၊ သက်ဆိုင်ရာ ခရိုင်/မြို့နယ်များရှိ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့်ပူးပေါင်း၍ အွန်လိုင်းမှတဆင့် စားသုံးသူကာကွယ်ရေးဆိုင်ရာအသိပညာပေး Talk Show အစီအစဉ်များဖြင့် ပညာပေးခြင်း၊ ဈေးကွက်အတွင်း ဈေးကွက်စောင့်ကြည့်စစ်ဆေးခြင်း၊ ပြည်တွင်း အလုပ်ရုံဆွေးနွေးပွဲများကျင်းပြခြင်း ၊ စီးပွားရေးလုပ်ငန်းရှင်များနှင့် တွေ့ဆုံဆွေးနွေးခြင်း၊ တိုင်းဒေသကြီး စားသုံးသူရေးရာကော်မတီအစည်းအဝေးကျင်းပခြင်းစသည့် ဆောင်ရွက်ထားရှိမှုများကို ၂၀၂၃ခုနှစ်အတွင်း စားသုံးသူကာကွယ်ရေးဆိုင်ရာ အသိပညာပေးလုပ်ငန်းများဆောင်ရွက်ရာတွင် တက္ကသိုလ်/ကောလိပ်၊ အခြေခံပညာ ကျောင်းများ၊ ရပ်ကွက်များ၊ ကျေးရွာများ၊ ဈေးများတို့တွင် (၆၇၈) ကြိမ် ၊ လုပ်ငန်းရှင်များနှင့်တွေ့ဆုံခြင်း (၈၃၉) ကြိမ် ပြုလုပ်နိုင်ခဲ့ပါသည်။

ပြည်တွင်း၌ ထုတ်လုပ်သော ကုန်စည်များနှင့် ပြည်ပမှတင်သွင်းလာသော ကုန်ပစ္စည်းများကို ဈေးကွက်စောင့်ကြည့်စစ်ဆေးလျက်ရှိရာ သက်ဆိုင်ရာခရိုင်/မြို့နယ်အဆင့် ဌာနဆိုင်ရာများနှင့်ပူးပေါင်း၍ ဈေးများ၊ စတိုးဆိုင်များ၊ Mini Market များသို့ သွားရောက်၍ ဈေးကွက်စောင့်ကြည်စစ်ဆေးခြင်း (၇၉၅) ကြိမ် ဆောင်ရွက်နိုင်ခဲ့ပါသည်။

စားသုံးသူပြည်သူများ ကုန်စည်/ဝန်ဆောင်မှုများ ဝယ်ယူသုံးစွဲရာတွင် ထိခိုက်နစ်မှုများရှိလာပါက အလွယ်တကူ တိုင်ကြားနိုင်ရန်အတွက် တိုင်းဒေသကြီးဦးစီးမှူးရုံးနှင့်ခရိုင်များတွင် စားသုံးသူတိုင်ကြား

သတင်းပြန်ကြားရေးနှင့် တိုင်ကြားမှုလက်ခံဆောင်ရွက်ရေးစင်တာ (CICC)များ ဖွင့်လှစ်ထားရှိပြီး တိုင်ကြားမှုများအား လက်ခံ၍ စေ့စပ်ညှိနှိုင်းဖြေရှင်းဆောင်ရွက်ပေးလျက်ရှိရာ ၂၀၂၃ခုနှစ်တွင်း တိုင်ကြားလာမှု (၂၂) မှု ရှိခဲ့ရာ (၁၆) ခုမှာ ဖြေရှင်းဆောင်ရွက်ပြီးစီးပြီး (၆) မှုမှာ ဖြေရှင်းဆောင်ရွက်ဆဲဖြစ်ကြောင်း သိရှိရပါသည်။

ထိုအပြင် ပဲခူးတိုင်းဒေသကြီးအနေဖြင့် စားသုံးသူကာကွယ်ရေးဆိုင်ရာလုပ်ငန်းများ ဆောင်ရွက်ရာတွင် စားသုံးသူရေးရာကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေး (၁၂) ကြိမ်၊ စီးပွားရေးလုပ်ငန်းရှင်များနှင့် အလုပ်ရုံဆွေးနွေးပွဲ ကျင်းပခြင်း (၁) ကြိမ် ဆောင်ရွက်နိုင်ခဲ့ပါသည်။ ၂၀၂၃ ခုနှစ် ဇန်နဝါရီလမှ ဒီဇင်ဘာလအတွင်း ပြခန်းဖွင့်လှစ်ခြင်း (၁)ကြိမ် ဆောင်ရွက်ရာ စားသုံးသူကာကွယ်ရေးဥပဒေပါ စားသုံးသူအခွင့်အရေးများနှင့် တာဝန်များ၊ စီးပွားရေးလုပ်ငန်းရှင်များ၏ တာဝန်များ၊ ကုန်စည်များပေါ်တွင် ကုန်အညွှန်းအမှတ်အသား ဖော်ပြခြင်းဆိုင်ရာ အကြောင်းအရာများ၊ တားမြစ်ချက်များနှင့် ပြစ်မှုပြစ်ဒဏ်များကို ရေးသားဖော်ပြထားသည့် ဗီနိုင်းများချိတ်ဆွဲ၍ ရှင်းလင်းပြသခဲ့ပြီး စားသုံးသူများနှင့် စီးပွားရေးလုပ်ငန်းရှင်တို့အား စားသုံးသူကာကွယ်ရေးဆိုင်ရာ သိကောင်းစရာများပါဝင်သော လက်ကမ်းစာဆောင်များအား ဖြန့်ဝေခဲ့ကြောင်း သိရှိရပါသည်။

## မကွေးတိုင်းဒေသကြီး

မကွေးတိုင်းဒေသကြီးဦးစီးမှူးရုံးအနေဖြင့် ၂၀၂၃ခုနှစ်အတွင်း အသိပညာပေးလုပ်ငန်းဆောင်ရွက်မှုအနေဖြင့် (၄၃၀)ကြိမ်ရှိသည့်အနက် Online Media မှတစ်ဆင့်အသိပညာပေးခြင်း (၄၅)ကြိမ်၊ တက္ကသိုလ်/ကောလိပ်ကျောင်းများ၊ ဈေးများ၊ ရပ်ကွက်/ ကျေးရွာများ၊ ဌာန/ အသင်းအဖွဲ့များတွင် အသိပညာပေးဟောပြောခြင်း (၃၈၅)ကြိမ်ဆောင်ရွက်နိုင်ခဲ့ပါသည်။ စားသုံးသူကာကွယ်ရေးဆိုင်ရာ အသိပညာပေးပြခန်း (၁)ကြိမ်၊ တိုင်းဒေသကြီးအတွင်းရှိ စားသုံးသူပြည်သူများ ဘေးကင်းလုံခြုံမှုရှိသော ကုန်စည်များ ရွေးချယ်ဝယ်ယူနိုင်ရေး၊ လုပ်ငန်းရှင်များမှလည်း စားသုံးသူကာကွယ်ရေးဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ မိမိတို့ထုတ်လုပ်၊ ဖြန့်ဖြူးရောင်းချသော ကုန်စည်များအပေါ်တွင် ကုန်အညွှန်းအမှတ်အသားများ ပြည့်စုံစွာ ဖော်ပြလာစေရေးအတွက် **"စားသုံးသူများ ဘေးကင်းလုံခြုံစိတ်ချရမှုရှိစေရေးနှင့် ကုန်အညွှန်းအမှတ်အသားဖော်ပြခြင်းဆိုင်ရာ"** အလုပ်ရုံဆွေးနွေးပွဲ (၁)ကြိမ် ဆောင်ရွက်နိုင်ခဲ့ပါသည်။

ထို့အပြင် မကွေးတိုင်းဒေသကြီးအတွင်း ရပ်ကွက်/ ကျေးရွာများရှိ စားသုံးဆီအရောင်းဆိုင်မှ လုပ်ငန်းရှင်များ၊ စက်သုံးဆီအရောင်းဆိုင်များမှလုပ်ငန်းရှင်များ၊ ရေသန့်လုပ်ငန်းရှင်များ၊ ဆေးနှင့်ဆေးပစ္စည်းအရောင်းဆိုင်မှ လုပ်ငန်းရှင်များ၊ ကုန်မျိုးစုံရောင်းချသည့် လုပ်ငန်းရှင်များ၊ ဒေသတွင်း မုန့်မျိုးစုံထုတ်လုပ်ရောင်းချသည့် လုပ်ငန်းရှင်များအား တွေ့ဆုံဆွေးနွေးခြင်းများ (၆၈၄) ကြိမ် ဆောင်ရွက်နိုင်ခဲ့ပါသည်။

ထိုသို့ဆောင်ရွက်ရာတွင် စားသုံးသူကာကွယ်ရေးဥပဒေပါ ကုန်အညွှန်းအမှတ်အသားဖော်ပြခြင်းဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့် လိုက်နာဆောင်ရွက်ရမည့် ညွှန်ကြားချက်များ၊ စားသုံးသူများ၏ အခွင့်အရေးနှင့်တာဝန်များ၊ စီးပွားရေးလုပ်ငန်းရှင်များ လိုက်နာရမည့်တာဝန်နှင့် တားမြစ်ချက်များ၊ ဥပဒေအရချမှတ်နိုင်သည့် ပြစ်မှုပြစ်ဒဏ်များ၊ စားသုံးသူများနစ်နာဆုံးရှုံးမှုများရှိပါက တိုင်ကြားနိုင်သည့်နည်းလမ်းများကို ထည့်သွင်း

ဟောပြောခြင်းများကို ဆောင်ရွက်ခဲ့ပြီး စားသုံးသူကာကွယ်ရေး အသိပညာပေး လက်ကမ်းစာစောင်များနှင့် ဥပဒေစာအုပ်များအား ဖြန့်ဝေပေးခဲ့ကြောင်း သိရှိရပါ သည်။

စားသုံးသူများအသုံးပြုသည့် ကုန်စည်နှင့်ဝန်ဆောင်မှုများ ဘေးအန္တရာယ်ကင်းရှင်းစေရေး၊ ဘေးအန္တရာယ်ရှိသော ကုန်စည်များ ဈေးကွက်အတွင်းမှ ပပျောက်စေရေး၊ ကုန်စည်များ ကုန်အညွှန်းအမှတ်အသားဖော်ပြရာတွင် မြန်မာဘာသာဖြင့် ပြည့်စုံစွာ ထည့်သွင်းဖော်ပြလာစေရေးတို့အတွက် ဈေးကွက်စောင့်ကြည့်စစ်ဆေးခြင်းကို(၅၄၀)ကြိမ် ဆောင်ရွက်နိုင်ခဲ့ပြီး ကုန်အညွှန်းအမှတ်အသား ဖော်ပြခြင်းနှင့်စပ်လျဉ်း၍ လုပ်ငန်းရှင်များမှ တင်ပြလာသော ကုန်အမှတ်တံဆိပ်များကို စိစစ်ပြန်ကြားရာတွင် မကွေးခရိုင်တွင် ကုန်စည်အမျိုးအစား(၂၀၃)မျိုး၊ ကုန်အမှတ် တံဆိပ်(၈၆)ခု၊ မင်းဘူးခရိုင်တွင် ကုန်စည်အမျိုးအစား(၂၈)မျိုး၊ ကုန်အမှတ်တံဆိပ်(၁၈)ခု၊ သရက်ခရိုင်တွင် ကုန်စည်အမျိုးအစား(၁၅၄)မျိုး၊ ကုန်အမှတ် တံဆိပ်(၄၄)ခု၊ ပခုက္ကူခရိုင်တွင် ကုန်စည်အမျိုး အစား (၁၁၃)မျိုး၊ ကုန်အမှတ် တံဆိပ်(၅၃)ခု၊ ဂန့်ဂေါခရိုင်တွင် ကုန်စည် အမျိုးအစား(၄)မျိုး၊ ကုန်အမှတ်တံဆိပ်(၁)ခု ၊ စုစုပေါင်း ကုန်အမျိုးအစား(၅၀၂)မျိုး၊ ကုန်အမှတ်တံဆိပ် (၂၀၂)ခုတို့အား စိစစ်ပြန်ကြားပေးနိုင်ခဲ့ပါသည်။

၂၀၂၃ခုနှစ်အတွင်း စားသုံးသူတိုင်ကြားမှု(၁၃)မှုလက်ခံရရှိပြီး ဝန်ဆောင်မှုနှင့်ပတ်သက်၍ (၈)မှု၊ ကုန်စည်နှင့်ပတ်သက်၍ (၃)မှု၊ စားသုံးသူကာကွယ်ရေးဥပဒေနှင့် သက်ဆိုင်မှုမရှိသောအမှု (၂)မှုအား ဖြေရှင်းဆောင်ရွက်နိုင်ခဲ့ပါသည်။ ထို့အပြင် မကွေးတိုင်းဒေသကြီး၊ စားသုံးသူရေးရာကော်မတီ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေး (၅)ကြိမ် ကျင်းပနိုင်ခဲ့ပါသည်။

ပြည်တွင်းကုန်သွယ်ရေးဖွံ့ဖြိုးမှုနှင့် သုတေသနဆိုင်ရာလုပ်ငန်းများကို ဆောင်ရွက်ရာတွင် ၂၀၂၃ ခုနှစ်အတွင်း နေ့စဉ် ကုန်ဈေးနှုန်းသတင်းအချက်အလက်များ ကောက်ယူပြုစုခြင်း၊ မင်းဘူးခရိုင်နှင့် ပခုက္ကူခရိုင်ရှိ ဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်းအား ပြန်လည်ရွေးချယ်ဖွဲ့စည်းနိုင်ခြင်း၊ သရက်ခရိုင်နှင့် မင်းလှမြို့နယ် ဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်းအား အသစ်ဖွဲ့စည်းခြင်းများ ဆောင်ရွက်နိုင်ခဲ့ပါသည်။

စားသုံးဆီ တင်သွင်း၊ သိုလှောင်၊ ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီနှင့် မြန်မာနိုင်ငံ ဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်းတို့ ပူးပေါင်းစီစဉ်မှုဖြင့် သက်ဆိုင်ရာ တိုင်းဒေသကြီး/ ပြည်နယ် များရှိ ဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်အသင်းခွဲများမှတဆင့် ပြည်သူများသို့ စားအုန်းဆီဈေးကားများဖြင့် လှည့်လည်၍ တိုက်ရိုက်ဖြန့်ဖြူးရောင်းချခြင်းများကို ပြည်သူလူထုထံသို့ စနစ်တကျရောက်ရှိစေရေးနှင့် ဈေးနှုန်းသက်သာစွာ ဝယ်ယူနိုင်ရေး၊ သတ်မှတ်ပမာဏ/ သတ် မှတ်ဈေးနှုန်းဖြင့် ရောင်းချခြင်းရှိ/ မရှိတို့အား ကြပ်မတ်ဆောင်ရွက်ခြင်း၊ တိုင်းဒေသကြီး/ ပြည်နယ် အသီးသီးတို့ စားသုံးဆီတင်သွင်းသည့် ကုမ္ပဏီများမှ လက်ကားကုန်သည်များသို့ စားအုန်းဆီများကို ဖြန့်ဖြူးရောင်းချခဲ့ရာ ဝယ်ယူရရှိသည့် လက်ကားကုန်သည်များအား ရန်ကုန်အထိုင်ဈေး ရည်ညွှန်းလက်ကားဈေးနှုန်းအပေါ် သယ်ယူပို့ဆောင်ခ ကုန်ကျစရိတ်များ ထပ်ပေါင်း၍ ၂% အမြတ်ထက်မပိုသော ဈေးနှုန်းဖြင့် ဈေးကွက်အတွင်းသို့ ပြန်လည်ဖြန့်ဖြူး ရောင်းချမှုရှိ/ မရှိ၊ လက်လီဈေးကွက်အတွင်း ဖြစ်သင့်ဖြစ်ထိုက်သည့်ဈေးနှုန်းများဖြင့် ရောင်းချစေရေး၊ ဈေးနှုန်းအဆမတန်မြှင့်တင်ရောင်းချခြင်းများ မပြုလုပ်စေရေးတို့အတွက် ကွင်းဆင်းကြပ်မတ်ဆောင်ရွက်ခဲ့ပါသည်။

ထို့အပြင် မြန်မာနိုင်ငံ ဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်း(ဗဟို)၏ အစီအစဉ်ဖြင့် တိုင်း/ ခရိုင် ဆီကုန်သည်အသင်းခွဲများသို့ ဖြန့်ဖြူးရောင်းချပေးထားသော စားအုန်းဆီများကို မကွေးတိုင်းဒေသကြီး

အစိုးရအဖွဲ့၏ကြီးကြပ်မှုဖြင့် ခရိုင်အလိုက် ဖြန့်ခွဲရောင်းချပေးလျှက်ရှိပြီး နေ့အလိုက် စားအုန်းဆီရရှိမှု၊ ဖြန့်ခွဲရောင်းချမှုစာရင်းနှင့် လက်ကျန်စာရင်းများအား ပြုစုတင်ပြခြင်းများ ဆောင်ရွက်ခဲ့ပါသည်။

မကွေးတိုင်းဒေသကြီးအတွင်း ကုန်ထုတ်လုပ်မှုလုပ်ငန်း(အကြော်အလှော်၊ မုန့်မျိုးစုံ၊ လက်ဖက်ရည်ဆိုင်၊ စားသောက်ဆိုင်)များ၏ လုပ်ငန်းသုံးဆီလိုအပ်ချက်စာရင်းအား လုပ်ငန်း လိုင်စင်/ အထောက်အထားများပူးတွဲလျှက် တင်ပြလျှောက်ထားလာမှုအပေါ်စိစစ်ပြီး လုပ်ငန်းသုံး ဆီဝယ်ယူခွင့်ရရှိနိုင်ရေး ချိတ်ဆက်ဆောင်ရွက်ပေးခဲ့ပြီး ဝယ်ယူရရှိခဲ့သာဆီများအား အမှန်တကယ် လုပ်ငန်းတွင်သုံးစွဲမှု ရှိ/ မရှိ ကွင်းဆင်းစစ်ဆေးခြင်းများဆောင်ရွက်ခဲ့ပါသည်။

၂၀၂၃ခုနှစ်၊ ဒီဇင်ဘာလမှစ၍ တိုင်းဒေသကြီး/ ပြည်နယ်အလိုက် စားအုန်းဆီဖြန့်ခွဲမည့် အစီအစဉ်(ကိုတာ)အသစ်အရ မကွေးတိုင်းဒေသကြီးအတွက် ခွဲဝေရရှိသည့်ဆီခွဲတမ်းအား ခရိုင်အလိုက်ခွဲဝေချထားပေးပြီး အချိန်မီ ဆီဖိုးပေးသွင်းစေခြင်း၊ နေ့အလိုက် ဆီထုတ်ယူခြင်း၊ သက်ဆိုင်ရာဒေသအရောက်သယ်ယူခြင်း၊ မြို့နယ်အားလုံးသို့ ပြန့်ပြန့်နှံ့နှံ့ဖြစ်အောင် ဖြန့်ခွဲရောင်းချခြင်း၊ ဒေသအလိုက် စားအုန်းဆီ တစ်ပိဿာဈေးနှုန်းအပေါ် ၂% အမြတ်ထက်မပိုသော ဈေးနှုန်းများဖြင့် ဈေးကွက်အတွင်း ဖြန့်ဖြူးရောင်းချခြင်းများကိုခရိုင်အလိုက် ဆီကုန်သည်များက တာဝန်ယူ ဆောင်ရွက်သွားရန်နှင့် ခရိုင်အလိုက် ဆီခွဲတမ်းရရှိမှုအပေါ်ဖြန့်ခွဲရောင်းချမှုစာရင်းနှင့် လက်ကျန်အခြေအနေများအား ပြုစုတင်ပြခြင်းများ ဆောင်ရွက်ခဲ့ပါသည်။

ဆန်စပါးဈေးကွက် တည်ငြိမ်စေရေး၊ ဈေးနှုန်းကြီးမြင့်မှု မဖြစ်ပေါ်စေရေး၊ ဈေးနှုန်းမြင့်တက်စေရန်ရည်ရွယ်ချက်ဖြင့် သိုလှောင်ရောင်းချနေမှုများ၊ သင့်တင့်မျှတသော အကျိုးအမြတ်ထက်ပို၍ ရယူရောင်းချနေခြင်းများမရှိစေရေး ထိန်းကျောင်းကြပ်မတ်ဆောင်ရွက်နိုင်ရန်အတွက် မြန်မာနိုင်ငံဆန်စပါး အသင်းချုပ်မှသတ်မှတ်ထုတ်ပြန်ထားသော ဆန်စပါးရည်ညွှန်းဈေးနှုန်းများအတိုင်း သင့်တင့်မျှတသည့် ဈေးနှုန်းများဖြင့်ဝယ်ယူကြိတ်ခွဲရောင်းဝယ်ဖောက်ကားခြင်းများဆောင်ရွက်ကြစေရေး ဆန်စက်ပိုင်ရှင်များ၊ ဆန်စပါးကုန်သည်များအား အသိပေးချပြရှင်းလင်းပြီး ဆောင်ရွက်လျက်ရှိပါသည်။

အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းရှင်များ ရင်ဆိုင်ကြုံတွေ့နေရသည့် အခက်အခဲများ ဖြေရှင်းပေးရေးစင်တာ ( MSME Help Desk Center ) ဖွင့်လှစ်နိုင်ရေးစီမံချက်တွင် ရေးဆွဲထားသည့် လုပ်ငန်းတာဝန်များအရ ဆောင်ရွက်ပြီးစီးမှုနှင့် ဆောင်ရွက်နေမှု အခြေအနေများအား လစဉ်ပြုစုတင်ပြခြင်း၊ မိမိတို့ဒေသအတွင်း လုပ်ကိုင်ဆောင်ရွက်နေသော MSME (ပြည်တွင်းအသေးစား၊ အငယ်စားနှင့်အလတ်စားစီးပွားရေးလုပ်ငန်းများ) လုပ်ငန်းရှင်များ၏ ဖြစ်ပေါ်နေသောအခြေအနေများ၊ အခက်အခဲများ၊ လိုအပ်ချက်များနှင့် နိုင်ငံတော်မှ ဆောင်ရွက်ပေးရန် လိုအပ်သည့်အချက်များအား ကွင်းဆင်းမေးမြန်းခြင်း၊ MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် နည်းပညာသင်တန်းများ ပေးအပ်မှုအခြေအနေ၊ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်မှု ဆောင်ရွက်နေမှုအခြေအနေ၊ ငွေကြေး အရင်းအနှီးရရှိအောင် ဆောင်ရွက်နေမှုအခြေအနေနှင့် MSME ကဏ္ဍအတွက် တဖက်တလမ်းမှ အထောက်အကူပြုဆောင်ရွက်နေမှု လုပ်ငန်းများ၏လုပ်ငန်းဆောင်ရွက်တိုးတက်မှုအခြေအနေများအား လစဉ်ပြုစု တင်ပြခြင်းများ ဆောင်ရွက်ခဲ့ပါသည်။

ထို့အပြင် ဒေသဆိုင်ရာ အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုး တိုးတက်ရေးအတွက် မကွေးတိုင်းဒေသကြီး၊ မကွေးမြို့ရှိ ကောင်းမွန် မြေပဲယို၊ နှမ်းယိုများကို တောင်ကိုရီးယားနိုင်ငံသို့

တင်ပို့နိုင်ရန် ပို့ကုန်၊ သွင်းကုန် လုပ်ငန်းရှင်မှတ်ပုံတင်နှင့် ပို့ကုန်လိုင်စင် လျှောက်ထားရေးကိစ္စအတွက် ကုန်သွယ်ရေးဦးစီးဌာနနှင့် ချိတ်ဆက်ဆောင်ရွက်ပေးခဲ့ပါသည်။

မကွေးတိုင်းဒေသကြီး၊ ပွင့်ဖြူမြို့နယ် လျှော်ဖြူစိုက်ပျိုးထုတ်လုပ်သူ ဦးမင်းခိုင်၏ ထွက်ရှိသော လျှော်ဖြူစေးများအား ပြည်ပသို့တင်ပို့နိုင်ရန်နှင့် ဈေးကွက်ရရှိရေးအတွက် တင်ပြခဲ့မှုအပေါ် ဌာနမှ ဖြေရှင်းဆောင်ရွက်နိုင်ရန် လိုအပ်ချက်များအား တွေ့ဆုံမေးမြန်းခဲ့ပြီး စိုက်ဧက အတိအကျရရှိရေး၊ လျှော်ဖြူစိုက်ပျိုးထုတ်လုပ်သူအသင်းအား ခိုင်မာစွာဖွဲ့စည်းနိုင်ရေးနှင့် ဈေးကွက်ရရှိရေးအတွက် ချိတ်ဆက်ပေးခြင်းများ ဆောင်ရွက်ခဲ့ပါသည်။

ပုဂ္ဂလိကကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြည်ပမှ စားအုန်းဆီများ တင်သွင်းမှုပမာဏ လျှော့ချပြီး ပြည်တွင်းရှိ ဆီစက်များ၏ ထုတ်လုပ်မှုစွမ်းအား မြင့်မားလာစေရန်နှင့် အလုပ်အကိုင် အခွင့်အလမ်းများ တိုးပွားလာစေရန် ဆီစက်များ၏ ကြိတ်ခွဲထုတ်လုပ်ဖြန့်ဖြူးနိုင်မှု အခြေအနေအား လစဉ်စာရင်းပြုစုတင်ပြခြင်း၊ ဝါသီးနှံနှင့် ဝါဂွမ်းတို့အပေါ် လက်ကျန်စာရင်းကောက်ယူခြင်း၊ ကုန်သွယ်ရောင်းဝယ်မှု အခြေအနေများ မေးမြန်း၍ ဝါသီးနှံနှင့် ဝါဂွမ်းလက်ကျန်စာရင်း၊ ကုန်သွယ်ရောင်း ဝယ်မှုအခြေအနေများတင်ပြခြင်း၊ ပဲမျိုးစုံ၊ ပြောင်း၊ ဆီထွက်သီးနှံ၊ ဖရဲ၊ သခွားမွှေး၊ ကြံ၊ နွေစပါး သီးနှံများ၏ စိုက်ပျိုးထုတ်လုပ်မှု၊ စားသုံးပို့လျှံမှု၊ တစ်ဧကစိုက်ပျိုးထုတ်လုပ်မှု ကုန်ကျစရိတ်၊ တစ်ဧကအပေါ် အကျိုးအမြတ်ရရှိမှုအခြေအနေများ ပြုစုတင်ပြခြင်းများ ဆောင်ရွက်ခဲ့ပါသည်။

ကိုဗစ်-၁၉ သက်ရောက်မှုကြောင့် ထိခိုက်မှုရှိသော စီးပွားရေးလုပ်ငန်းများအား ကိုဗစ်-၁၉ ရန်ပုံငွေမှ ချေးငွေများ ထုတ်ချေးထားပြီး ပြန်လည်ပေးဆပ်ရမည့်အချိန်တွင် အပြည့်အဝ ပြန်လည်ပေးဆပ် နိုင်ရေး၊ သက်တမ်းစေ့ပြီး အတိုး/ အရင်း ပြန်လည်ပေးဆပ်ခြင်းမရှိသည့် ကုမ္ပဏီ/ လုပ်ငန်းများအား ဥပဒေအရ အရေးယူမည်ဖြစ်ကြောင်း အသိပေးအကြောင်းကြားခြင်းများ ဆောင်ရွက်ခဲ့ပါသည်။

ကုန်သွယ်ရေးဦးစီးဌာနတွင် ပို့ကုန်၊ သွင်းကုန်လုပ်ငန်းရှင် မှတ်ပုံတင်အသစ်လျှောက်ထားလာသော မြန်မာကုမ္ပဏီများအနက် မကွေးတိုင်းဒေသကြီးအတွင်း ကုမ္ပဏီတည်ထောင်ထားမှုနှင့်ပတ်သက်၍ အမှန်တကယ် လုပ်ငန်းဆောင်ရွက်မှုရှိ/ မရှိတို့အား မြေပြင်ကွင်းဆင်းစစ်ဆေး၍ စစ်ဆေးတွေ့ရှိမှု အခြေအနေများအား အမှတ်ပေးဇယားနှင့်အတူ ပြန်လည်တင်ပြစစ်ဆေးခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သိရှိရပါသည်။

**တနင်္သာရီတိုင်းဒေသကြီး**

တနင်္သာရီတိုင်းဒေသကြီးဦးစီးမှူးရုံးအနေဖြင့် ၂၀၂၃ ခုနှစ် ဇန်နဝါရီလမှ နိုဝင်ဘာလအတွင်း စားသုံးသူပြည်သူများ၊ စီးပွားရေးလုပ်ငန်းရှင်များ စားသုံးသူကာကွယ်ရေးဥပဒေကို ကျယ်ကျယ်ပြန့်ပြန့် သိရှိနိုင်ရေးအတွက် စားသုံးသူအခွင့်အရေးနှင့် စားသုံးသူတာဝန်စသည့်များ အသိပညာဗဟုသုတများရရှိအောင် အသိပညာပေးဟောပြောပွဲ(၅၉)ကြိမ် ၊ စီးပွားရေးလုပ်ငန်းရှင်များအား တစ်ဦးချင်းသော်လည်းကောင်း၊ အသင်းအဖွဲ့များသော်လည်းကောင်း တွေ့ဆုံဆွေးနွေးခြင်း(၅၄)ကြိမ် ဆောင်ရွက်နိုင်ခဲ့ပါသည်။

တနင်္သာရီတိုင်းဒေသကြီး စားသုံးသူရေးရာကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ၂၀၂၃ခုနှစ်၊ ဖေဖော်ဝါရီလတွင် (၁)ကြိမ် ၊ ဇွန်လတွင်(၁)ကြိမ်နှင့် နိုဝင်ဘာလတွင်(၁)ကြိမ် စုစုပေါင်း(၃)ကြိမ်ကို အစည်းအဝေးဆုံးဖြတ်ချက်များချမှတ်ပြီး အကောင်အထည်ဖော် ဆောင်ရွက်နိုင်ခဲ့ပြီးဖြစ်ပါသည်။

ထို့အပြင် စားသုံးသူပြည်သူများ ကုန်စည်၊ ဝန်ဆောင်မှုများ ဝယ်ယူသုံးဆွဲရာတွင် ထိခိုက်နစ်နာမှုများရှိလာပါက တိုင်ကြားနိုင်ရန်အတွက် တိုင်းဒေသကြီးဦးစီးမှူးနှင့် ခရိုင်များတွင် စားသုံးသူသတင်းပြန်ကြားရေးနှင့် တိုင်ကြားမှုလက်ခံဆောင်ရွက်ရေးစင်တာ (CICC) များဖွင့်လှစ်ထားရှိပြီး တိုင်ကြားမှုများအား လက်ခံ၍ စေ့စပ်ညှိနှိုင်းဆောင်ရွက်ပေးလျက်ရှိရာ ၂၀၂၃ ခုနှစ်အတွင်း Wifi ဝန်ဆောင်မှုများ၊ Online ပေါ်မှရောင်းချသည့် ပစ္စည်းများဝယ်ယူရာတွင် လိမ်လည်ခံရမှုများနှင့်ပတ်သက်၍ တိုင်ကြားလာမှု(၇)အား ဖြေရှင်းပေးနိုင်မှု(၆)မှုနှင့် ဖြေရှင်းဆောင်ရွက်ဆဲ (၁) မှုအား ဖြေရှင်းဆောင်ရွက်လျက်ရှိပါသည်။

ကုန်စည်နှင့်ဝန်ဆောင်မှုများ ဝယ်ယူသုံးစွဲရာတွင် ဘေးအန္တရာယ်ကင်းရှင်းရန်နှင့် ထိခိုက်နစ်နာမှုများမဖြစ်ပေါ်စေရေးအတွက် ဈေးများ၊ ကျောင်းမုန့်ဈေးတန်းများ၊ ဆေးဆိုင်များ၊ ရပ်ကွက်/ ကျေးရွာအတွင်းရှိ ကုန်စုံဆိုင်များ၊ Super Market များမှာ ဈေးကွက်စောင့်ကြည့်စစ်ဆေးခြင်း (၁၁၉)ကြိမ်၊ ကုန်အညွှန်းအမှတ်အသားဖော်ပြရာတွင် ကုန်စည်အမျိုးအစားအလိုက်သတ်မှတ်ချက်များနှင့်အညီ ကိုက်ညီမှုရှိ/မရှိ ကုန်ပစ္စည်းမျိုးစုံ(၇၉) မျိုးအား ရုံးချုပ်သို့တင်ပြ စိစစ်ပြန်ကြားပေးခြင်း လုပ်ငန်းများဆောင်ရွက်ခဲ့ပါသည်။

တနင်္သာရီတိုင်းဒေသကြီး၊ စားသုံးသူရေးရာဦးစီးဌာနအနေဖြင့် မျှော်မှန်းချက်၊ ရည်မှန်းချက်များ၊ ဌာန၏လုပ်ငန်းတာဝန်များ၊ မူဝါဒများနှင့်အညီ အနာဂါတ်ကာလမှာ စားသုံးသူပြည်သူ့များ လုံခြုံစိတ်ချရမှုရှိစေရေး၊ စားသုံးသူအခွင့်အရေးများအပြည့်ဝရရှိရေး ကုန်စည်နှင့် ဝန်ဆောင်မှုများသုံးစွဲရာတွင် စားသုံးသူများ ဘေးအန္တရာယ်ကင်းရှင်းစေရေးတို့အတွက် အောင်မြင်အောင်အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

## ကချင်ပြည်နယ်

ကချင်ပြည်နယ်ဦးစီးမှူးရုံးအနေဖြင့် စားသုံးသူပြည်သူများ ကုန်စည်နှင့် ဝန်ဆောင်မှုများကို စားသုံးခြင်း၊ အသုံးပြုခြင်းဖြင့် ပြည်သူများ ဘေးအန္တရာယ်ကင်းရှင်းစေရန်၊ ထိခိုက်နစ်နာဆုံးရှုံးမှုများ မဖြစ်စေရန်၊ စားသုံးသူကာကွယ်ရေးနှင့်စပ်လျဉ်း၍ ဗဟုသုတများတိုးပွားလာစေရန်၊ ပြည်သူများ ထုတ်ကုန်လုံခြုံစိတ်ချရမှုရှိစေရန်၊ စီးပွားရေးလုပ်ငန်းရှင်များ စီးပွားရေးကျင့်ဝတ်၊ စည်းကမ်းနှင့်အညီ ဖြောင့်မတ်မှန်ကန်စွာဆောင်ရွက်စေရန်အတွက် ပြည်နယ်၊ခရိုင်၊ မြို့နယ်များအလိုက် စားသုံးသူအသိပညာပေးလုပ်ငန်းများဆောင်ရွက်လျက်ရှိရာ ၂၀၂၃ ခုနှစ်၊ ဇန်နဝါရီလမှ ဒီဇင်ဘာလအတွင်း စားသုံးသူပြည်သူများသို့ ရပ်ကွက်၊ ကျေးရွာများတွင်(၃၉)ကြိမ်၊ အခြေခံပညာစာသင်ကျောင်းများတွင် (၁၇)ကြိမ်၊ ဌာနဆိုင်ရာ၊အသင်းအဖွဲ့များတွင်(၆)ကြိမ်၊ စက်ရုံ၊အလုပ်ရုံများတွင် (၂)ကြိမ်၊ ဈေးများ တွင် (၁)ကြိမ်၊ စားသုံးသူကာကွယ်ရေးအသိပညာပေး Talk Show (၃)ကြိမ်၊ စုစုပေါင်း(၆၈)ကြိမ် အသိပညာပေးဟောပြောခြင်းများ ဆောင်ရွက်နိုင်ခဲ့ပါသည်။

ထို့အပြင် စီးပွားရေးလုပ်ငန်းရှင်များနှင့် တွေ့ဆုံဆွေးနွေးလျက်ရှိရာ လက်လီလက်ကား အရောင်းဆိုင်လုပ်ငန်းရှင်(၂၀)ကြိမ်၊ပို့ကုန်/သွင်းကုန်လုပ်ငန်းရှင်(၄)ကြိမ်၊သောက်ရေသန့်ထုတ်လုပ်ဖြန့်ဖြူးသည့်လုပ်

ငန်းရှင်(၃)ကြိမ်၊ စားသုံးဆီဖြန့်ဖြူးရောင်းချသည့်လုပ်ငန်းရှင်(၅)ကြိမ်၊ စက်သုံးဆီ ဖြန့်ဖြူးရောင်းချသည့် လုပ်ငန်းရှင်(၄)ကြိမ်၊ ဆန်စက်နှင့် ဆန်၊ဆန်ထွက်ပစ္စည်းရောင်းဝယ်ရေး လုပ်ငန်းရှင်(၅)ကြိမ်၊ စပါး အခြောက်ခံစက်ဝန်ဆောင်မှုလုပ်ငန်းရှင်(၂)ကြိမ်၊ ဆီစက်လုပ်ငန်းရှင်(၂) ကြိမ်၊ အုတ်ထုတ်လုပ်ဖြန့်ဖြူးသည့် လုပ်ငန်းရှင်(၂)ကြိမ်၊ လျှပ်စစ်ပစ္စည်းရောင်းဝယ်သည့်လုပ်ငန်းရှင် (၂)ကြိမ်၊ မျိုးစပါးနှင့် မျိုးမြေပဲဖြန့်ဖြူး ရောင်းချသည့်လုပ်ငန်းရှင်(၃)ကြိမ်၊ စိုက်ပျိုးရေးသုံးပစ္စည်းဖြန့် ဖြူးရောင်းချသည့်လုပ်ငန်းရှင်(၂)ကြိမ်၊ ရိတ်သိမ်းခြွေလှေ့စက်ဝန်ဆောင်မှုလုပ်ငန်းရှင်(၂)ကြိမ်၊ ပေါင် မုန့်/ကိတ်မုန့်ထုတ်လုပ်ဖြန့်ဖြူးရောင်းချသည့် လုပ်ငန်းရှင်(၄)ကြိမ်၊ အကြော်မျိုးစုံထုတ်လုပ်ဖြန့်ဖြူး ရောင်းချသည့် လုပ်ငန်းရှင် (၃)ကြိမ် ၊ခေါက်ဆွဲထုတ် လုပ်ဖြန့်ဖြူးသည့်လုပ်ငန်းရှင်(၃)ကြိမ်၊ ဝိုင်မျိုးစုံထုတ်လုပ်ဖြန့်ဖြူးရောင်းချသည့် လုပ်ငန်းရှင်(၂)ကြိမ်၊ အချိုရည် မျိုးစုံဖြန့်ဖြူးရောင်းဝယ်ရေးလုပ်ငန်း ရှင်(၁)ကြိမ်၊ ဆိုင်ကယ်ပြုပြင်ရေးလုပ်ငန်းရှင်(၁)ကြိမ်၊ အိမ် ဆောက်ပစ္စည်းရောင်းဝယ်ရေးလုပ်ငန်း ရှင်(၁)ကြိမ်၊ တွင်/သံဂဟေလုပ်ငန်းရှင်(၁)ကြိမ်၊ အပ်ချုပ်စက် အပိုပစ္စည်းရောင်းဝယ်ရေးလုပ်ငန်းရှင် (၁)ကြိမ်၊ ကုန်စည်ဒိုင်အသင်းလုပ်ငန်းရှင် (၁)ကြိမ်၊ လယ်ယာ ထွက်ကုန်ပစ္စည်းရောင်းဝယ်ရေးလုပ် ငန်းရှင်(၁)ကြိမ်၊ အလှကုန်ပစ္စည်းရောင်းချသည့် လုပ်ငန်းရှင်(၁)ကြိမ် စုစုပေါင်း (၇၅)ကြိမ် တွေ့ဆုံဆွေးနွေးခဲ့ပြီး စီးပွားရေးလုပ်ငန်းရှင်များ လိုက်နာရမည့်တာဝန်နှင့်တားမြစ်ချက် များ၊ ဥပဒေအရချမှတ်နိုင်သည့် ပြစ်မှုပြစ်ဒဏ်များအသိပညာပေးခြင်းများ ဆောင်ရွက်နိုင်ခဲ့ပါသည်။

ကချင်ပြည်နယ် စားသုံးသူရေးရာကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို အနည်းဆုံး သုံးလလျှင် တစ်ကြိမ်ကျင်းပလျက်ရှိရာ ၂၀၂၃ ခုနှစ်အတွင်း (၄)ကြိမ် ကျင်းပနိုင်ခဲ့ပါသည်။ ထို့အပြင် တိုင်ကြားမှု (၃)မှု လက်ခံရရှိခဲ့ပြီး ဖြေရှင်းဆောင်ရွက်နိုင်ခဲ့ပြီး ဖြစ်ပါသည်။

စားသုံးသူများ ဘေးအန္တရာယ်ကင်းရှင်းစေရေး ထုတ်ကုန်များလုံခြုံစိတ်ချရမှုရှိစေရေး ဘေးအန္တရာယ် ရှိသော ကုန်စည်များ ဈေးကွက်အတွင်းမှ ပပျောက်သွားစေရေးအတွက် သက်ဆိုင်ရာ မိတ်ဖက်ဌာနများနှင့် ပူးပေါင်း၍ ဈေးကွက်စောင့်ကြည့်စစ်ဆေးခြင်းလုပ်ငန်းများအား ပြည်နယ်၊ ခရိုင်များတွင် ဆောင်ရွက်လျက်ရှိရာ ၂၀၂၃ ခုနှစ်၊ ဇန်နဝါရီလမှ ဒီဇင်ဘာလအတွင်း ဦးစားပေးဆောင်ရွက် ရန်လျာထားသည့် ကုန်စည်အုပ်စု (၁၀)မျိုးအား ဈေးကွက်စောင့်ကြည့်စစ်ဆေးခြင်း (၂၉၃)ကြိမ် ဆောင်ရွက်ခဲ့ပါသည်။ အထူးဈေးကွက်စောင့် ကြည့်စစ်ဆေးခြင်းအနေဖြင့် မျက်စိဆေးများ(၃)ကြိမ်၊ စားသုံးဆီအမျိုးမျိုး (၁၇)ကြိမ်၊ Sprite အချိုရည် (၃)ကြိမ်၊ အသင့်သောက်အချိုရည်အမျိုးမျိုး(၁၇) ကြိမ်၊ ကလေးအာဟာရဖော်စပ်ဖြည့်စွက်စာအမျိုးမျိုး (၁၆)ကြိမ်၊ Parbiusure ဆေးဝါးများ(၃)ကြိမ်၊ သောက်ရေသန့်အမျိုးမျိုး(၆)ကြိမ်၊ စုစုပေါင်း(၆၅)ကြိမ် ဈေးကွက်စောင့်ကြည့်စစ်ဆေးခြင်းများ ဆောင်ရွက်နိုင်ခဲ့ပါသည်။

၂၀၂၃ ခုနှစ်၊ ဇန်နဝါရီလမှ ဒီဇင်ဘာလအထိ ကုန်အညွှန်းအမှတ်အသား စိစစ်ရန်တင်ပြလာသည့် ကိတ်နှင့်မုန့်မျိုးစုံ (၁၂)မျိုး၊ သောက်ရေသန့်(၄)မျိုး စုစုပေါင်း(၁၆)မျိုးတို့အား ကုန်အညွှန်းအမှတ်အသား ဖော်ပြခြင်းနှင့် ကိုက်ညီကြောင်း စိစစ်ခွင့်ပြုခဲ့ပါသည်။

ကချင်ပြည်နယ်တွင် ၂၀၂၃ ခုနှစ်၊ ဒီဇင်ဘာလအထိ အသင်းအဖွဲ့ဖွဲ့စည်းပြီးစီးမှုအခြေအနေမှာ ပြည်နယ်အဆင့်(၁၂)ဖွဲ့၊ ခရိုင်အဆင့်(၆)ဖွဲ့၊ မြို့နယ်အဆင့်(၃)ဖွဲ့၊ စုစုပေါင်း(၂၁)ဖွဲ့ ဖွဲ့စည်းထားရှိပါသည်။ စားအုန်းဆီများကို ကချင်ပြည်နယ်ဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်းနှင့်ပူးပေါင်း၍ ၂၀၂၃ ခုနှစ်၊ မေလမှစ၍ ပြည်သူများသို့ သတ်မှတ်ဈေးနှုန်းများဖြင့် ရောင်းချပေးခဲ့ပြီး ရောင်းချရာတွင် သတ်မှတ်ဈေးနှုန်းများအတိုင်း ရောင်းချပေးစေရေး၊ အရည်အသွေးပြည့်မီမှုရှိစေရေး၊ စနစ်တကျ ရောင်းချပေးစေရေးတို့ကို ကချင်ပြည်နယ်စားသုံးသူရေးရာဦးစီးဌာနအနေဖြင့်ကြီးကြပ်ဆောင်ရွက်လျက်ရှိပါသည်။ထို့အပြင် ပြည်တွင်းကုန်သွယ်ရေးဖွံ့ဖြိုးမှုဆိုင်ရာ လုပ်ငန်းများနှင့်စပ်လျဉ်း၍ အစည်းအဝေး၊ တွေ့ဆုံဆွေးနွေးပွဲ၊ အလုပ်ရုံဆွေးနွေးပွဲ ဆောင်ရွက်မှုအခြေအနေများကိုတင်ပြခြင်း၊ သီးနှံစုံနှင့်သစ်သီးဝလံများ၏ စိုက်၊အောင်၊ ထွက် နှင့် စားသုံးပိုလျှံမှုများ၊ စိုက်ပျိုးထုတ်လုပ်မှုကုန်ကျစရိတ်များ၊ အကျိုးအမြတ်တွက်ချက်မှုများပြုစုတင်ပြခြင်း၊ အခြေခံစားသောက်ကုန်ဈေးနှုန်းများ၊ စက်သုံးဆီဈေးနှုန်း၊ ရွှေဈေးနှုန်း၊ ဓာတ်မြေသြဇာနှင့် ပိုးသတ်ဆေးဈေးနှုန်းများ၊ ဆေးနှင့်ဆေးပစ္စည်းဈေးနှုန်းများနှင့် ဆေးဆိုင်ဖွင့်လှစ်မှုအခြေအနေစိစစ်တင်ပြခြင်း၊ သီးနှံအမျိုးအစားအလိုက်ထုတ်လုပ်သည်မှ ပြည်ပသို့တင်ပို့သည့်အထိအဆင့်ဆင့်ကုန်ကျစရိတ် (Transaction Cost) ပြုစုတင်ပြခြင်းများကို ဆောင်ရွက်လျက်ရှိပါသည်။

**ကရင်ပြည်နယ်**

ကရင်ပြည်နယ်ဦးစီးမှူးရုံးအနေဖြင့် ၂၀၂၃ ခုနှစ်အတွင်း စားသုံးသူပြည်သူများသို့ အသိပညာပေးဟောပြောဆွေးနွေးခြင်း (၈၁)ကြိမ်၊ ဈေးကွက်စောင့်ကြည့်စစ်ဆေးခြင်း (၁၁၆) ကြိမ်၊ လုပ်ငန်းရှင်များသို့ အသိပညာပေးဆွေးနွေးဟောပြောခြင်း (၄၁) ကြိမ်၊ ဝန်ထမ်းစွမ်းဆောင်ရည်မြှင့်တင်ရေးသင်တန်းများဖွင့်လှစ်ခြင်း (၃)ကြိမ်နှင့် ကရင်ပြည်နယ်စားသုံးသူရေးရာကော်မတီ အစည်းအဝေးကျင်းပခြင်း (၄)ကြိမ် ဆောင်ရွက်နိုင်ခဲ့ပါသည်။

စားသုံးသူကာကွယ်ရေးဆိုင်ရာ အသိပညာပေးလုပ်ငန်းများဆောင်ရွက်ရာတွင် အခြေခံပညာအထက်တန်းကျောင်း၊ အလယ်တန်းကျောင်း၊ မူလတန်းကျောင်းများနှင့် အသက်မွေးပညာသင်ကျောင်းများ၊ စီးပွားရေးလုပ်ငန်းရှင်များ၊ အသင်းအဖွဲ့များနှင့် ဌာနဆိုင်ရာများသို့သွားရောက်၍ စားသုံးသူကာကွယ်ရေးဆိုင်ရာအကြောင်းသိကောင်းစရာများ ဟောပြောခြင်းများဆောင်ရွက်နိုင်ခဲ့ပြီး ဈေးကွက်မရောက်မီ ကုန်စည်နှင့်ဈေးကွက်ရောက်ပြီးကုန်စည်များ ထုတ်ကုန်လုံခြုံစိတ်ချရမှုရှိစေရေးအတွက် ကုန်အညွှန်းအမှတ်အသားဆိုင်ရာအကြောင်းသိကောင်းစရာများကို မိတ်ဖက်ဌာနများနှင့် ပူးပေါင်းဆောင်ရွက် ဈေးကွက်စောင့်ကြည့်ခြင်းများဆောင်ရွက်ခဲ့သည်။

ထို့အပြင်စားသုံးသူကာကွယ်ရေးလုပ်ငန်းများဆောင်ရွက်ရာတွင်စားသုံးသူနှင့်လုပ်ငန်းရှင်များအကြားအငြင်းပွားမှုလျော့နည်းစေရေး အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည့်အပြင် ကုန်စည်ဝန်ဆောင်မှုများနှင့်စပ်လျဉ်း၍ နစ်နာသည့်စားသုံးသူများမှ လုပ်ငန်းရှင်များကို တိုင်ကြားလာမှုများအပေါ်

နှစ်ဦးနှစ်ဖက်ကျေနပ်အောင် မျှတသောလုပ်ငန်းစဉ်တစ်ရပ်ဖြစ်စေရေး အလေးပေးဆောင်ရွက်ခြင်း၊ စားသုံးသူများဘေးကင်းလုံခြုံစိတ်ချရမှုရရှိစေရေး၊ အခြေခံလိုအပ်ချက်အပေါ် စိတ်ကျေနပ်မှုရရှိစေရေးနှင့် စားသုံးသူအခွင့်အရေးအပြည့်အဝရရှိစေရေးနှင့် စားသုံးသူနစ်နာဆုံးရှုံးမှုများ ပေါ်ပေါက်လာပါက ဖြေရှင်းဆောင်ရွက်နိုင်ရေးအတွက် တိုင်ကြားရန်နည်းလမ်းများကို အသိပညာပေးဆွေးနွေးပွဲများတွင် ထည့်သွင်းပြောကြားခြင်း၊ Facebook နှင့် Online မီဒီယာများမှ ပြည်သူ အသိပညာပေး Talk Show များပြုလုပ်၍ အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိပါသည်။

ထို့အပြင် ပြည်တွင်းကုန်သွယ်မှုဖွံ့ဖြိုးရေးလုပ်ငန်းများကို လျာထားချက်များ ချမှတ်ဆောင်ရွက်ရာတွင် ၂၀၂၃ ခုနှစ်အတွင်း ပြည်တွင်းကုန်သွယ်မှု ဖွံ့ဖြိုးရေးလုပ်ငန်းတွင် ဆောင်ရွက်နိုင်မှု ( ၉၂ ) ကြိမ်ဖြစ်ပြီး စီးပွားရေးဆိုင်ရာ အသင်းအဖွဲ့များ ဒေသတွင်းကုန်သွယ်မှု ဖွံ့ဖြိုးရေးအလုပ်ရုံဆွေးနွေးပွဲကျင်းပခြင်း၊ စီးပွားရေးဆိုင်ရာ အသင်းအဖွဲ့များနှင့် တွေ့ဆုံဆွေးနွေးခြင်း၊ သီးနှံများစိုက်ပျိုးထုတ်လုပ်မှု တွက်ခြေကိုက်မှုကွင်းဆင်းလေ့လာခြင်း၊ ဒေသတွင်း SME လုပ်ငန်းများ ထုတ်လုပ်မှု၊ ဖြစ်ထွန်းမှု၊ အောင်မြင်မှု လေ့လာကွင်းဆင်းလေ့လာခြင်း၊ ပြည်တွင်းကုန်သွယ်မှုဆိုင်ရာလုပ်ငန်းများ တိုးတက်အောင်မြင်အောင် ဆောင်ရွက်နိုင်ရန်အတွက် လုပ်ငန်းရှင်များနှင့်တွေ့ ဆုံဆွေးနွေးခြင်းများ ဆောင်ရွက်ခဲ့ပါသည်။

ဒေသတွင်း SMEs လုပ်ငန်းများဖွံ့ဖြိုးတိုးတက်စေရေး ရန်ရည်ရွယ်၍ ကရင်ပြည်နယ်အစိုးရ အဖွဲ့ကကြီးမှူးပြီး အခြားမိတ်ဖက်ဌာနဆိုင်ရာများနှင့်ပူးပေါင်း၍ ထုတ်ကုန်များလုံခြုံစိတ်ချရမှုရှိစေရေးအတွက် စားသုံးသူကာကွယ်ရေးကော်မရှင်မှ ညွှန်ကြားချက်များအညီ ဆောင်ရွက်လျက်ရှိပြီး ဦးစားပေးကုန်စည် ၃ မျိုးဖြစ်သည့် စားအုန်းဆီ၊ အသင့်သောက်အချိုရည်အမျိုးမျိုး၊ ကလေးဖြည့်စွက်စာ အာဟာရအမျိုးမျိုးတို့အား သတ်မှတ်ချက်များနှင့် ကိုက်ညီမှုရှိ/မရှိကို ဈေးကွက်စောင့်ကြည့်စစ်ဆေးဆောင်ရွက်နိုင်ခဲ့ပါသည်။ ကုန်အညွှန်းအမှတ်အသားဖော်ပြခြင်းနှင့် လုပ်ငန်းရှင်များအနေဖြင့် မိမိတို့၏ ထုတ်ကုန်များတွင် သတ်မှတ်ချက်များအညီ ကုန်အညွှန်းအမှတ်အသားအား မြန်မာလိုဖော်ပြနိုင်ရေးအတွက် အသိပညာပေးဆောင်ရွက်လျက်ရှိပြီး ကုန်အညွှန်းအမှတ်အသား ပြည့်စုံမှန်ကန်မှု ရှိ/မရှိ စိစစ်ဆောင်ရွက်ပေးနိုင်ခဲ့ပါသည်။ ထုတ်ကုန်လုံခြုံစိတ်ချရမှုဌာနခွဲအနေဖြင့် ကရင်ပြည်နယ်အတွင်း **SMEs** လုပ်ငန်းများဖွံ့ဖြိုးတိုးတက်စေရေးအတွက် ထုတ်ကုန်များတွင် ဒေသအချင်းချင်းအပြန်အလှန် ဈေးကွက်ရှာဖွေပေးခြင်း၊ လိုအပ်ချက်များ ကူညီပံ့ပိုးပေးခြင်းတို့ကို ဆောင်ရွက်လျက်ရှိကြောင်း သိရှိရပါသည်။

ကရင်ပြည်နယ်ဦးစီးရုံးအနေဖြင့် ဌာန၏ မျှော်မှန်းချက်၊ ရည်မှန်းချက်များပြည့်မီစေရေးအတွက် ဝန်ကြီးဌာန၊ ရုံးချုပ်၊ ပြည်နယ်အစိုးရအဖွဲ့တို့၏ လမ်းညွှန်ချက်များ နှင့်အညီ သက်ဆိုင်ရာ ဌာနဆိုင်ရာများ၊ အသင်းအဖွဲ့များ၊ လုပ်ငန်းရှင်များနှင့် ဟန်ချက်ညီညီ ပေါင်းစပ် အကောင်အထည် ဖော်ဆောင်ရွက်နိုင်ခြင်းအားဖြင့် ဒေသတွင်း ပြည်တွင်းကုန်သွယ်မှုဖွံ့ဖြိုးရေးနှင့် SME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် အထောက်အကူများစွာ ပြုနိုင်ခဲ့ပြီး စားသုံးသူကာကွယ်ရေး အသိပညာပေးဟောပြောခြင်းနှင့် ထုတ်ကုန်များလုံခြုံစိတ်ချရမှုရှိစေရေးအတွက် ဈေးကွက်ထောက်လှမ်းခြင်းများ ဆောင်ရွက်နိုင်ကြောင်းသိရှိရပါသည်။

## ချင်းပြည်နယ်

ချင်းပြည်နယ်ဦးစီးမှူးရုံးအနေဖြင့် ၂၀၂၃ ခုနှစ် ဇန်နဝါရီလမှ ဒီဇင်ဘာလအထိ စားသုံးသူအသိပညာပေးဟောပြောခြင်း (၁၃)ကြိမ်၊ လုပ်ငန်းရှင်များနှင့် တွေ့ဆုံဆွေးနွေးခြင်း (၆)ကြိမ်၊ ဈေးကွက်စောင့်ကြည့်စစ်ဆေးခြင်း (၁၅)ကြိမ်၊ Talk Show (၁) ကြိမ်၊ အလုပ်ရုံဆွေးနွေးပွဲ (၁)ကြိမ်၊ ချင်းပြည်နယ် စားသုံးသူကော်မတီအစည်းအဝေး (၁၁)ကြိမ် ကျင်းပဆောင်ရွက်နိုင်ခဲ့ပါသည်။

ထို့အပြင် စားသုံးသူပြည်သူများ၏ အခွင့်အရေးနှင့်အကျိုးစီးပွားကို ကာကွယ်ပေးရန် တက္ကသိုလ်၊ အခြေခံပညာစာသင်ကျောင်းများ၊ ရပ်ကွက်နှင့်ကျေးရွာများတွင် စားသုံးသူကာကွယ်ရေးဆိုင်ရာ အသိပညာပေးခြင်း၊ ကုန်စုံဆိုင်များအား ဈေးကွက်စောင့်ကြည့်စစ်ဆေးခြင်း၊ စီးပွားရေးလုပ်ငန်းရှင်များနှင့်တွေ့ဆုံခြင်း၊ သက်ဆိုင်ရာဌာနများနှင့် ကဏ္ဍအလိုက် ပူးပေါင်းဆောင်ရွက်ခြင်း၊ ကုန်ဈေးနှုန်းတည်ငြိမ်ရေးအတွက် ချင်းပြည်နယ်အစိုးရအဖွဲ့နှင့် ပူးပေါင်းဆောင်ရွက်ခြင်း၊ စားအုန်းဆီ ဝယ်ယူဖြန့်ဖြူးရောင်းချမှု ရှိ/မရှိစစ်ဆေးခြင်း၊ စက်သုံးဆီဆိုင်များ သတ်မှတ်ဈေးနှုန်းနှင့် အရည်အသွေးကောင်းမွန်သော စက်ဆီများရောင်းချပေးရန် စစ်ဆေးဆောင်ရွက်ခြင်း၊ စားသောက်ကုန်ပစ္စည်းများနှင့် လူသုံးကုန်ပစ္စည်းများ ပြတ်လပ်မှုမရှိစေရေး ကြပ်မတ်ဆောင်ရွက်ခြင်းတို့ကို ဆောင်ရွက်လျက်ရှိပါသည်။ချင်းပြည်နယ်အတွင်းပြည်နယ်စားသုံးသူရေးရာကော်မတီအစည်း အဝေးကို တစ်လလျှင်တစ်ကြိမ် ကျင်းပဆောင်ရွက်လျက်ရှိပါသည်။

ပြည်တွင်းကုန်သွယ်မှုဖွံ့ဖြိုးရေးနှင့် သုတေသနဆိုင်ရာလုပ်ငန်းများ လုပ်ငန်းဆောင်ရွက်ချက်များတွင် တောင်သူလယ်သမားအခွင့်အရေးကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေးကို ဦးစားပေးဆောင်ရွက်လျက်ရှိရာ စီးပွားဖြစ်စိုက်ပျိုးသည့် ဝဥ၊ ကော်ဖီ၊ ထောပတ်၊ ငှက်ပျော၊ လိမ္မော်သီးနှင့် ပန်းသီး စသည့်တို့ကို စိုက်ပျိုးလုပ်ကိုင်နေသော တောင်သူများအား ဈေးကွက်ကောင်းရရှိစေရန် စီစဉ်ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ စားသောက်ကုန်ပစ္စည်းများနှင့် စက်သုံးဆီများ အဆမတန် ဈေးနှုန်းမြှင့်တင်ရောင်းချခြင်း မရှိစေရန် ဈေးကွက်အတွင်း ကုန်ဈေးနှုန်းများကောက်ခံပြီး ရုံးချုပ်နှင့် ချင်းပြည်နယ်အစိုးရအဖွဲ့သို့ နေ့စဉ်ပေးပို့ခြင်းများ ဆောင်ရွက်လျက်ရှိပါသည်။

## မွန်ပြည်နယ်

မွန်ပြည်နယ်ဦးစီးမှူးရုံးအနေဖြင့် စားသုံးသူကာကွယ်ရေးဆိုင်ရာလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် အသိပညာပေးဟောပြောခြင်း(၁၃၆)ကြိမ်၊ လုပ်ငန်းရှင်များနှင့်တွေ့ဆုံဆွေးနွေးခြင်း (၁၂၉)ကြိမ်၊ သင်တန်းဖွင့်လှစ်ခြင်း (၄)ကြိမ်၊ ဈေးကွက်စောင့်ကြည့်စစ်ဆေးခြင်း(၂၅၂) ကြိမ်၊ အသိပညာပေးပြခန်းဖွင့်လှစ်ခြင်း (၁)ကြိမ်၊ မွန်ပြည်နယ် စားသုံးသူရေးရာကော်မတီ အစည်းအဝေးကျင်းပခြင်း (၄)ကြိမ် တို့ကို ဆောင်ရွက်နိုင်ခဲ့ပြီး ၂၀၂၃ ခုနှစ် ဇန်နဝါရီလမှ ဒီဇင်ဘာလ အတွင်း စားသုံးသူတိုင်ကြားမှု (၅) လက်ခံရရှိပြီး ဖြေရှင်းဆောင်ရွက်ပေးနိုင်ခဲ့ပါသည်။

မွန်ပြည်နယ် စားသုံးဆီတင်သွင်း၊ သိုလှောင်၊ ဖြန့်ဖြူးခြင်း လုပ်ငန်းကြီးကြပ်ကွပ်ကဲရေး ကော်မတီ အနေဖြင့် စားအုန်းဆီ ကမ္ဘာ့ဈေးနှုန်းဖြစ်ပေါ်ပြောင်းလဲမှုနှင့်အညီ ပြည်တွင်း၌ ဖြစ်သင့်ဖြစ်ထိုက်သည့် ဈေးနှုန်းများဖြစ်ပေါ်စေရေးထိန်းကျောင်းဆောင်ရွက်လျက်ရှိပြီး ပြည်တွင်းဈေးကွက်၌ ရောင်းဝယ်ဖောက် ကားရမည့် အခြေခံလက်ကားရည်ညွှန်းဈေးများကို အပတ်စဉ်ထုတ်ပြန်ပေးလျက်ရှိရာ ရန်ကုန်အထိုင်ဈေး ရည်ညွှန်းလက်ကားဈေးနှုန်းအပေါ် အခြေခံ၍မွန်ပြည်နယ်အရောက် ဈေးနှုန်းများအပေါ် ၂ ရာခိုင်နှုန်း အမြတ်ထက်မပိုသော ဈေးနှုန်းဖြင့် ရောင်းချစေရေး လက်လီ/ လက်ကား ရောင်းချသူများမှ ဈေးကွက် အတွင်း ပြန်လည်ဖြန့်ဖြူးရောင်းချရာတွင် ဈေးနှုန်းအဆမတန်မြှင့်တင် ရောင်းချခြင်းများမပြုလုပ်စေရေး အတွက် ပြည်နယ်/ခရိုင်/မြို့နယ်ရှိ ကုန်ဈေးနှုန်းကြီးကြပ်ရေးအဖွဲ့မှ တာဝန်ရှိသူများက ကွင်းဆင်းကြပ်မတ် ဆောင်ရွက်ခဲ့ပါသည်။

မွန်ပြည်နယ်စားသုံးသူရေးရာဦးစီးဌာနအနေဖြင့် ကုန်သွယ်မှုနှင့် ကုန်စည်စီးဆင်းမှုများမှန်ကန်မြန်ဆန် စေရေးနှင့် ကုန်ဈေးနှုန်းတည်ငြိမ်ရေးတို့အတွက် ပြည်နယ်အတွင်း ဖွင့်လှစ်ထားသည့် စက်သုံးဆီအရောင်း ဆိုင် (၁၆၃) ဆိုင်၏ နေ့စဉ်ရောင်းချလျှက်ရှိသည့် စက်သုံးဆီဈေးနှုန်းများအားကောက်ယူ၍ သတ်မှတ် ဈေးနှုန်းဖြင့် ရောင်းချမှု ရှိ/မရှိ စိစစ်ကြပ်မတ်လျက်ရှိပါသည်။

မွန်ပြည်နယ်တွင် အသင်းအဖွဲ့ပေါင်း (၄၀) သင်း၊ အစုအဖွဲ့ (၄) ဖွဲ့၊ ကုန်စည်ဒိုင် (၁)၊ စုစုပေါင်း အသင်းအဖွဲ့ပေါင်း (၄၅) သင်းဖွဲ့စည်းနိုင်ခဲ့ပါသည်။

မွန်ပြည်နယ်အတွင်း အသေးစား၊ အငယ်စား၊ အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုး တိုးတက်ရေး၊ အရည်အသွေး တိုးတက်ကောင်းမွန်စေရေးအတွက် မွန်ပြည်နယ်အစိုးရအဖွဲ့၏ အနီးကပ်ကြီးကြပ် လမ်းညွှန်မှု များနှင့်အတူ သက်ဆိုင်ရာဌာနများ၊ အသင်းအဖွဲ့များ၊ စီးပွားရေးလုပ်ငန်း ရှင်များနှင့် ပူးပေါင်းဆောင်ရွက်လျှက် ရှိပါသည်။ ထိုသို့ ပူးပေါင်းဆောင်ရွက်ရာတွင် မွန်ပြည်နယ်မှ ထွက်ရှိသော ဆန်များအား ပြည်ပတင်ပို့နိုင်ရေး အတွက် Export Quality အရည်အသွေးမီ အဆင့်မြင့် ဆန်များထုတ်လုပ်နိုင်သည့် တန် (၆၀) ကျ ခေတ်မီဆန် စက်များ တည်ထောင်ခြင်း၊ ဒေသတွင်းမှ ထွက်ရှိသော သဘာဝမြေသြဇာများကို အရည်အသွေးမြှင့်တင်ပြီး အမျိုးအစား၊ အရေအတွက် ပိုမိုထုတ်လုပ်နိုင်ရန် နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေမှ မတည်အရင်းအနှီးများ ထုတ်ချေးပေးခြင်းဖြင့် တွန်းအားပေး ဆောင်ရွက်လျှက်ရှိပါသည်။ ထို့ပြင် ဒေသထွက်သစ်သီးဝလံများဖြစ်သည့် ဒူးရင်း၊ ကျွဲကော၊ မင်းဂွတ် စသည့်သီးနှံများအား အရည်အသွေးများကို ကြာရှည်စွာထိန်းသိမ်းနိုင်ပြီး ပြည်ပ တင်ပို့ရာတွင် အရည် အသွေးမြင့်မားစေရန်အတွက် အအေးခန်းစက်ရုံလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးကိုလည်း တွန်းအားပေး ဆောင်ရွက်ခြင်း၊ ရော်ဘာအရည် အသွေးမြင့်မားရေး၊ ရော်ဘာပိုမိုထုတ်လုပ်နိုင်ရေးအတွက် ရော်ဘာခြံလုပ်ငန်းရှင်များ၊ မှိုင်းခံစက်ရုံများဖွံ့ဖြိုးရေး သက်ဆိုင်ရာဌာနများနှင့် ပူးပေါင်းဆောင်ရွက်ခြင်း၊ ဆားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေး ပူးပေါင်းဆောင်ရွက်ခြင်း၊ မွန်ပြည်နယ်အတွင်းရှိ မုန့်လုပ်ငန်းများ၊ စားသောက် ကုန်လုပ်ငန်းများ အရည်အသွေးမြင့်မားရေး၊ ခေတ်မီဆန်းသစ်သော ထုပ်ပိုးမှုပုံစံများ ထုတ်လုပ်နိုင်ရေးအတွက်

သက်ဆိုင်ရာဌာနများနှင့် ပူးပေါင်းဆောင်ရွက်ခြင်းတို့ကို သက်ဆိုင်ရာဌာများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိပါသည်။

## ရခိုင်ပြည်နယ်

ရခိုင်ပြည်နယ်ဦးစီးမှူးရုံးအနေဖြင့် ၂၀၂၃ ခုနှစ်အတွင်း စားသုံးသူကာကွယ်ရေး ဆောင်ရွက်ချက်များတွင် အသိပညာပေးဟောပြောခြင်း (၁၄၈)ကြိမ်၊လုပ်ငန်းရှင်နှင့်တွေ့ဆုံဆွေးနွေးခြင်း (၃၇) ကြိမ်၊ ဈေးကွက်စောင့်ကြည့်စစ်ဆေးခြင်း (၃၅၄) ကြိမ်၊ ဝန်ထမ်းစွမ်းဆောင်ရည်မြှင့်တင်ရေးသင်တန်းများ ဖွင့်လှစ်ခြင်း (၂) ကြိမ်၊ ရခိုင်ပြည်နယ်စားသုံးသူရေးရာကော်မတီ လုပ်ငန်းညှိနှိုင်းအစည်း အဝေး (၃)ကြိမ် ဆောင်ရွက်နိုင်ခဲ့ပါသည်။

စစ်တွေခရိုင်ဦးစီးမှူးရုံးမှ ဝန်ထမ်းများသည် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ရုံး၌ စစ်တွေမြို့နယ်တွင်ဆန်လုပ်ငန်းရှင်၊ စားသုံးဆီသိုလှောင်ဖြန့်ဖြူးရေးလုပ်ငန်းရှင်၊ အခြားကုန်စည်များလုပ်ငန်းရှင်များနှင့်တွေ့ဆုံ၍ ဈေးနှုန်းအဆမတန်မြင့်မားနေသောကြောင့် စစ်တွေခရိုင်၊ မြို့နယ်ကုန်ဈေး နှုန်းတည်ငြိမ်ရေးလုပ်ငန်းကော်မတီအနေဖြင့် အခြေခံစားသုံးကုန်ရောင်းချသည့် လုပ်ငန်းရှင်များအား ကုန်ဈေးနှုန်းမြှင့်တင်ရောင်းချမှု မပြုစေရေးအတွက် တွေ့ဆုံမှုပြုလုပ်ရာတွင် ဒေသတွင်း စားသောက်ကုန်စည်များမှာ ဈေးနှုန်းအဆမတန်မြှင့်တင်ရောင်းချမှုမပြုရေးအတွက် မိမိတို့ပြည်သူ အချင်းချင်းရိုင်းပင်းကူညီမှုပြုစေရေး ၊ ကုန်စည်များအားလည်း သင့်တင့်သော အမြတ်နှုန်းများကို ရယူပြီး ရောင်းချစေလိုကြောင်းနှင့် စားသုံးဆီနှင့် ပတ်သက်၍ မိမိတို့ဝန်ကြီးဌာနမှ ထုတ်ပြန်ထား သည့် ညွှန်ကြားချက်အမှတ်(၁/၂၀၂၁) ပါ လုပ်ငန်းရှင်များ လိုက်နာဆောင်ရွက်ရမည့်အချက်များ၊ စားသုံးသူကာကွယ်ရေးဥပဒေပါ စီးပွားရေးလုပ်ငန်းရှင်၏ တာဝန်များ၊ ကုန်အညွှန်းအမှတ်အသားဖော်ပြချက်နှင့် စပ်လျဉ်း၍ ထုတ်ပြန်ညွှန်ကြားသည့် ညွှန်ကြားချက်များနှင့် ကိုက်ညီမှုရှိစေရေး အသိပညာပေးဆွေးနွေးခဲ့ခြင်းများ ဆောင်ရွက်နိုင်ခဲ့ပါသည်။

ထို့အပြင် စားသုံးသူအခွင့်အရေးများ အပြည့်အဝရရှိစေရန်နှင့် အကျိုးစီးပွားများကို ကာကွယ်ရန်အတွက် စားသုံးသူကာကွယ်ရေးဆိုင်ရာအသိပညာပေးခြင်းလုပ်ငန်းများကို အခြေခံပညာကျောင်းများ၊ တက္ကသိုလ်၊ ရပ်ကွက်ကျေးရွာများ၊ ဈေးများ၊ စက်ရုံအလုပ်ရုံများ၊ဌာနအသင်းများ၊ တပ်ရင်း တပ်ဖွဲ့များစသည့်နေရာများသို့သွားရောက်၍ စားသုံးသူကာကွယ်ရေးဥပဒေပါ စားသုံးသူအခွင့်အရေးနှင့် တာဝန်များ၊ ကုန်အညွှန်းအမှတ်အသားနှင့် ကိုက်ညီမှုရှိသည့် ကုန်စည်နှင့် ဝန်ဆောင်မှုများ ရွေးချယ်ဝယ်ယူသုံးစွဲကြရန်နှင့် နစ်နာဆုံးရှုံးမှုများဖြစ်ပေါ်လာပါက တိုင်ကြားနိုင်သည့် နည်းလမ်းများအကြောင်း အသိပညာပေးဆွေးနွေးခဲ့ပါသည်။ကုန်စည်များဘေးအန္တရာယ်ရှိ/မရှိဈေးကွက်စောင့်ကြည့်စစ်ဆေးခြင်းလုပ်ငန်းများ၊ကုန်အညွှန်းအမှတ်အသားစိစစ်ခြင်းလုပ်ငန်းများကိုလည်း ဆောင်ရွက်နိုင်ခဲ့ပါသည်။

## ရှမ်းပြည်နယ်

ရှမ်းပြည်နယ်ဦးစီးမှူးရုံးအနေဖြင့် စားသုံးသူကာကွယ်ရေးလုပ်ငန်းများဆောင်ရွက်ရာတွင် စားသုံးသူအသိပညာပေးခြင်း၊ ဈေးကွက်စောင့်ကြည့်စစ်ဆေးခြင်း၊ စီးပွားရေးလုပ်ငန်းရှင်များနှင့် တွေ့ဆုံဆွေးနွေးခြင်း စသည့်လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိရာ ၂၀၂၃ ခုနှစ်အတွင်း အသိပညာ ပေးဟောပြောပွဲဆွေးနွေးခြင်းကို ပြည်နယ်ဦးစီးမှူးရုံးအနေဖြင့် (၂၅) ကြိမ်၊ ဒုတိယပြည်နယ်ဦးစီးမှူးရုံးများဖြစ်ကြသော ရှမ်းပြည်နယ် (မြောက်ပိုင်း)တွင် (၇၄)ကြိမ်၊ ရှမ်းပြည်နယ် (အရှေ့ပိုင်း)တွင် (၁၄) ကြိမ်၊ စုစုပေါင်း (၁၁၃) ကြိမ် ဆောင်ရွက်နိုင်ခဲ့ပါသည်။

စားသုံးသူအသိပညာပေးဟောပြောပွဲများကို ဘုန်းတော်ကြီးကျောင်းများ၊ အခြေခံပညာ ကျောင်းများ၊ တက္ကသိုလ်များ၊ရပ်ကွက်၊ကျေးရွာများ၊ ဌာနဆိုင်ရာ အသင်းအဖွဲ့များ၊ ပရဟိတကျောင်းများတွင် ဆောင်ရွက်ခဲ့ပြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့်ပူးပေါင်း၍ စားသုံးသူများဘေးကင်းလုံခြုံစိတ်ချရမှုရှိစေရေး၊ အခြေခံလိုအပ်ချက်အပေါ် စိတ်ကျေနပ်ရရှိစေရေးနှင့် စားသုံးသူအခွင့်အရေး အပြည့်အဝရရှိစေရေးနှင့် စားသုံးသူနစ်နာမှုများ ပေါ်ပေါက် လာပါ ကဖြေရှင်းဆောင်ရွက်နိုင်ရေးအတွက် တိုင်ကြားရန် နည်းလမ်းများကို အသိပညာပေးဆွေးနွေးပွဲများ တွင်ထည့်သွင်းပြောကြားခြင်း၊ လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်း၊ Facebook နှင့် အွန်လိုင်း မီဒီယာမှတဆင့် ပြည်သူ များထံသို့ စားသုံးသူအသိပညာပေး Talk Show များကိုလည်း ကျင်းပဆောင်ရွက်နိုင်ခဲ့ပါသည်။

ရှမ်းပြည်နယ်အတွင်းရှိ ကုန်စည်နှင့်ဝန်ဆောင်မှုများကို စားသုံးသူပြည်သူများ ဘေးအန္တရာယ်ကင်းရှင်းစွာ အသုံးပြုနိုင်စေရန်၊ စီးပွားရေးလုပ်ငန်းရှင်များအနေဖြင့် ၎င်းတို့၏ ကုန်စည်များတွင် စားသုံးသူကာကွယ်ရေးဥပဒေပါ ကုန်အညွှန်းအမှတ်အသားများပြည့်စုံစွာဖော်ပြမှု ရှိ/မရှိ ဈေးကွက်စောင့်ကြည့်စစ်ဆေးလျက်ရှိရာ ၂၀၂၃ ခုနှစ်အတွင်း ပြည်နယ်ဦးစီးမှူးရုံးအနေဖြင့် (၁၂၇)ကြိမ်၊ ဒုတိယပြည်နယ်ဦးစီးမှူးရုံးများဖြစ်ကြသော ရှမ်းပြည်နယ် (မြောက်ပိုင်း) တွင် (၁၄၇)ကြိမ်၊ ရှမ်းပြည်နယ် (အရှေ့ပိုင်း)တွင် (၆၇)ကြိမ်၊ စုစုပေါင်း ( ၃၄၁) ကြိမ် ဆောင်ရွက်နိုင်ခဲ့ပါသည်။ ထို့သို့ ဈေးကွက်စောင့်ကြည့်စစ်ဆေးရာတွင် စည်ပင်သာယာရေးဈေးများ၊ ကုန်စုံဆိုင်များ၊ စတိုးဆိုင်များ၊ စက်သုံးဆီဆိုင်များ၊ စားသုံးဆီအမျိုးမျိုး၊ ကလေးအာဟာရဖြည့်စွက်စာနှင့် အသင့်သောက်အချိုရည်အမျိုးမျိုး၊ စိုက်ပျိုးရေးသုံးပစ္စည်းဆိုင်နှင့် ဓာတ်မြေဩဇာဆိုင်များ၊စားသောက်ကုန်လုပ်ငန်းများ၊ သောက်ရေသန့်လုပ်ငန်းများ၊ မုန့်လုပ်ငန်းများ၊ ကော်ဖီလုပ်ငန်းများ၊ ငါးမုန့်ကြော်လုပ်ငန်းများ၊ ဂျုံခေါက်ဆွဲလုပ်ငန်းများ၊ ပဲငံပြာရည်လုပ်ငန်းများ၊ ဆေးဆိုင်များ၊ ကျောင်းမုန့် ဈေးတန်းများ စသည့်နေရာများတွင် သွားရောက်စစ်ဆေးခဲ့ပါသည်။

စားသုံးသူကာကွယ်ရေး လုပ်ငန်းဆောင်ရွက်ရာတွင် စားသုံးသူများကို အသိပညာပေးခြင်း သာမက စီးပွားရေးလုပ်ငန်းရှင်များကိုလည်း အသိပညာပေးခြင်း၊ ဆွေးနွေးခြင်းများ ဆောင်ရွက်လျက်ရှိရာ စီးပွားရေးလုပ်ငန်းရှင်များနှင့် တွေ့ဆုံဆွေးနွေးခြင်းကို ၂၀၂၃ ခုနှစ်အတွင်း ပြည်နယ်ဦးစီးမှူးရုံးအနေဖြင့် (၁၀၇)ကြိမ်၊

ဒုတိယပြည်နယ်ဦးစီးမှူး ရုံးများဖြစ်ကြသော ရှမ်းပြည်နယ် (မြောက်ပိုင်း) တွင် (၉၈)ကြိမ်၊ ရှမ်းပြည်နယ် (အရှေ့ပိုင်း)တွင် (၂၈)ကြိမ်၊ စုစုပေါင်း (၂၃၃ ) ကြိမ် ဆောင်ရွက်နိုင်ခဲ့ပါသည်။

စားသုံးသူတိုင်ကြားမှုများကို လက်ခံဖြေရှင်းဆောင်ရွက်ရာတွင် ရှမ်းပြည်နယ်ဦးစီးမှူးရုံး၌ (၅)မှု၊ ရှမ်းပြည် နယ် (မြောက်ပိုင်း)၌ (၃) မှု နှင့် ရှမ်းပြည်နယ် (အရှေ့ပိုင်း)တွင် (၂)မှု ၊ စုစုပေါင်း(၇ မှု လက်ခံရရှိခဲ့ပြီး အမှုအားလုံး ဖြေရှင်းဆောင်ရွက်ပေးနိုင်ခဲ့ပါသည်။

ရှမ်းပြည်နယ် စားသုံးသူရေးရာကော်မတီအနေဖြင့် လုပ်ငန်းညှိနှိုင်းအစည်းအဝေးများ ကျင်းပလျက်ရှိရာ ၂၀၂၃ ခုနှစ်အတွင်း မတ်လတွင်( ၁)ကြိမ်၊ ဇွန်လတွင် (၁)ကြိမ် နှင့် စက်တင်ဘာ လတွင် (၁)ကြိမ် ၊ စုစုပေါင်း(၃)ကြိမ် ဆောင်ရွက်နိုင်ခဲ့ပါသည်။

(15.3.2023)ရက်နေ့တွင် ကျရောက်ခဲ့သည့် ကမ္ဘာ့စားသုံးသူအခွင့်အရေးများနေ့ ( World Consumer Rights Days) ကို “စားသုံးသူကဏ္ဍ မြှင့်တင့်ဖို့ သန့်ရှင်းစွမ်းအင် ကူးပြောင်းစို့” ဟူသည့်ဆောင်ပုဒ်ကို ဆိုင်းဘုတ်၊ ပိုစတာကြီးများပြုလုပ်၍ လူစည်ကားရာ လမ်းဆုံ၊ ရုံးရှေ့များတွင် ချိတ်ဆွဲ ဆောင်ရွက်နိုင်ခဲ့ကြောင်း၊ရှမ်းပြည်နယ် (တောင်ပိုင်း)၊ တောင်ကြီးမြို့ရှိ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းရုံး( SSSCCI) တွင် ရှမ်းပြည် နယ်စားသုံးသူရေးရာ ကော်မတီ ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ အသင်းအဖွဲ့များအား ဖိတ်ကြား၍ ကိန္နရီ၊ကိန္နရာ ရှမ်းရိုးရာ အကအလှများဖြင့် ဂုဏ်ပြုကပြဖျော်ဖြေခဲ့ကြောင်း၊ ရှမ်းပြည်နယ်စားသုံးသူရေးရာ ကော်မတီဥက္ကဋ္ဌက အဖွင့်အမှာစကားပြောကြားခဲ့ပြီး အခမ်းအနားတက်ရောက်လာသူများအား စားသုံးသူကာကွယ် ရေးဆိုင်ရာ အသိပညာပေးဗီဒီယိုဖိုင်များ ပြသပေးခဲ့ကြောင်း၊ ရှမ်းပြည်နယ် ဦးစီးမှူးမှ စားသုံးသူ ကာကွယ်ရေးရာအကြောင်းသိကောင်းစရာများကို ရှင်းလင်းတင်ပြဆွေးနွေးခဲ့ပြီး မှတ်တမ်းဓာတ်ပုံ များရိုက်ကူး၍ ခန်းမအတွင်းခင်းကျင်းပြသထားသော ပြခန်းများအား လှည့်လည်ကြည့်ရှုလေ့လာခဲ့ပြီး အခမ်းအနားကို ရုပ်သိမ်းခဲ့ကြောင်း သိရှိရပါသည်။

ပြည်တွင်းကုန်သွယ်ရေးနှင့်ဖွံ့ဖြိုးမှုနှင့် သုတေသနလုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် ပြည်နယ်၊ခရိုင်၊မြို့နယ်အလိုက် အသင်းအဖွဲ့၊အစုအဖွဲ့၊ ကုန်စည်ဒိုင်၊ ဇုန်များ ဖွဲ့စည်းဆောင်ရွက်လျက်ရှိပါသည်။ ထို့အပြင် နေ့စဉ်စက်သုံးဆီအရောင်းဆိုင်များ ဖွင့်လှစ်ရောင်းချမှု အခြေအနေနှင့် စက်သုံးဆီဘောက်ဆာကားများ ရောက်ရှိမှုအခြေအနေများ နေ့စဉ်ကုန်ဈေးနှုန်းများပေးပို့ခြင်း၊ အပတ်စဉ် ဓာတ်မြေဩဇာနှင့် ပိုးသတ်ဆေးဈေးနှုန်း၊ ဘိလပ်မြေဈေးနှုန်း၊ စားဖိုဆောင် သီးနှံများ၏ လက်လီလက်ကားဈေးနှုန်းများ ပြုစုပေးပို့ခြင်း၊ အပတ်စဉ်အစေ့ ထုတ်ပြောင်းနှင့် ဆီထွက်သီးနှံအခြေအနေ ပြုစုပေးပို့ခြင်း၊ သီးနှံဇုန်နှင့်သစ်သီးဝလံများ၏ စိုက်၊ အောင်၊ ထွက် နှင့် စားသုံးပိုလျှံမှုများ၊ စိုက်ပျိုးထုတ်လုပ်မှု ကုန်ကျစရိတ်များ၊ အကျိုးအမြတ်တွက်ချက်မှု ပြုစုတင်ပြခြင်း၊ ဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်းမှ စားသုံးသူပြည်သူများ စားအုန်းဆီသက်သာသော ဈေးနှုန်းဖြင့် လှည့်လည်ဖြန့်ဖြူးရောင်းချခြင်းတို့ကို ဆောင်ရွက်နိုင်ခဲ့ပါသည်။

# သတင်းအချက်အလက်နည်းပညာနှင့်အရည်အသွေးစီမံခန့်ခွဲမှုကဏ္ဍ

## ဓာတ်ခွဲစမ်းသပ်စစ်ဆေးခြင်း

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ စားသုံးသူရေးရာဦးစီးဌာန၊ ကုန်ပစ္စည်း စမ်းသပ်စစ်ဆေးရေးနှင့် အရည်အသွေးစီမံခန့်ခွဲမှုဌာနစု (CTQM) ရှိ ဓာတ်ခွဲခန်းများအနေဖြင့် လာရောက်အပ်နှံသည့် ဆန်၊ ဆန်ကွဲ၊ ပဲမျိုးစုံနှင့် ဆီထွက်သီးနှံများအပါအဝင် လယ်ယာထွက်ကုန် သီးနှံများနှင့် စားသုံးဆီများ၏ အရည်အသွေးများကို ဓာတ်ခွဲစမ်းသပ်စစ်ဆေးပေးလျက်ရှိရာ ၂၀၂၃ ခုနှစ်၊ ဇန်နဝါရီလမှ နိုဝင်ဘာလအထိ ကုန်ပစ္စည်း (၄၆) မျိုး၊ နမူနာ (၇၅၅) ခု၊ စုစုပေါင်းဓာတ်ခွဲ စမ်းသပ်စစ်ဆေးမှု (၂,၂၂၅) ခု စမ်းသပ်စစ်ဆေးခဲ့ပါသည်။

## နိုင်ငံတကာအသိအမှတ်ပြုလက်မှတ် ISO/ IEC 17025: 2017 ရရှိရေးလုပ်ငန်းဆောင်ရွက်ခြင်း

ကုန်ပစ္စည်းစမ်းသပ်စစ်ဆေးရေးနှင့်အရည်အသွေးစီမံခန့်ခွဲမှုဌာနစုရှိ ဓာတ်ခွဲခန်းများအနေဖြင့် နိုင်ငံတကာ အသိအမှတ်ပြုလက်မှတ်မရရှိသေးသော်လည်း ဓာတ်ခွဲခန်းရလဒ်အပြေဆိုင်ရာ ဆောင်ရွက်ချက်ဖြစ်သည့် အရည်အသွေးစမ်းသပ်ခြင်း အရည်အချင်းစစ်ဆေးမှုအစီအစဉ် (Proficiency Testing-PT) ဆောင်ရွက်လျက်ရှိရာ ပိုးသတ်ဆေးကြွင်းဓာတ်ခွဲခန်း (၃) ကြိမ်၊ မှိုဆိပ် ဓာတ်ခွဲခန်း (၁) ကြိမ်နှင့် သီးနှံဓာတုဓာတ်ခွဲခန်း (၁) ကြိမ် စုစုပေါင်း (၅) ကြိမ် ရရှိထားပါသည်။

## ဓာတ်ခွဲခန်းများအဆင့်မြှင့်တင်ရေးဆောင်ရွက်ခြင်း

ဓာတ်ခွဲခန်းများနှင့် ဓာတ်ခွဲစမ်းသပ်ခြင်းလုပ်ငန်းများအား ပြည်တွင်း၊ ပြည်ပလုပ်ငန်းရှင် များနှင့် အကျိုးတူပူးပေါင်းဆောင်ရွက်နိုင်ရေးအတွက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၊ စီးပွားရေးရာကော်မတီနှင့် ပြည်ထောင်စုအစိုးရအဖွဲ့တို့၏ ခွင့်ပြုချက်ဖြင့် မြန်မာ့အလင်းသတင်းစာ၊ The Global New Light of Myanmar တို့၌ ထည့်သွင်း၍ စိတ်ဝင်စားမှု အဆိုပြုလွှာ (Expression of Interest - EOI) ခေါ်ယူခဲ့ရာ သတ်မှတ်ကာလအတွင်း ပြည်တွင်း/ပြည်ပကုမ္ပဏီ (၃)ခုတို့က လျှောက်ထားလာမှုအပေါ် အတည်ပြုရွေးချယ်နိုင်ရေး စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဆောင်သည့် စိတ်ဝင်စားမှုအဆိုပြုလွှာ အတည်ပြုရွေးချယ်ရေးအဖွဲ့တို့ကို ဖွဲ့စည်းနိုင်ရေး ဆောင်ရွက်လျက်ရှိပါသည်။








(1989)
FAO (1990)








သိုလှောင်သီးနှံဖျက်ပိုးအမျိုးမျိုး

**ရော်ဘာများ၏ အရည်အသွေးနှင့်ပတ်သက်၍ ဓာတ်ခွဲစစ်ဆေးခြင်းနှင့် စစ်ဆေးချက်လက်မှတ် ထုတ်ပေးခြင်း**

ကုန်ပစ္စည်း စမ်းသပ်စစ်ဆေးရေးနှင့် အရည်အသွေးစီမံခန့်ခွဲမှုဌာနစု (လှည်းကူး) တွင် မြန်မာ့သဘာဝရော်ဘာ အရည်အသွေးစမ်းသပ်စစ်ဆေးရေးဓာတ်ခွဲခန်း (Myanmar Natural Rubber Quality Testing Laboratory- MNRQTL) ကို တည်ထောင်ခဲ့ပါသည်။ အဆိုပါ ဓာတ်ခွဲခန်းမှ Technically Specified Rubber (TSR) ရော်ဘာများ၏ ဖုန်၊ သဲ၊ ခဲ၊ အမှိုက် ပါဝင်မှု (Dirt content)၊ ပြာပါဝင်မှု (Ash content)၊ အငွေ့ပျံနိုင်သော ဒြပ်ပစ္စည်းပါဝင်မှု (Volatile Matter content)၊ နိုက်ထရိုဂျင်ပါဝင်မှု (Nitrogen content)၊ အသားသေသတ္တိ (Initial Plasticity) နှင့် အသားသေသတ္တိအညွှန်း (Plasticity Retention Index) စသည့် Parameter များကို စမ်းသပ်စစ်ဆေးပေးလျက်ရှိပါသည်။

MNRQTL အနေဖြင့် အပြည်ပြည်ဆိုင်ရာရော်ဘာအသင်း (International Rubber Association - IRA) ၏ အသိအမှတ်ပြုလက်မှတ်ကို ၂၀၂၁ ခုနှစ်၊ မေလ ၄ ရက်နေ့တွင် ရရှိပြီး ဆက်လက်၍ နိုင်ငံတကာ အသိအမှတ်ပြုလက်မှတ် (ISO/IEC 17025) ရရှိရေး လုပ်ငန်းစဉ်များကို လည်း ဆောင်ရွက်လျက်ရှိပါသည်။



**ပို့ကုန်အရည်အသွေးစီမံခန့်ခွဲရေးဆိုင်ရာကိစ္စရပ်များတွင် ပူးပေါင်းဆောင်ရွက်ခြင်း**

ဥရောပသမဂ္ဂနိုင်ငံများသို့ ပဲပင်ပေါက်ဖောက်ရန်အတွက် မြန်မာပဲများတင်ပို့နိုင်ရေးလုပ်ငန်း ကြီးကြပ်ရေးအဖွဲ့ကို စားသုံးသူရေးရာဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်က ဥက္ကဋ္ဌအဖြစ် တာဝန်ယူပြီး ဆောင်ရွက်လျက်ရှိပါသည်။ ၂၀၁၅ ခုနှစ်မှ စတင်၍ ဥရောပသမဂ္ဂနိုင်ငံများသို့ ပဲပင်ပေါက်ဖောက်ရန် အတွက် မြန်မာပဲများကို နှစ်စဉ်တင်ပို့လျက်ရှိရာ ၂၀၂၃ ခုနှစ်၊ ဇန်နဝါရီလမှ နိုဝင်ဘာလအထိ ကုမ္ပဏီ ၅ ခုမှ ပဲတီစိမ်း တန်ချိန် စုစုပေါင်း (၈၅၉၇.၀၂၅) တန် တင်ပို့ခဲ့ပါသည်။

၂၀၂၃-၂၀၂၄ ခုနှစ် ပဲရာသီတွင် ဥရောပသမဂ္ဂနိုင်ငံများသို့ ပဲပင်ပေါက်ဖောက်ရန်အတွက် မြန်မာပဲ များကိုတင်ပို့ရန် အဆိုပြုလာသည့်ကုမ္ပဏီ(၁၁)ခု၏ တောင်သူများအား တောင်သူပညာပေး သင်တန်းများ

ပို့ချရာတွင် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ စားသုံးသူရေးရာဦးစီးဌာနက အုပ်ချုပ်ထောက်ပံ့ရေးဆိုင်ရာ လုပ်ငန်းစဉ်များကိုလည်းကောင်း၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ စိုက်ပျိုးရေးဦးစီးဌာနက GAP/GHP ဆိုင်ရာ ဘာသာရပ်များအား ပို့ချခြင်းဖြင့်လည်းကောင်း၊ သင်တန်းကုန်ကျစရိတ်အဝဝအား ပဲတင်ပို့သူအစုအဖွဲ့က ပံ့ပိုးပေးခြင်းဖြင့်လည်းကောင်း အစိုးရ-ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်မှုဖြင့် ပဲခူးတိုင်းဒေသကြီး၊ ကဝမြို့နယ်နှင့် ရန်ကုန်တိုင်းဒေသကြီး၊ သုံးခွ၊ သန်လျင်၊ ခရမ်းနှင့် ကျောက်တန်း မြို့နယ်တို့ရှိ တောင်သူ (၆၅၂)ဦးတို့အား သင်ကြားပို့ချနိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိပါသည်။

တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ မြန်မာနိုင်ငံမှ ဆန်နှင့်ဆန်ကွဲကိုတင်ပို့ရန်စစ်ဆေးခြင်းနှင့်ပိုးမွှားကင်းစင်ရေးသဘောတူစာချုပ်ကို ၂၀၁၄ ခုနှစ်နှင့် ၂၀၂၀ ပြည့်နှစ်တို့၌ လက်မှတ်ရေးထိုးခဲ့ပါ သည်။ ဘဏ္ဍာနှစ်အလိုက် တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ ဆန်နှင့် ဆန်ကွဲတင်ပို့ ခွင့်ရရှိထားသည့် ကုမ္ပဏီများစာရင်းမှာ ၂၀၂၁-၂၀၂၂ ဘဏ္ဍာနှစ်တွင် ကုမ္ပဏီ(၄၃)ခု၊ ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် ကုမ္ပဏီ (၁၈) ခုထိ ဆောင်ရွက်နိုင်ခဲ့ပါသည်။

၂၀၂၃-၂၀၂၄ ခုနှစ်အတွက် တရုတ်နိုင်ငံသို့ ဆန်နှင့်ဆန်ကွဲ တင်ပို့ခွင့်ရရှိရေးအတွက် ကုမ္ပဏီအသစ် ၇၆ ခု၏ ဆန်စက် ၇၆ စက်နှင့် Transit သိုလှောင်ရုံ ၁၆ လုံးအပါအဝင် စုစုပေါင်းကုမ္ပဏီ ၁၂၂ ခု၏ ဆန်စက် ၁၂၆ စက်နှင့် သိုလှောင်ရုံ ၃၁ လုံးတို့၏ ဆန်စက်နှင့် သိုလှောင်ရုံ စစ်ဆေးချက် မှတ်တမ်းကို စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနထံသို့ ပေးပို့ထားပြီး ဖြစ်ပါသည်။ ကုမ္ပဏီအသစ် ၇၆ ခု၏ စာရင်းကို တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ GACC တွင်မှတ်ပုံတင်နိုင်ရေး နိုင်ငံ ခြားရေးဝန်ကြီးဌာနမှတစ်ဆင့် တရုတ်နိုင်ငံ၊ GACC သို့ ညှိနှိုင်းပေးပို့ထားပြီးဖြစ်ပါသည်။

## စိုက်ပျိုးရေးအခြေခံထုတ်ကုန် စံချိန်စံညွှန်းများရေးဆွဲပြုစုခြင်း

စိုက်ပျိုးရေးအခြေခံထုတ်ကုန် စံချိန်စံညွှန်းရေးဆွဲရေး နည်းပညာဆပ်ကော်မတီကို စားသုံးသူရေးရာဦးစီးဌာန၊ ဒုတိယညွှန်ကြားရေးမှူးချုပ်က ဥက္ကဋ္ဌ ဖြစ်တာဝန်ယူ၍ လယ်ယာထွက်ကုန် သီးနှံ (၄၄) မျိုးအား မြန်မာစံချိန်စံညွှန်းများအဖြစ် ရေးဆွဲပြုစုနိုင်ရေးတင်ပြခြင်း၊ အတည်ပြုပြီးဖြစ်သည့် စံချိန်စံညွှန်းများအား စံချိန်စံညွှန်းလုပ်ငန်းကော်မတီသို့ တင်ပြခြင်းများ ဆောင်ရွက်လျက်ရှိပါ သည်။ နည်းပညာဆပ်ကော်မတီအဆင့်တွင် အတည်ပြုပြီးဖြစ်သည့် သီးနှံ အမယ် (၃၄) ခုအနက် မြန်မာ့ဆန် (Amendment)၊ စပါးနှင့် ကန်စွန်းဥ အပါအဝင် သီးနှံအမယ် (၃၂) ခုအား မြန်မာစံချိန် စံညွှန်းများအဖြစ် အမျိုးသားစံချိန်စံညွှန်းကောင်စီက ထုတ်ပြန်ခဲ့ပြီးဖြစ်ပါသည်။ ပဲတီစိမ်း၊ ငရုတ်စပ် နှင့် ငရုတ်ကောင်းတို့အား မြန်မာစံချိန်စံညွှန်း (မူကြမ်း) များအဖြစ် ဆက်လက်ရေးဆွဲပြုစုလျက်ရှိပါသည်။

## ဆန်စပါးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်ခြင်း

၂၀၂၂ ခုနှစ်၊ အောက်တိုဘာလ ၆ ရက်နေ့မှ ၇ ရက်နေ့အထိ အပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန (၂) ၌ ကျင်းပပြုလုပ်ခဲ့သည့် **မြန်မာ့ဆန်စပါးညီလာခံ ၂၀၂၂** ၏ ဖော်ထုတ်ချက်များအရ “ဆန်စပါးကြိတ်ခွဲထုတ်လုပ်ရေး နည်းပညာဆိုင်ရာကျွမ်းကျင်မှုသင်တန်း” ၂၀၂၃ ခုနှစ်၊ ဇွန်လ ၁၉ ရက်နေ့မှ ဇူလိုင်လ ၂၈ ရက်နေ့အထိ ကုန်ပစ္စည်းစမ်းသပ်စစ်ဆေးရေးနှင့် အရည်အသွေးစီမံခန့်ခွဲမှု ဌာနစု (လှည်းကူး) နှင့် အမှတ် (၁)၊ စက်မှုသင်တန်းကျောင်း (ဆင်တဲ) တို့တွင် ဖွင့်လှစ်ပို့ချခဲ့ရာ သင်တန်းသား၊ သင်တန်းသူ စုစုပေါင်း (၄၂) ဦး တက်ရောက်ခဲ့ကြပါသည်။




သိုလှောင်ရုံကုန်အပ်လက်မှတ်ကို အခြေပြုသည့် ငွေကြေးထောက်ပံ့မှုစနစ် (Warehouse Receipt Financing System) အကောင်အထည်ဖော် ဆောင်ရွက်ရေး အလုပ်ရုံဆွေးနွေးပွဲကို ၂၀၂၃ ခုနှစ်၊ ဇူလိုင်လ ၃၀ ရက်နေ့တွင် ကျင်းပခဲ့ပြီး အဆိုပါအလုပ်ရုံဆွေးနွေးပွဲမှ ဖော်ထုတ်ချက် (၁၂) ချက်ရရှိခဲ့ပါသည်။ အဆိုပါဖော်ထုတ်ချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရန်အတွက် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးက ဥက္ကဋ္ဌ အဖြစ်တာဝန်ယူ၍ သက်ဆိုင်ရာ ဝန်ကြီးဌာနများ၊ ပုဂ္ဂလိက အသင်းအဖွဲ့များအပါအဝင် ကျွမ်းကျင်ပညာရှင်များပါဝင်သည့် သိုလှောင်ရုံကုန်အပ်လက်မှတ်ကို အခြေပြုသည့် ငွေကြေးထောက်ပံ့မှုစနစ် အကောင်အထည် ဖော်ဆောင်ရွက်ရေးလုပ်ငန်းအဖွဲ့ (Task Force) နှင့် အစိုးရ ကဏ္ဍဆိုင်ရာ လုပ်ငန်းအဖွဲ့ခွဲ (Working Group) တို့ကို ဖွဲ့စည်းထားရှိပါသည်။

ဆန်ဈေးကွက်နှင့် ဆန်ဈေးနှုန်းတည်ငြိမ် မှန်ကန်စေရန် အတွက် Online Service အစီအစဉ်တစ်ရပ်ဖြစ်သည့် မြန်မာ ဆန်စပါးအွန်လိုင်း (Myanmar Rice Online – My RO) အား My RO Website မိတ်ဆက်ပွဲနှင့် My RO တွင် ဆန်စပါးသိုလှောင်ရုံများ မှတ်ပုံတင်ခြင်းနှင့်ပတ်သက်၍ ရှင်းလင်းဆွေးနွေးပွဲကို

၂၀၂၃ ခုနှစ်၊ နိုဝင်ဘာလ ၃ ရက်နေ့၌ သင်္ဂဟဟိုတယ်၊ နေပြည်တော်တွင် ကျင်းပပြုလုပ်ခဲ့ပါသည်။ အဆိုပါအခမ်းအနားသို့ သက်ဆိုင်ရာ အစိုးရဌာနများနှင့် ပုဂ္ဂလိကအသင်း အဖွဲ့များက ကိုယ်စားလှယ် (၂၄၂) ဦး တက်ရောက်ခဲ့ပါသည်။

ဆန် တန်ချိန် (၅၀) (သို့မဟုတ်) စပါးတင်း (၅,၀၀၀) နှင့်အထက် သိုလှောင်မည်ဆိုပါက MyRO Website တွင် သိုလှောင်ရုံမှတ်ပုံတင်ခြင်း ဆောင်ရွက်ရမည် ဖြစ်ပါသည်။ MyRO Website တွင် သိုလှောင်ရုံ မှတ်ပုံတင်ရန်အတွက် လူပုဂ္ဂိုလ်/ လုပ်ငန်းရှင်၊ ဆန်စက်/ ကုမ္ပဏီ/ အဖွဲ့အစည်း၊ သိုလှောင်ရုံကုန်အပ်စနစ်ကို အဓိကဆောင်ရွက်ခြင်း (Professional သိုလှောင်ရုံလုပ်ငန်းများ) ဟူ၍ အုပ်စု (၃) စု ခွဲခြားထားပြီး မှတ်ပုံတင်ကြေးအနေဖြင့် ပထမအုပ်စုသည် ကျပ် ၃၀,၀၀၀ မှ ၈၀,၀၀၀ အထိ၊ ဒုတိယ အုပ်စုသည် ကျပ် ၅၀,၀၀၀ မှ ၁၅၀,၀၀၀ အထိ၊ တတိယအုပ်စုသည် ကျပ် ၁၀၀,၀၀၀ မှ ၂၀၀,၀၀၀ အထိ ပေးဆောင်ရမည် ဖြစ်ပါသည်။





## ပြည်တွင်းကုန်သွယ်မှုကဏ္ဍ

### ၂၀၂၃ ခုနှစ်၊ ဇန်နဝါရီလမှ ဒီဇင်ဘာလအထိလုပ်ငန်းဆောင်ရွက်မှု

စားသုံးသူရေးရာဦးစီးဌာန၊ ပြည်တွင်းကုန်သွယ်ရေးဖွံ့ဖြိုးမှုနှင့် သုတေသနဌာနခွဲအနေဖြင့် အခြေခံစားသောက်ကုန်များအပါအဝင် လယ်ယာထွက်ကုန်သီးနှံများ၏ ဈေးနှုန်းဆိုင်ရာအချက်အလက်များကို အခြေခံ၍ ဈေးနှုန်းကြီးမြင့်မှု၊ ကုန်ပစ္စည်းပြတ်လပ်မှုများအပေါ် အမြန်ဆုံး ထိရောက်စွာဖြေရှင်းနိုင်ရန်အတွက် ပြည်တွင်းရှိ အခြေခံစားကုန်များအပါအဝင် ကုန်ပစ္စည်းများ၏ စိုက်ပျိုးထွက်ရှိမှု၊ ဈေးကွက်/ ဈေးနှုန်း အခြေအနေများနှင့်ပတ်သက်သည့်သတင်းများအပေါ် သုံးသပ်ချက်များနှင့်တကွပြုစု၍ ပြည်ထောင်စုဝန်ကြီးရုံးသို့ နေ့စဉ် တင်ပြဆောင်ရွက်လျှက်ရှိပါသည်။

ယခင်ကာလက ပြုစုခဲ့သည့် **မြန်မာ့ဆန်စပါးသမိုင်းစာအုပ်** ပါ အချက်အလက်များအပေါ် လက်ရှိကာလနှင့်သက်ဆိုင်သည့်အချက်အလက်များ ထပ်မံထည့်သွင်းပြုစု၍ ၂၀၂၃ ခုနှစ်၊ လွတ်လပ်ရေးနေ့ အထိမ်းအမှတ်အဖြစ် **မြန်မာ့ဆန်စပါးသမိုင်း ၂၀၂၃ စာအုပ်**ကို ထုတ်ဝေခဲ့ပြီး စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ၊ ဝန်ကြီးရုံး ၊ ဝန်ကြီးဌာနရှိ ဦးစီးဌာနများ ၊ စားသုံးသူရေးရာဦးစီးဌာန၊ တိုင်းဒေသကြီး/ ပြည်နယ်ဦးစီးမှူးရုံးများနှင့် ဆက်စပ်ဌာနများသို့ ဖြန့်ဝေခဲ့ပါသည်။

"မြန်မာ့ဆန်စပါးညီလာခံ - ၂၀၂၂ ၏ ဆွေးနွေးဖော်ထုတ်ချက်များအနက် **ဆန်စပါးဥပဒေ** ရေးဆွဲရန်အတွက် ဆန်စပါးဥပဒေ(မူကြမ်း)ကို ပြင်ဆင်ရေးဆွဲပြုစုလျှက်ရှိပြီး ဆန် အဓိက စိုက်ပျိုးထွက်ရှိသော တိုင်းဒေသကြီး/ပြည်နယ်များရှိ **ပြည်သူများသို့ ချပြဆွေးနွေးခြင်း (Public Consultation)** များ ပြုလုပ်ခဲ့ရာ ၂၀၂၃ ခုနှစ်၊ မတ်လမှစ၍ နေပြည်တော်၊ ရန်ကုန်/ ဧရာဝတီ/ ပဲခူးတိုင်းဒေသကြီး၊ မွန်/ ရခိုင် ပြည်နယ်များသို့ သွားရောက်၍ ဆွေးနွေးပွဲများပြုလုပ်ခြင်း၊ တိုင်းဒေသကြီး/ ပြည်နယ်များတွင်လည်း ၎င်းတို့၏အစီအစဉ်ဖြင့် ဆွေးနွေးပွဲများပြုလုပ်ခြင်းမှ ရရှိခဲ့သည့်အချက်များကို ဆန်စပါးဥပဒေ(မူကြမ်း)တွင် လိုအပ်သလိုထည့်သွင်းရေးဆွဲပြီးအဆိုပါဆန်စပါးဥပဒေ(မူကြမ်း)နှင့်ပတ်သက်၍ပြည်ထောင်စုဝန်ကြီးရုံးမှတစ်ဆင့် ဥပဒေရေးရာဝန်ကြီးဌာနသို့၂၀၂၃ခုနှစ်၊ဇွန်လတွင်ပထမအကြိမ်အဖြစ်လည်းကောင်း၊စက်တင်ဘာလတွင်ဒုတိယအကြိမ်အဖြစ်လည်းကောင်း သဘောထားမှတ်ချက် တောင်းခံထားပါသည်။

စားသုံးသူရေးရာဦးစီးဌာန၊ တိုင်းဒေသကြီး/ပြည်နယ်များအနေဖြင့် သက်ဆိုင်ရာဒေသအလိုက် အစိုးရအဖွဲ့များမှကြီးမှူးကျင်းပပြုလုပ်သော**အသေးစား၊အငယ်စားနှင့်အလတ်စား(MSMEs)စီးပွားရေးလုပ်ငန်းများ**၏ ဒေသထုတ်ကုန် ကုန်စည်ပြပွဲများကို ခင်းကျင်းပြသနိုင်ရေးအတွက် MSMEs စီးပွားရေးလုပ်ငန်းရှင်များအား ချိတ်ဆက်ပေးခြင်း၊ Talk Show စကားဝိုင်း ကျင်းပပြုလုပ်ခြင်းများ ဆောင်ရွက်ပေးခဲ့ပါသည်။

စားသုံးသူရေးရာဦးစီးဌာန၊ မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့နှင့် မူပိုင်ခွင့်ဦးစီးဌာနတို့မှ ညွှန်ကြားရေးမှူးချုပ်များဦးဆောင်သော **ပြည်ပပို့ကုန်တိုးမြှင့်တင်ပို့မှုဆိုင်ရာ ပေါင်းစပ်ညှိနှိုင်းရေး လုပ်ငန်းအဖွဲ့ (Export Promotion Task Force)** သည် ၂၀၂၃ ခုနှစ်၊ ဇွန်လ(၁၀)ရက်နေ့မှ (၁၃)ရက်နေ့ထိ မန္တလေးတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်တို့ရှိ ဌာနဆိုင်ရာများ၊ အသင်းအဖွဲ့များနှင့်တွေ့ဆုံ၍ ဒေသတွင်း စိုက်ပျိုးထုတ်လုပ်သည့် လယ်ယာထွက်ကုန်သီးနှံများ ပြည်ပသို့တိုးမြှင့်တင်ပို့နိုင်ရေးအတွက် ဆွေးနွေးပွဲများကျင်းပပြုလုပ်ခဲ့ပြီး ဆွေးနွေးရရှိသည့်အချက်များအား အကောင်အထည်ဖော်နိုင်ရေးအတွက် သက်ဆိုင်ရာဌာနများ၊ အသင်းအဖွဲ့များနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိပါသည်။

**စားသုံးဆီတင်သွင်း သိုလှောင် ဖြန့်ဖြူးခြင်း လုပ်ငန်းကြီးကြပ်ရေးကော်မတီ**

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ မြန်မာ ကုန်ပစ္စည်းစစ်ဆေးရေးနှင့် စမ်းသပ်မှုလုပ်ငန်းလီမိတက်၊ မြန်မာနိုင်ငံ ဆီကုန်သည်နှင့်ဆီလုပ်ငန်းရှင်များအသင်းတို့ဖြင့် ဖွဲ့စည်းထားသော စားသုံးဆီတင်သွင်း သိုလှောင် ဖြန့်ဖြူးခြင်း လုပ်ငန်းကြီးကြပ်ရေးကော်မတီအနေဖြင့် စားအုန်းဆီ အဓိက ထုတ်လုပ်တင်ပို့သော မလေးရှားနိုင်ငံတွင် ဖြစ်ပေါ်နေသည့် FOB ဈေးနှုန်း များကို နေ့စဉ်စောင့်ကြည့်ကာ သယ်ယူပို့ဆောင်ခ ကုန်ကျစရိတ်များ၊ ဘဏ်စရိတ်များ၊ အခွန်အခများ ထည့်သွင်းတွက်ချက်၍ ပြည်တွင်းဈေးကွက်၌ရောင်းဝယ်ဖောက်ကားရမည့် အခြေခံလက်ကားရည်ညွှန်းဈေးနှုန်းကို နိုင်ငံပိုင်သတင်းစာများနှင့် သတင်းမီဒီယာများတွင် ကျယ်ကျယ်ပြန့်ပြန့် အပတ်စဉ် ထုတ်ပြန်ကြေညာပေးလျက်ရှိပါသည်။

စားအုန်းဆီ လက်ကားဖြန့်ဖြူးရောင်းချသူများအနေဖြင့် သက်ဆိုင်ရာဒေသအရောက် ဈေးနှုန်းများအပေါ် ၂ ရာခိုင်နှုန်းအမြတ်ထက်မပိုသောဈေးနှုန်းဖြင့် ဈေးကွက်အတွင်းသို့ ပြန်လည်ဖြန့်ဖြူးရောင်းချရန် နှင့် လက်လီဈေးကွက်အတွင်း ဖြစ်သင့်ဖြစ်ထိုက်သည့်ဈေးနှုန်းများဖြင့်ရောင်းချစေရေးအတွက် စားသုံးသူရေးရာဦးစီးဌာန၊ နေပြည်တော်အပါအဝင် တိုင်းဒေသကြီး/ပြည်နယ် ဦးစီးမှူးရုံးများမှ ကွင်းဆင်းစစ်ဆေးကြပ်မတ်ဆောင်ရွက်လျက်ရှိပါသည်။

တိုင်းဒေသကြီး/ ပြည်နယ်များတွင် စားအုန်းဆီများကို သက်သာသောဈေးနှုန်းဖြင့် ပြည်သူများဝယ်ယူနိုင်ရေးအတွက် မြန်မာနိုင်ငံ ဆီကုန်သည်နှင့်ဆီလုပ်ငန်းရှင်များအသင်းနှင့်ပူးပေါင်း၍ **ဈေးကား** များ စီစဉ်ရောင်းချပေးလျက်ရှိပါသည်။

**အရန်ဆန် ဝယ်ယူရေး ကြီးကြပ်မှုကော်မတီ**

မြန်မာနိုင်ငံအတွင်း ၂၀၂၃ ခုနှစ်၊ မေလအတွင်း ဖြစ်ပေါ်ခဲ့သည့် ဆိုင်ကလုန်းမိုခါ မုန်တိုင်းဒဏ် ထိခိုက်ခံစားရသည့်ဒေသများသို့ စားနပ်ရိက္ခာထောက်ပံ့ပေးရန်အတွက် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်

ရေးဝန်ကြီးဌာန ၊ ဒုတိယဝန်ကြီးဦးဆောင်၍ ဆန်စပါးဆိုင်ရာအသင်းအဖွဲ့များပါဝင်လျက် **အရန်ဆန် ဝယ်ယူရေး ကြီးကြပ်မှုကော်မတီ**ကို ၂၀၂၃ ခုနှစ် ၊ မေလ(၈)ရက်နေ့တွင် အမိန့်ကြော်ငြာစာအမှတ်(၃၃/၂၀၂၃) ဖြင့်ဖွဲ့စည်းခဲ့ပါသည်။

အရန်ဆန်ဝယ်ယူရေး ကြီးကြပ်မှုကော်မတီ အစည်းအဝေးဆုံးဖြတ်ချက်အရ အရန်ဆန်များဝယ်ယူရေးနှင့်စပ်လျဉ်း၍ ဆန် အရည်အသွေး၊ အလေးချိန် သတ်မှတ်ချက်များ၊ ဈေးနှုန်းနှင့် စာချုပ် ချုပ်ဆိုမှုဆိုင်ရာကိစ္စရပ်များကို ညှိနှိုင်းဆွေးနွေးခဲ့ပြီး အရန်ဆန် (အိတ်ရေ ၂၀၀၀၀၀)ဝယ်ယူခြင်း နှင့် အိတ်ရေ (၅၀၀၀၀၀) ထပ်မံဝယ်ယူခြင်းလုပ်ငန်းများဆောင်ရွက်ခဲ့ပါသည်။

ပြည်တွင်း ဆန်ဈေးကွက် တည်ငြိမ်စေရန်နှင့် ပြည်ပတင်ပို့မှုကို ထိန်းကျောင်းဆောင်ရွက်နိုင်ရန် အတွက် မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်၏ အစီအစဉ်ဖြင့် ပြည်ပတင်ပို့မည့်ပမာဏ၏ ၅ ရာခိုင်နှုန်း ဖြစ်သည့် ဆန်(၁ )တန်လျှင်(၁)အိတ်နှုန်းဖြင့် အရန်ဆန်ဝယ်ယူခြင်းကို ၈-၆-၂၀၂၃ ရက်နေ့မှ စတင် ဆောင်ရွက်ခဲ့ပြီး မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်အစီအစဉ်ဖြင့်ပင် စားသုံးသူပြည်သူများသို့ သက်သာသော ဈေးနှုန်းဖြင့် ရောင်းချပေးလျှက်ရှိပါသည်။

ထိုကဲ့သို့ပင် ၄-၁၁-၂-၂၀၂၃ ရက်နေ့တွင် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးဆောင်၍ ကုန်သွယ်ရေးဦးစီးဌာန၊စားသုံးသူရေးရာဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ်များ၊ မြန်မာကုန်ပစ္စည်းစစ်ဆေးရေးနှင့်စမ်းသပ်မှုလုပ်ငန်းလီမိတက်၊မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်တို့မှ တာဝန်ရှိသူများနှင့်ပြုလုပ်ခဲ့သည့် **ပြည်ပသို့ဆန်တင်ပို့ရန် လျာထားဆောင်ရွက်ရေးနှင့်စပ်လျဉ်းသည့် လုပ်ငန်းညှိနှိုင်းအစည်းအဝေး**ဆုံးဖြတ်ချက်အရ ပို့ကုန်လုပ်ငန်းကုမ္ပဏီများထံမှ ဝယ်ယူသိုလှောင်ဆောင်ရွက်နေသော အရန်ဆန်ထားရှိရေးလုပ်ငန်းအား ၂၀၂၃ ခုနှစ်၊ နိုဝင်ဘာလမှစတင်၍ ပို့ကုန်လိုင်စင်အပေါ် (၃)တန်လျှင် (၁) အိတ်နှုန်းဖြင့် ပြောင်းလဲဆောင်ရွက်ခွင့်ပြုခဲ့၍ မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်အစီအစဉ်ဖြင့်ပင် ဝယ်ယူစုဆောင်းလျှက်ရှိပါသည်။

**တောင်သူလယ်သမားအခွင့်အရေးကာကွယ်ရေးနှင့်အကျိုးစီးပွားမြှင့်တင်ရေးဦးဆောင်ကော်မတီ**

၂၀၂၃-၂၀၂၄ ခုနှစ်စိုက်ပျိုးရာသီအတွင်းစိုက်ပျိုးထွက်ရှိမည့် မိုးစပါးနှင့်နွေးစပါးသီးနှံများအတွက် အခြေခံ ရည်ညွှန်းစပါးဈေးနှုန်း သတ်မှတ်ထုတ်ပြန်နိုင်ရေးနှင့်စပ်လျဉ်း၍ လယ်ယာထုတ်ကုန်စီမံခန့်ခွဲရေး အဖွဲ့၏(၁/၂၀၂၃)ကြိမ်မြောက်ညှိနှိုင်းအစည်းအဝေးကို၁၈-၇-၂၀၂၃ ရက်နေ့တွင်ကျင်းပပြုလုပ်ခဲ့ပြီး အစည်းအဝေးဆုံးဖြတ်ချက်များအရ ဆောင်ရွက်ရမည့်အချက်များကို တင်ပြဆောင်ရွက်လျှက်ရှိပါသည်။

တောင်သူလယ်သမားအခွင့်အရေးကာကွယ်ရေးနှင့်အကျိုးစီးပွားမြှင့်တင်ရေး ဥပဒေ ပုဒ်မ ၇ အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကိုကျင့်သုံး၍ဖွဲ့စည်းထားသည့် **ဆန်စပါးဈေးကွက်နှင့်ဈေးနှုန်းဆိုင်ရာသုံးသပ်အကြံပြုတင်ပြရေးလုပ်ငန်းကော်မတီ**အနေဖြင့် ၂၀၂၃-၂၀၂၄ ခုနှစ် စိုက်ပျိုးရာသီတွင်ထွက်ရှိ မည့်

စပါးသီးနှံများအတွက် အခြေခံရည်ညွှန်းစပါးဈေးနှုန်းတစ်ရပ် တွက်ချက်အဆိုပြုတင်ပြနိုင်ရန် ညှိနှိုင်းအစည်းအဝေးကို ၃-၇-၂၀၂၃ ရက်၌လည်းကောင်း၊ **လယ်ယာထွက်ကုန်စီမံခန့်ခွဲရေးအဖွဲ့**၏ ညှိနှိုင်းအစည်းအဝေးကို ၁၈-၇-၂၀၂၃ ရက်၌လည်းကောင်း ကျင်းပခဲ့ပြီး အဖွဲ့ဝင်များသဘောတူခဲ့သည့် သတ်မှတ်အရည်အသွေးနှင့်ကိုက်ညီသော စပါးတင်း(၁၀၀)၏ အခြေခံ ရည်ညွှန်းဈေးနှုန်း (၇၅၀၀၀၀)ကျပ်ကို တောင်သူလယ်သမားအခွင့်အရေးကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေး ဦးဆောင်ကော်မတီသို့ အဆိုပြုတင်ပြခဲ့ပါသည်။

တောင်သူလယ်သမားအခွင့်အရေးကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေး ဦးဆောင်ကော်မတီအနေဖြင့် တောင်သူလယ်သမားအခွင့်အရေးကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေးဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ စပါးသီးနှံစိုက်ပျိုးထုတ်လုပ်သော တောင်သူလယ်သမားများအတွက် သင့်တင့်မျှတ သည့် ဈေးနှုန်းနှင့်ဈေးကွက်ဖြစ်ပေါ်စေရန် ၂၀၂၃-၂၀၂၄ ခုနှစ် စိုက်ပျိုးရာသီတွင်ထွက်ရှိမည့် စပါးသီးနှံ များအတွက် အစိုဓာတ် ၁၄% ရှိ၍ အဖျင်း၊ အမှော်၊ ဖုန်၊ သဲ၊ ခဲကင်းစင်ပြီး အရည်အသွေးဆိုင်ရာ သတ်မှတ်စံချိန်စံညွှန်းများနှင့်ကိုက်ညီသည့် တစ်တင်း(၄၆)ပေါင်ကိုက် စပါးတင်း(၁၀၀)၏ အခြေခံရည်ညွှန်းဈေးနှုန်း ကို (၇၅၀၀၀၀)ကျပ် သတ်မှတ်လိုက်သည့် ကြေညာချက်အား ၂၀၂၃ ခုနှစ်၊ အောက်တိုဘာလ (၁၀)ရက်နေ့ တွင် ထုတ်ပြန်ခဲ့ပါသည်။

**ပြည်ထောင်စုကုန်ဈေးနှုန်းတည်ငြိမ်ရေးကော်မတီ**

၂၀၂၃ ခုနှစ်၊ဇွန်လ(၁၂)ရက်နေ့၌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊နိုင်ငံတော်ဝန်ကြီးချုပ် ဦးဆောင်ပြုလုပ်ခဲ့သည့် **"အခြေခံစားသုံးကုန်ပစ္စည်းများတိုးမြှင့်ထုတ်လုပ်ရေးအစည်းအဝေး"** ဖော်ထုတ်ချက်အရ **ပြည်ထောင်စု ကုန်ဈေးနှုန်းတည်ငြိမ်ရေးကော်မတီ** ကို ၂၀၂၃ ခုနှစ် ၊ ဩဂုတ် လ (၁၈) ရက်နေ့ တွင်ဒုတိယဝန်ကြီးချုပ်နှင့် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက ဥက္ကဋ္ဌ၊ စီးပွားရေး နှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက ဒုတိယ ဥက္ကဋ္ဌ၊ ဗဟိုစာရင်းအင်းအဖွဲ့ ညွှန်ကြားရေးမှူးချုပ်က အတွင်းရေးမှူး၊ စားသုံးသူရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် က တွဲဖက်အတွင်းရေးမှူးအဖြစ်ပါဝင် ၍ စုစုပေါင်းအဖွဲ့ဝင် (၂၁)ဦးဖြင့် ပြင်ဆင်ဖွဲ့စည်းခဲ့ပါသည်။

ပြည်ထောင်စုကုန်ဈေးနှုန်းတည်ငြိမ်ရေးကော်မတီ၏ **ပထမအကြိမ် အစည်းအဝေး**ကို စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၌ ၂၀၂၃ ခုနှစ်၊ဩဂုတ်လ(၂၃)ရက်နေ့တွင်ပြုလုပ်ခဲ့ပြီး အစည်းအဝေးဆုံးဖြတ်ချက်များအရ ပြည်ထောင်စုနယ်မြေနှင့် တိုင်းဒေသကြီး/ ပြည်နယ်အားလုံးတွင် ကုန်ဈေးနှုန်းတည်ငြိမ်ရေးလုပ်ငန်းအဖွဲ့များကို ဝန်ကြီးချုပ်များကဥက္ကဋ္ဌအဖြစ်ဦးဆောင်ပြီး စားသုံးသူရေးရာဦးစီးဌာနမှ အတွင်းရေးမှူး၊ ဗဟိုစာရင်းအင်းအဖွဲ့မှ တွဲဖက်အတွင်းရေးမှူး၊ သက်ဆိုင်ရာဌာန/အဖွဲ့အစည်းများမှ အဖွဲ့ဝင်အဖြစ်ပါဝင်လျက် ဖွဲ့စည်းဆောင်ရွက်ပြီးဖြစ်သကဲ့သို့ ခရိုင်များတွင်လည်း ဖွဲ့စည်းထားရှိပြီးဖြစ်ပါသည်။

ပြည်ထောင်စုကုန်စျေးနှုန်းတည်ငြိမ်ရေးကော်မတီအနေဖြင့် ၂၀၂၃ ခုနှစ်၊ စက်တင်ဘာလ(၁၁) ရက် နှင့် အောက်တိုဘာလ (၂)ရက်နေ့တို့တွင် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနတွင်လည်းကောင်း၊ ၂၀၂၃ ခုနှစ်၊ အောက်တိုဘာလ(၆)ရက်နေ့တွင် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၌လည်းကောင်း လုပ်ငန်း ညှိနှိုင်းအစည်းအဝေးများ ပြုလုပ်ခဲ့ပါသည်။

ပြည်ထောင်စုကုန်စျေးနှုန်းတည်ငြိမ်ရေးကော်မတီ၏ **ဒုတိယအကြိမ်အစည်းအဝေး**ကို စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၌ ၂၀၂၃ ခုနှစ်၊ဒီဇင်ဘာလ(၆)ရက်နေ့တွင်ပြုလုပ်ခဲ့ပြီး အစည်းအဝေးဆုံးဖြတ်ချက် များအရ စီးပွားရေးနှင့်ကူးသန်ရောင်းဝယ်ရေးဝန်ကြီးဌာနမှ ဆောင်ရွက်ရမည့်အချက်များကို ဆောင်ရွက် လျှက်ရှိပါသည်။

## မူဝါဒလေ့လာရေးနှင့်စီမံကိန်းစာရင်းအင်းကဏ္ဍ

### eComReg System နှင့် Online Sale

မြန်မာနိုင်ငံတွင် ၂၀၁၀ ခုနှစ်နောက်ပိုင်းမှစတင်၍ အင်တာနက်အသုံးပြုမှုမှာ တိုးတက်လာခဲ့ပါသည်။ ၂၀၁၅ ခုနှစ်မှ ၂၀၁၇ ခုနှစ်အတွင်း မြန်မာနိုင်ငံတွင် မိုဘိုင်းလ်ဖုန်းဖြင့် အင်တာနက် အသုံးပြုမှု ပိုမိုများပြား လာခြင်းနှင့်အတူ e-commerce သည်လည်း ပိုမိုဖွံ့ဖြိုးတိုးတက်လာခဲ့ပြီးသည်။ အင်တာနက်မှတစ်ဆင့် ကုန်စည်/ဝန်ဆောင်မှုများရောင်းချခြင်းနှင့် ဝယ်ယူခြင်းများသည်လည်း အရှိန်အဟုန်ဖြင့်တိုးမြင့်လာခဲ့ပါသည်။ ၂၀၁၆ ခုနှစ်တွင် အင်တာနက် အသုံးပြုသူပေါင်း ၈.၂၇ သန်း ရှိခဲ့ရာမှ ၂၀၂၃ ခုနှစ်၊ ဇန်နဝါရီလတွင် အင်တာနက်အသုံးပြုသူပေါင်း ၂၃.၉၃ သန်းအထိ အရှိန်အဟုန်ဖြင့် တိုးတက်လာခဲ့သည်။

အင်တာနက်အသုံးပြုသူများပြားလာသည်နှင့်အမျှ အွန်လိုင်းမှတစ်ဆင့် ကုန်စည်/ ဝန်ဆောင်မှုများကို ရောင်းဝယ်ခြင်းများလည်း ပိုမိုတွင်ကျယ်လာခဲ့သည်။ ၂၀၁၉ ခုနှစ် စာရင်းအရ မြန်မာနိုင်ငံ၏ e-commerce စျေးကွက်တန်ဖိုးသည် အမေရိကန်ဒေါ်လာ ၆ သန်းသာရှိသော်လည်း တိုးတက်မှုအတွက် အလားအလာ ကောင်းများ ရှိသောကြောင့် ၂၀၂၅ ခုနှစ်တွင် အမေရိကန် ဒေါ်လာသန်း ၁၀၀ အထိ ရောက်ရှိလာနိုင်သည်ဟု ခန့်မှန်းကြပါသည်။ မြန်မာနိုင်ငံ၏ e-commerce စနစ်တွင် အများအပြား ဝယ်ယူလျက်ရှိသော ကုန်စည် အမျိုးအစားများမှာ အဝတ်အထည်များ၊ အီလက်ထရောနစ်ပစ္စည်းများ နှင့် အစားအသောက်များဖြစ်ကြောင်း တွေ့ရှိရပါသည်။ထို့အပြင် အခြားသောအမျိုးအစားများဖြစ်သည့် အိမ်သုံးပရိဘောဂများ၊ ခရီးသွားလုပ်ငန်း ဆိုင်ရာ ဝန်ဆောင်မှုများနှင့် ကျန်းမာရေးဆိုင်ရာ ဝန်ဆောင်မှုများသည်လည်း e-commerce မှတစ်ဆင့် ရောင်းချခြင်းများတွင် စိတ်ဝင်စားခြင်းခံရသော ကုန်စည်နှင့် ဝန်ဆောင်မှုများဖြစ်ပါသည်။ ၂၀၂၃ ခုနှစ်၊ ဇန်နဝါရီလအထိ မြန်မာနိုင်ငံတွင် လူမှုကွန်ရက် မီဒီယာများကို အသုံးပြုသူ ၁၅သန်းရှိခဲ့ပြီး Online Learning၊

Online Sales၊ Online Meeting၊ Online Payment များကို သုံးစွဲမှုခြင်းဖြင့် စားသုံးသူများ၏ လိုအပ်ချက်ကို ထိရောက်လျင်မြန်လွယ်ကူစွာ ဖြည့်ဆည်းပေးနိုင်ခဲ့သည့် ကောင်းမွန်သော ဖွံ့ဖြိုးတိုတက်မှု တစ်ခုလည်း ဖြစ်ပါသည်။

လက်ရှိဖြစ်ပွားလျက်ရှိသော ကိုဗစ် ၁၉ ကပ်ရောဂါသည် ဝယ်ယူစားသုံးသူများ၏ ဝယ်ယူမှု အလေ့အထများနှင့် e-commerce လုပ်ငန်းများအပေါ်တွင် လွှမ်းမိုးမှုရှိခဲ့ပါသည်။ ရောဂါဖြစ်ပွားမှုကို ထိန်းချုပ်ရန် အတွက် နိုင်ငံအတွင်းရှိ နေရာအချို့ကိုပိတ်ဆို့တားဆီးခြင်းများကြောင့် ဝယ်ယူစားသုံးသူများသည် နေ့စဉ်မရှိ မဖြစ်လိုအပ်ချက်များအတွက် အခြေခံလိုအပ်ချက်များနှင့် ကုန်ခြောက်ပစ္စည်းများကို အင်တာနက်မှတစ်ဆင့် ဝယ်ယူမှုများပြားခဲ့ကြောင်း တွေ့ရှိရပါသည်။ ကပ်ရောဂါအခြေအနေကြောင့် ကူးသန်းရောင်းဝယ်မှုများ တိုးမြင့်လာခြင်း၊ အပြင်ထွက်ရန် တားမြစ်ခြင်း၊ တစ်ဦးနှင့်တစ်ဦး အကွာအဝေးခြားစေခြင်းနှင့် ဈေးဝယ်ခြင်း တို့ကို စနစ်တကျထိန်းသိမ်းခြင်းစသည့်အချက်များကြောင့် e-commerce မှဈေးဝယ်ခြင်းသည် ကပ်ရောဂါ ကာလအတွင်းတွင် ယခင်ကထက် တိုးလာခဲ့ပါသည်။ကပ်ရောဂါသည် နိုင်ငံများစွာကို အပြင်းအထန် တိုက်ခိုက်နေသည့်အပြင် စီးပွားရေးလုပ်ငန်းများကို ဆက်လက်လုပ်ဆောင်ရန် ကန့်သတ်ချက်များ ထပ်မံချမှတ်ထားသောကြောင့် နိုင်ငံအနှံ့အပြားရှိ ဝယ်ယူစားသုံးသူများသည်လည်း e-commerce စီးပွားရေး လုပ်ငန်းအပေါ် မှီခိုနေရကြောင်း တွေ့ရှိရပါသည်။ မြန်မာနိုင်ငံတွင် အင်တာနက်မှတစ်ဆင့် ဈေးဝယ်မှုများကို e-commerce ပလက်ဖောင်းများတွင် ဝယ်ယူရောင်းချခြင်းများရှိကြသော်လည်း စားသုံးသူများသည် အသုံးပြုရလွယ်ကူခြင်း၊ သိရှိလိုသည်များကို လျင်မြန်စွာ မေးမြန်းနိုင်ခြင်းနှင့် သီးခြားဆော့ဖ်ဝဲလ်များနှင့် အကောင့်များ ထပ်မံထည့်သွင်းရန် မလိုအပ်ခြင်းစသည့် အကြောင်းအရင်းများကြောင့် လူမှုကွန်ရက်မီဒီယာများမှ တစ်ဆင့်သာ ပိုမိုဝယ်ယူလျက် ရှိသည်။

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ စားသုံးသူရေးရာဦးစီးဌာနအနေဖြင့် ၂၀၁၉ ခုနှစ်တွင် ပြဋ္ဌာန်းခဲ့သည့် စားသုံးသူကာကွယ်ရေးဥပဒေနှင့်အညီ စားသုံးသူအခွင့်အရေးများ ပြည့်ဝစွာရရှိရေး အတွက် ဆောင်ရွက်ရာတွင် အဓိကအားဖြင့် စားသုံးသူအကျိုးစီးပွားကို မြှင့်တင်ဆောင်ရွက်ပေးခဲ့ပါသည်။ ထိုကဲ့သို့ စားသုံးသူနစ်နာဆုံးရှုံးမှုတွေ ဖြေရှင်းအရေးယူဆောင်ရွက်ပေးသကဲ့သို့ လုံခြုံစိတ်ချရမှုမရှိသည့် ကုန်စည်၊ ဝန်ဆောင်မှုနှင့်ပတ်သက်ပြီး ဈေးကွက်အတွင်းမှ လျော့နည်းပပျောက်စေရန်အတွက် ဆောင်ရွက် ပေးလျက်ရှိရာ အင်တာနက်မှတစ်ဆင့် ကုန်စည်နှင့်ဝန်ဆောင်မှုများ ရောင်းဝယ်ခြင်းများ တွင်ကျယ်လာခြင်း နှင့်အတူ ကုန်စည်နှင့် ဝန်ဆောင်မှုများ ဝယ်ယူရာတွင် စားသုံးသူများ၏ အခွင့်အရေးချိုးဖောက်ခံရမှုများနှင့် နစ်နာဆုံးရှုံးမှုများလည်း ကြုံတွေ့ခဲ့ကြရပါသည်။ ကြုံတွေ့ခဲ့ရသော နစ်နာဆုံးရှုံးမှုများကို ဖြေရှင်း ဆောင်ရွက် ရာတွင် လိမ်လည်လှည့်ဖြားသည့် လုပ်ငန်းရှင်များကို ဖော်ထုတ်ဆက်သွယ်ဆောင်ရွက်သည့်စနစ် အားနည်း

ခြင်း၊ ထိထိရောက်ရောက် ဖြေရှင်းနိုင်မှု မရှိခြင်း၊ အွန်လိုင်းစနစ်ဖြင့် ရောင်းချခြင်းလုပ်ငန်းများကို မှတ်ပုံတင် ထိန်းကျောင်းမှုမရှိခြင်းများကြောင့် အခက်အခဲများ ကြုံတွေ့ခဲ့ရပါ သည်။

ထို့ကြောင့် ပြည်ထောင်စု အစိုးရအဖွဲ့သည် အရေးကြီး ကုန်စည်နှင့် ဝန်ဆောင်မှု ဥပဒေ ပုဒ်မ ၄ (ဂ) အရ ၂၀၂၃ ခုနှစ်၊ ဇူလိုင်လ ၄ ရက်တွင် အမိန့် ကြော်ငြာစာ အမှတ်(၅/၂၀၂၃)ဖြင့် အွန်လိုင်းစနစ်ဖြင့် ရောင်းချခြင်းလုပ်ငန်းကို အရေးကြီး ဝန်ဆောင်မှုအဖြစ် သတ်မှတ်ကြေညာရန် နှင့် ယင်းဝန်ဆောင်မှုနှင့် သက်ဆိုင်သည့် ကိစ္စရပ်များနှင့် စပ်လျဉ်း၍ တားမြစ်မိန့်၊ စည်းမျဉ်း သတ်မှတ်မိန့်၊ ကြီးကြပ်မိန့်၊ ကာကွယ်မိန့်နှင့် လိုအပ်သလို ဆောင်ရွက်စေသည့် အမိန့်ထုတ်ပြန်ခွင့်ကို စီးပွားရေးနှင့်ကူးသန်း ရောင်းဝယ်ရေးဝန်ကြီးဌာနအား အပ်နှင်းခဲ့ပါသည်။

သို့ဖြစ်ပါ၍ အရေးကြီးကုန်စည်နှင့် ဝန်ဆောင်မှုဥပဒေပုဒ်မ ၄(ဂ)အရ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနသည် ၂၀၂၃ ခုနှစ်၊ ဇူလိုင်လ ၂၁ ရက် ရက်စွဲပါ အမိန့်ကြော်ငြာ စာအမှတ် (၅၀/၂၀၂၃)ဖြင့် အွန်လိုင်းစနစ်ဖြင့် ရောင်းချခြင်းလုပ်ငန်းကို အရေးကြီးဝန်ဆောင်မှု လုပ်ငန်းအဖြစ်လည်းကောင်း၊ မှတ်ပုံတင် လက်မှတ်လျှောက်ထားရရှိပြီးမှ လုပ်ကိုင်ရမည့်လုပ်ငန်းအဖြစ်လည်းကောင်း သတ်မှတ်ခဲ့ပြီး အွန်လိုင်းစနစ်ဖြင့် ရောင်းချခြင်းလုပ်ငန်းမှတ်ပုံတင်ခြင်းဆိုင်ရာအမိန့်ကို ဝန်ကြီး ဌာန၏ ၂၀၂၃ ခုနှစ်၊ ဇူလိုင်လ ၂၁ ရက် ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၅၁/၂၀၂၃)ဖြင့် ထုတ်ပြန်ခဲ့ပါသည်။

အွန်လိုင်းစနစ်မှ ကုန်စည်နှင့်ဝန်ဆောင်မှုကို ဖြန့်ဖြူးရောင်းချလျက်ရှိသော စီးပွားရေးလုပ်ငန်းရှင်များ အနေဖြင့် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ စီမံဆောက်ရွက် ထားသော အွန်လိုင်းမှတ်ပုံတင် စနစ်အရ မှတ်တင်ပုံတင်လက်မှတ်လျှောက်ထားရာတွင် ရုံး၊ ဌာနများသို့ ကိုယ်တိုင်သွားရောက် လျှောက်ထား ရန်မလိုဘဲ ၂၀၂၃ ခုနှစ်၊ အောက်တိုဘာလ (၂) ရက်နေ့ မှစတင်ကာ eComReg System (https://www.ecomreg.gov.mm) မှတစ်ဆင့် လျှောက်ထားနိုင်ပြီး လျှောက်ထားရန် လုပ်ငန်းစဉ်အဆင့်ဆင့်ကို ရှင်းလင်းလွယ်ကူစွာဆောင်ရွက်နိုင်ရန်အတွက် လမ်းညွှန်ချက်များကိုလည်း ဖော်ပြပေးထားပါသည်။ eComReg System တွင် သတ်မှတ်ထားသော လျှောက်လွှာပုံစံကို ပြည့်စုံစွာ ဖြည့်သွင်း၍ အွန်လိုင်းစနစ်ဖြင့် လျှောက်ထားနိုင်သည့်အပြင် ကုမ္ပဏီ သို့မဟုတ် စီးပွားရေး အဖွဲ့အစည်း နှင့် လူပုဂ္ဂိုလ်များသည် သတ်မှတ် ထားသော စာရွက်စာတမ်းများကို ပူးတွဲတင်ပြ၍ အချိန်ကုန် သက်သာပြီး လွယ်ကူလျင်မြန်စွာဖြင့် လျှောက်ထားနိုင်ကြောင်း တွေ့ရသည်။

ဌာနမှ လိုအပ်သည့် အချက်အလက်များကို စိစစ်ပြီး သတ်မှတ်ချက်များနှင့် ကိုက်ညီပါက မှတ်ပုံတင် ကြေးနှင့် အွန်လိုင်းဝန်ဆောင်ခတို့ ပေးသွင်းရန်အတွက် အကြောင်းကြားစာ ရရှိမည် ဖြစ်ပြီး ရရှိသည့်နေ့မှ (၂) ပတ်အတွင်း သတ်မှတ်ထားသည့် ဒီဂျစ်တယ်ငွေပေးချေမှုဖြင့် ပေးသွင်းရမည်ဖြစ်သော်လည်း ၂၀၂၃ ခုနှစ်၊

ဒီဇင်ဘာလ ၃၁ ရက်နေ့အထိ မှတ်ပုံတင်ကြေး ကင်းလွတ်ခွင့်ပြုထား ကြောင်း သိရှိရပါသည်။ ထို့နောက် E-certificate မှတ်ပုံတင်လက်မှတ်ကို ရရှိမည်ဖြစ်ပြီး စတင်ထုတ်ပေးသည့် နေ့ရက်မှ ၂ နှစ်အထိ သက်တမ်း ရှိမည်ဖြစ်ပြီး သက်တမ်း မကုန်ဆုံးမီ ရက်ပေါင်း ၆၀ ကြိုတင်၍ သက်တမ်းတိုး လျှောက်ထားနိုင်ကာ သက်တမ်းတိုး လျှောက်ထားခြင်းမရှိပါက သက်တမ်းကုန်ဆုံးသည့်နေ့တွင် မှတ်ပုံတင်လက်မှတ်သည် အလိုအလျောက် ပျက်ပြယ်မည်ဖြစ်သည်။ ထို့အပြင် မှတ်ပုံတင်လက်မှတ်လျှောက်ထားရာတွင် မိမိ၏ လျှောက်ထားမှု အခြေအနေကို eComReg System တွင်လွယ်ကူစွာကြည့်ရှုနိုင်မည်ဖြစ်ပြီး မှတ်ပုံတင် လက်မှတ်ရရှိပြီးဖြစ်သည့် စီးပွားရေးလုပ်ငန်းများကို ပွင့်လင်းမြင်သာစွာ ဖော်ပြထားရှိမည်ဖြစ်ကြောင်း သိရှိရ ပါသည်။

မှတ်ပုံတင်လျှောက်ထားမှုနှင့်ပတ်သက်၍ ရောင်းချမည့် ကုန်စည်/ဝန်ဆောင်မှုများသည် သက်ဆိုင်ရာ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းက ရောင်းချရန် တားမြစ်ထားသောကုန်စည်နှင့် ဝန်ဆောင်မှုတွေ မဖြစ်ရန် လိုအပ်ပြီး အများပြည်သူများ၏ လုံခြုံရေးကို ထိခိုက်စေသည့် ဘေးအန္တရာယ်ဖြစ်စေသည့် ကုန်စည်နှင့် ဝန်ဆောင်မှု၊ အာမခံချက်မရှိတဲ့ ကုန်စည်နှင့်ဝန်ဆောင်မှုမျိုးမဖြစ်ရန် လိုအပ်ပါသည်။ ထိုကဲ့သို့သော ကုန်စည်နှင့်ဝန်ဆောင်မှုတွေရောင်းချရန် ရည်ရွယ်ခြင်း၊ အချက်အလက်မပြည့်စုံခြင်း၊ လိုအပ်သည့် အထောက်အထားများပေးအပ်ရာတွင် ထိမ်ချန်ခြင်းနှင့် လိမ်လည် ခြင်းများရှိပါက မှတ်ပုံတင်လက်မှတ်ထုတ် ပေးရန် ငြင်းပယ်မည်ဖြစ်သည်။ သို့သော် ရက်ပေါင်း ၃၀ အတွင်း လိုအပ်ချက်များနှင့်အညီ ပြန်လည်ပြင်ဆင် တင်ပြပါက အမိန့်ပါသတ်မှတ်ချက်အတိုင်း ခွင့်ပြု ပေးမည် ဖြစ်ပါသည်။ မှတ်ပုံတင်လက်မှတ်ရရှိပြီးနောက် ပူးတွဲတင်ပြထားသည့် ကုန်စည်/ ဝန်ဆောင်မှု၏ အချက်အလက်နှင့် လျှောက်လွှာပါ တင်ပြချက်နှင့် ပတ်သက်၍ ပြင်ဆင်လိုပါက သတ်မှတ်ထားသည့် လျှောက်လွှာပုံစံတွင် ဖြည့်သွင်း၍ အွန်လိုင်းဝန်ဆောင်ခ ပေးသွင်းပြီး အွန်လိုင်းစနစ်ဖြင့် ထပ်မံလျှောက်ထားနိုင်သည်။

အွန်လိုင်းစနစ်ဖြင့်ရောင်းချခြင်းလုပ်ငန်းကို မှတ်ပုံတင်လက်မှတ် လျှောက်ထားပြီးမှသာ လုပ်ကိုင်ရ မည်ဖြစ်ပြီး အမိန့်ကြော်ငြာစာထုတ်ပြန်ပြီး ခြောက်လပြည့်မြောက်သည့်နေ့မှစ၍ မှတ်ပုံတင် လက်မှတ်မရှိဘဲ အွန်လိုင်းစနစ်ဖြင့် ရောင်းချခြင်းလုပ်ငန်းကို လုပ်ကိုင်ဆောင်ရွက်ကြောင်း တွေ့ရှိရပါက အရေးကြီးကုန်စည် နှင့်ဝန်ဆောင်မှုဥပဒေ ပုဒ်မ ၅ အရ အရေးယူ ခြင်းခံရမည် ဖြစ်သဖြင့် မိမိတို့၏ စီးပွားရေးလုပ်ငန်းများကို ခြောက်လမပြည့်မီ မှတ်ပုံတင်လျှောက်ထားရန်မှာ များစွာလိုအပ်ပါသည်။ Online Sales များ မှတ်ပုံတင်ခွင့် ပြုခြင်းသည် အွန်လိုင်းစနစ်အသုံးပြု၍ ဆိုင်ဖွင့်လှစ် ခွင့်အတွက် မှတ်ပုံတင်ပေးခြင်းသာဖြစ်ပြီး ရောင်းချသည့် ကုန်စည်/ ဝန်ဆောင်မှုများအတွက် သက်ဆိုင်ရာဌာနအလိုက် ထုတ်ပြန်ထားသော ထုတ်ပြန်ချက်များ၊ ကန့်သတ်တားမြစ်ချက်များကို သိရှိလိုက်နာဆောင်ရွက်ရန် လိုအပ်ကြောင်း သတိပြုသင့်ပါသည်။ Online

Sales Platform တွင် ရောင်းချသော ကုန်စည်/ဝန်ဆောင်မှုများသည် ကန့်သတ်/ ပိတ်ပင်တားမြစ်ထားသော ပစ္စည်းများ မဖြစ်ရန်လိုအပ်ပါသည်။ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှလည်း eComReg စနစ် အသုံးပြုနည်းသင်တန်းများကိုလည်း အခမဲ့ဖွင့်လှစ်၍ အွန်လိုင်းစနစ်ဖြင့်ရောင်းချခြင်း (online sales) လုပ်ငန်းမှတ်ပုံတင်လျှောက်ထားရာတွင် အချက်အလက်များ မှန်ကန်စွာဖြင့်ဖြည့်စွက်နိုင်ရန် ကူညီ ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

အွန်လိုင်းစနစ်ဖြင့် ရောင်းချရာတွင် ပွင့်လင်းမြင်သာမှုရှိစွာ ရောင်းချရမည်ဖြစ်ပြီး အွန်လိုင်း စနစ်ဖြင့် ရောင်းချသည့် လုပ်ငန်းသည် ပြည်တွင်း၌ အခြေပြုသည်ဖြစ်စေ၊ ပြည်ပ၌ အခြေပြုသည်ဖြစ်စေ မြန်မာနိုင်ငံ သားများကို ဦးတည်ရောင်းချသော အွန်လိုင်းစနစ်ဖြင့် ရောင်းချသည့် လုပ်ငန်း များ အားလုံးနှင့် ပြည်တွင်း အခြေပြု၍ ပြည်တွင်း/ပြည်ပသို့ ဦးတည်ရောင်းချသည့် အွန်လိုင်းစနစ်ဖြင့် ရောင်းချသည့် လုပ်ငန်းများ အားလုံး မှတ်ပုံတင်ရမည်ဖြစ်ကြောင်းလည်းသိရှိရပါသည်။ အွန်လိုင်းစနစ်ဖြင့် မှတ်ပုံတင်လက်မှတ်ထုတ် ပေးရာတွင် ရရှိသည့် E-Certificate တွင် မိမိတို့၏ လုပ်ငန်းအမည်၊ ကုန်အမှတ်တံဆိပ်များပါရှိမည်ဖြစ်ရာ လုပ်ငန်းခွဲများရှိသူများအနေဖြင့် မတူညီသော URL များနှင့် မတူညီသော အွန်လိုင်းပလက်ဖောင်းများတွင် ရောင်းချပါက လုပ်ငန်းခွဲများအလိုက် မှတ်ပုံတင်ပြုလုပ်ပါက ပိုမိုအဆင်ပြေမည်ဖြစ်ကြောင်းသိရှိရပါသည်။ ထို့အပြင် ရရှိသောမှတ်ပုံတင်ကြေးနှင့် အွန်လိုင်း ဝန်ဆောင်ခများကို ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေသို့ ပေးသွင်းမည်ဖြစ်သဖြင့် မိမိတို့၏ စီးပွားရေး လုပ်ငန်းများ၏ ဝင်ငွေပိုမိုတိုးတက်ရေးအတွက် အကျိုးရှိရုံသာမက စားသုံးသူများနှင့် မိမိတို့နိုင်ငံအတွက်ပါ အကျိုးရှိမည့် မှတ်ပုံတင်စနစ် တစ်ရပ်ဖြစ်သည့် အပြင် အွန်လိုင်းစနစ်မှ ကုန်စည်/ ဝန်ဆောင်မှုကို ဖြန့်ဖြူးရောင်းချလျက်ရှိသော စီးပွားရေးလုပ်ငန်းရှင်များ အနေဖြင့်လည်း အရေးယူ ခြင်းမခံရစေရန် အွန်လိုင်းစနစ်ဖြင့် ရောင်းချခြင်းလုပ်ငန်းမှတ်ပုံတင်လက်မှတ်ကို အမိန့်ကြော်ငြာစာထုတ်ပြန်ပြီး ခြောက်လမပြည့်မြောက်မီ လျှောက်ထားရန် တိုက်တွန်းအပ်ပါသည်။

**Source: သတင်း/ နည်း**

## ၂၀၂၃ ခုနှစ်အတွင်း လုပ်ငန်းဆောင်ရွက်ထားရှိမှုအခြေအနေအကျဉ်းချုပ်

**ဆန်စပါးဥပဒေ ပြဋ္ဌာန်းနိုင်ရေးဆောင်ရွက်မှုအခြေအနေ**

၂၀၂၂ ခုနှစ်၊ အောက်တိုဘာလ ၆ ရက်မှ ၇ ရက်အထိ နေပြည်တော်၊ အပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်း ဗဟိုဌာန(၂)၌ ကျင်းပခဲ့သည့် "မြန်မာ့ဆန်စပါးညီလာခံ ၂၀၂၂ (Myanmar Rice Conference 2022)"တွင် မြန်မာနိုင်ငံ၏ ဆန်စပါးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆက်လက်ဆောင်ရွက်သင့်သည့် လုပ်ငန်းစဉ် (၄၃) ချက်ကို ဖော်ထုတ်ရရှိခဲ့ပြီး ဆက်လက်ဆောင်ရွက်ရန် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်

ဝန်ကြီးချုပ်က လမ်းညွှန်ခဲ့ပါသည်။ အဆိုပါ ဖော်ထုတ်ချက်များအနက် "**ဆန်စပါးဖူလုံရေး၊ အရည်အသွေး ထိန်းသိမ်းရေး၊ ပြည်တွင်းစားနပ် ရိက္ခာဖူလုံရေး၊ ပြည်တွင်းရောင်းဝယ်မှု စနစ်ကျနမှန်ကန်စေရေးနှင့် ပြည်ပတင်ပို့မှုဖွံ့ဖြိုးတိုးတက် ရေးတို့အတွက် ဆန်စပါးဥပဒေ သို့မဟုတ် ကောက်ပဲသီးနှံဥပဒေတစ်ရပ် ရေးဆွဲပြဋ္ဌာန်းသွားရန်နှင့် ဥပဒေရေးဆွဲရေးအတွက် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနကို တာဝန်ခံဝန်ကြီး ဌာနအဖြစ်သတ်မှတ်ရန်**" ဖော်ထုတ်ချက် ချမှတ်ခဲ့ပါသည်။

ယင်းကိစ္စရပ်နှင့်စပ်လျဉ်း၍ ဆန်စပါးကဏ္ဍ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆန်စပါး ဥပဒေရေးဆွဲပြဋ္ဌာန်းခွင့်ပြုပါရန် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသို့ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန၊ ဝန်ကြီးရုံး၏ ၂၀၂၂ ခုနှစ်၊ ဒီဇင်ဘာလ ၁၂ ရက် ရက်စွဲပါ စာအမှတ်၊ ၄၂/ ၂-၄/(၇)/၂၀၂၂(၁၇၃၄)ဖြင့် တင်ပြခဲ့ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရုံး၏ ၂၀၂၂ ခုနှစ်၊ ဒီဇင်ဘာ လ ၁၉ ရက် ရက်စွဲပါ စာအမှတ် ၂၆(၁၅/၇၂၆)/၇/ကောင်စီရုံးဖြင့် ခွင့်ပြုခဲ့ပြီး စီးပွားရေးနှင့်ကူးသန်း ရောင်းဝယ်ရေးဝန်ကြီးဌာန၊ ဝန်ကြီးရုံး၏ ၂၀၂၂ ခုနှစ်၊ ဒီဇင်ဘာလ ၂၃ ရက် ရက်စွဲပါစာအမှတ်၊ စက-၄၅/၂-၄/(၈)/၂၀၂၂ ဖြင့် "**စားသုံးသူရေးရာဦးစီး ဌာနမှ ဆက်လက်ဆောင်ရွက်ရန်**" ညွှန်ကြား လာပါသည်။

ထို့ပြင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ၂၀၂၂ ခုနှစ်၊ ဒီဇင်ဘာလ ၁၉ ရက် ရက်စွဲပါ အမိန့် ကြော်ငြာစာအမှတ်(၂၃၁/၂၀၂၂)ဖြင့် ဆန်စပါးနှင့်စပ်လျဉ်း၍ ပြည်တွင်းစားသုံးသူဖူလုံရေး၊ အရည်အသွေး ထိန်းသိမ်းရေး၊ ပြည်တွင်းရောင်းဝယ်မှုများစနစ်တကျမှန်ကန်စေရေးနှင့် ပြည်ပတင်ပို့မှု ဖွံ့ဖြိုးရေးအတွက် ဥပဒေကြမ်းရေးဆွဲပြုစုတင်ပြရေးကိစ္စရပ်ကိုစီမံဆောင်ရွက်နိုင်ရန် တာဝန်ခံဝန်ကြီးဌာနအဖြစ် တာဝန်နှင့် လုပ်ပိုင်ခွင့်အပ်နှင်းခဲ့ပါသည်။ ဝန်ကြီးဌာန၏တာဝန်ပေးအပ်ချက်အရ စားသုံးသူ ရေးရာဦးစီးဌာနသည် ဆန်စပါးဥပဒေ(မူကြမ်း)တစ်ရပ်ကို ရေးဆွဲပြုစုတင်ပြပြီး ဝန်ကြီးဌာန၏ အတည်ပြုချက်ဖြင့် သက်ဆိုင်ရာ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများသို့ သဘောထားမှတ်ချက်များ တောင်းခံခြင်း၊ ဆန်စပါးကဏ္ဍနှင့် စပ်လျဉ်း၍ ကျယ်ပြန့်စွာ ဆောင်ရွက်လျက်ရှိသော ရန်ကုန်မြို့၊ ပုသိမ်မြို့၊ ပဲခူးမြို့၊ မော်လမြိုင်မြို့၊ စစ်တွေမြို့နှင့် မန္တလေးမြို့တို့တွင် ဥပဒေ(မူကြမ်း)နှင့်စပ်လျဉ်း၍ အများပြည်သူထံမှ သဘောထားရယူသည့် ရှင်းလင်းဆွေးနွေးပွဲများ ကျင်းပခြင်းတို့ကို ဆောင်ရွက်ခဲ့ပြီး ရရှိလာသော အကြံပြုချက်၊ သဘောထား မှတ်ချက်များမှ ဖြည့်စွက်သင့်သော အချက်များဖြင့် ဥပဒေ(မူကြမ်း)ကို ပြန်လည်ရေးဆွဲလျက်ရှိပါသည်။ ၂၀၂၃ ခုနှစ်၊ ဇွန်လ (၁) ရက်နေ့တွင် ဥပဒေ ရေးရာဝန်ကြီးဌာနသို့ သဘောထားမှတ်ချက်တောင်းခံထားပြီး ဥပဒေ(မူကြမ်း) ပြဋ္ဌာန်းနိုင်ရေး အတွက် အဆင့်ဆင့်တင်ပြခြင်းတို့ကို ဆက်လက်ဆောင်ရွက်လျက်ရှိပါသည်။

## ဆန်စပါးသိုလှောင်ရုံမှတ်ပုံတင်ခြင်းနှင့် လုပ်ပိုင်ခွင့်အပ်နှင်းခြင်း ဆိုင်ရာအမိန့် ပြုစုရေးဆွဲထားရှိမှု အခြေအနေ

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနနှင့်မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်တို့ပူးပေါင်း၍ **"သိုလှောင်ရုံကုန်အပ်လက်မှတ်ကို အခြေပြုသည့် ငွေကြေးထောက်ပံ့မှုစနစ် (Ware- house Receipt Financing System) အကောင်အထည်ဖော် ဆောင်ရွက်ရေးအလုပ်ရုံဆွေးနွေးပွဲ**" ကို ၂၀၂၃ ခုနှစ်၊ ဇွန်လ ၃၀ ရက်နေ့တွင် ကျင်းပပြုလုပ်ခဲ့ပြီး သိုလှောင်ရုံ ကုန်အပ်လက်မှတ်ကို အခြေပြုသည့် ငွေကြေး ထောက်ပံ့မှု စနစ် စတင်အကောင်အထည်ဖော် ဆောင်ရွက်ခွင့်ပြုပါရန် တင်ပြခဲ့ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရုံး၏ ၂၀၂၃ ခုနှစ်၊ ဩဂုတ်လ ၂၁ ရက် ရက်စွဲပါ စာအမှတ်၊ ၂၆ (၁၅/၁၄၀၃)/၇/ကောင်စီရုံးဖြင့် ခွင့်ပြုခဲ့ပြီးဖြစ်ပါသည်။

ထို့အပြင် "သိုလှောင်ရုံကုန်အပ်လက်မှတ်ကိုအခြေပြုသည့် ငွေကြေးထောက်ပံ့မှုစနစ်"ကို အကောင် အထည်ဖော်ဆောင်မှုနှင့်စပ်လျဉ်း၍ဖြစ်စေ၊ဆန်စပါးကဏ္ဍ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက် ရေးအတွက် သိုလှောင်ခြင်းကိစ္စရပ်နှင့် ပြည်တွင်းဆန်စပါးဈေးနှုန်း တည်ငြိမ်ရေးကိစ္စရပ်အပေါ် စီမံထိန်းကျောင်းနိုင်ရေး နှင့်စပ်လျဉ်း၍ဖြစ်စေ အခြေခံကျသောလုပ်ငန်းစဉ်တစ်ရပ်ဖြစ်သည့် ဆန်စပါးသိုလှောင်မှုလုပ်ငန်း မှတ်ပုံတင် ခြင်းလုပ်ငန်းစဉ်ကို အကောင်အထည်ဖော်ဆောင်ရွက်ရန် လိုအပ်လျက်ရှိပါသည်။

ထို့ကြောင့် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနသည် နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီက ၂၀၂၂ ခုနှစ်၊ ဒီဇင်ဘာလ ၁၉ ရက် ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၂၃၁/၂၀၂၂) အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်နှင့်အညီ ဆန်စပါးလုပ်ကိုင်နေသူများအနေဖြင့် ဝန်ထုပ်ဝန်ပိုးနှင့် အန္တရာယ် မဖြစ်စေဘဲ လုပ်ငန်းဆောင်ရွက်နိုင်ရန်အတွက်လည်းကောင်း၊ အမြတ်များများရလိုမှုဖြင့် သမားရိုးကျရောင်း ဝယ်ခြင်းမဟုတ်သော လုပ်ငန်းများကို ထိန်းကျောင်းနိုင်ရန်အတွက်လည်းကောင်း ရည်ရွယ်၍ ရေးဆွဲပြုစုထား သော ဆန်စပါးသိုလှောင်ရုံမှတ်ပုံတင်ခြင်းနှင့် လုပ်ပိုင်ခွင့်အပ်နှင်းခြင်း ဆိုင်ရာအမိန့် (မူကြမ်း)ကို ဥပဒေ ဆိုင်ရာအကြံပြုချက်များ ရယူနိုင်ရေးအတွက် ဥပဒေရေးရာဝန်ကြီး ဌာနသို့ ၂၀၂၃ ခုနှစ်၊ နိုဝင်ဘာလ ၈ ရက်နေ့တွင် ပေးပို့ခဲ့ပါသည်။ အဆိုပါကိစ္စရပ်နှင့် စပ်လျဉ်း၍ ဥပဒေရေးရာဝန်ကြီးဌာနမှ ၂၀၂၃ ခုနှစ်၊ နိုဝင်ဘာလ ၂၃ ရက်နေ့တွင် ပြန်လည်ပေးပို့လာသည့် ဥပဒေဆိုင်ရာ အကြံပြုချက်များအညီ ပြန်လည် ပြင်ဆင်ရေးဆွဲပြုစုထားသည့် ဆန်စပါးသိုလှောင်ရုံ မှတ်ပုံတင်ခြင်းနှင့် လုပ်ပိုင်ခွင့်အပ်နှင်းခြင်းဆိုင်ရာအမိန့် (မူကြမ်း)ကို ဥပဒေရေးရာဝန်ကြီးဌာနသို့ ၂၀၂၃ ခုနှစ်၊ ဒီဇင်ဘာလ ၈ ရက်နေ့တွင် ဥပဒေဆိုင်ရာ အကြံပြုချက် များကို ဒုတိယအကြိမ် ထပ်မံတောင်းခံထားလျက်ရှိပါသည်။

**အွန်လိုင်းစနစ်ဖြင့် ရောင်းချခြင်းလုပ်ငန်း မှတ်ပုံတင်ခြင်းဆိုင်ရာအမိန့်ထုတ်ပြန်နိုင်ရေးနှင့်စပ်လျဉ်း၍ ဆောင်ရွက်ခဲ့မှုအခြေအနေများ**

အွန်လိုင်းစနစ်ဖြင့် ရောင်းချခြင်းလုပ်ငန်းများနှင့်စပ်လျဉ်း၍ စားသုံးသူအခွင့်အရေးများအပြည့်အဝ ရရှိစေရန်နှင့် စားသုံးသူနစ်နာဆုံးရှုံးမှုများကို ကာကွယ်ဖြေရှင်း ဆောင်ရွက်ပေးနိုင်မည့် နည်းလမ်းများ ဖော်ထုတ်ရန် ရည်ရွယ်၍ အလုပ်ရုံဆွေးနွေးပွဲတစ်ရပ် ကျင်းပခဲ့ပါသည်။ အဆိုပါ အလုပ်ရုံဆွေးနွေးပွဲ၏ ဆွေးနွေးဖော်ထုတ်ချက်များအနက် “e-Commerce Law” ပြဋ္ဌာန်းဆောင်ရွက်ခြင်းမပြုမီ ကာလအတွင်း အွန်လိုင်းရောင်းချခြင်းလုပ်ငန်းများနှင့်စပ်လျဉ်း၍ အရေးကြီးကုန်စည် နှင့်ဝန်ဆောင်မှုဥပဒေအရ အရေးကြီး ဝန်ဆောင်မှုလုပ်ငန်းအဖြစ် သတ်မှတ်ဆောင်ရွက်၍ မှတ်ပုံတင်စနစ်ဖြင့် ထိန်းကျောင်း ဆောင်ရွက်သွားရန် ဖော်ထုတ်ရရှိခဲ့ပါသည်။ ထို့ကြောင့် ဝန်ကြီးဌာနအနေဖြင့် လိုအပ်သည့် အမိန့်ကြော်ငြာစာများ ထုတ်ပြန် ဆောင်ရွက်နိုင်ရန်အလို့ငှာ စားသုံးသူရေးရာဦးစီးဌာနမှ အဆိုပါအမိန့်ကြော်ငြာစာများကို ပြုစုရေးဆွဲခဲ့ပြီး အထက်အဖွဲ့အစည်းအဆင့်ဆင့်သို့ တင်ပြဆောင်ရွက်ခဲ့ပါသည်။ သို့ဖြစ်ပါ၍ ပြည်ထောင်စုအစိုးရအဖွဲ့၏ ခွင့်ပြုချက်အရ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနသည် အရေးကြီးကုန်စည်နှင့် ဝန်ဆောင်မှု ဥပဒေအရ အွန်လိုင်းစနစ်ဖြင့် ရောင်းချခြင်းလုပ်ငန်းကို အရေးကြီးကုန်စည်နှင့်ဝန်ဆောင်မှုလုပ်ငန်းအဖြစ် သတ်မှတ်သည့် အမိန့်ကြော်ငြာစာအမှတ် (၅၀/၂၀၂၃)ကိုလည်းကောင်း၊ အွန်လိုင်းစနစ်ဖြင့် ရောင်းချခြင်း လုပ်ငန်း မှတ်ပုံတင်ခြင်းဆိုင်ရာ အမိန့်ကြော်ငြာစာအမှတ်(၅၁/၂၀၂၃)ကိုလည်းကောင်း၊ အွန်လိုင်းစနစ်ဖြင့် ရောင်းချခြင်းလုပ်ငန်းနှင့်စပ်လျဉ်း၍ အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက် များ ထုတ်ပြန်ခွင့်ကို ကုန်သွယ်ရေးဦးစီးဌာနအား အပ်နှင်းသည့် အမိန့်ကြော်ငြာစာအမှတ် (၄၉/၂၀၂၃)ကို လည်းကောင်း ၂၀၂၃ ခုနှစ်၊ ဇူလိုင်လ ၂၁ ရက်နေ့တွင် အတည်ပြုထုတ်ပြန်ခဲ့ပါသည်။

အဆိုပါ အမိန့်ကြော်ငြာစာထုတ်ပြန်ပြီး ခြောက်လပြည့်မြောက်သည့် နေ့ရက်မှစတင်၍ မှတ်ပုံ တင်လက်မှတ်မရှိဘဲ အွန်လိုင်းစနစ်ဖြင့် ရောင်းချခြင်းလုပ်ငန်းများကို လုပ်ကိုင်ဆောင်ရွက်ပါက အရေးယူ ဆောင်ရွက်နိုင်ရေးအတွက် အွန်လိုင်းစနစ်ဖြင့်ရောင်းချခြင်းလုပ်ငန်းနှင့်စပ်လျဉ်း၍ စစ်ဆေးဆောင်ရွက်ခွင့် အပ်နှင်းသည့်အမိန့်(မူကြမ်း)ကို အတည်ပြုထုတ်ပြန်နိုင်ရေး ဆက်လက်ဆောင်ရွက်လျက်ရှိပါသည်။

# စီမံရေးရာဌာနခွဲ

**စားသုံးသူရေးရာဦးစီးဌာန၊ ရုံးအမှတ် (၅၂) တွင် ကျင်းပပြုလုပ်ခဲ့သည့် Tuesday Talk ဆွေးနွေးပွဲများ**

| စဉ် | ရက်စွဲ | ဆွေးနွေးသည့်ခေါင်းစဉ် | အမည် | ရာထူး | ဌာနခွဲ | တက်ရောက်သည့် ဦးရေ | မှတ်ချက် |
|---|---|---|---|---|---|---|---|
| ၁ | ၂၅.၄.၂၀၂၃ | အိန္ဒိယသမ္မတနိုင်ငံနှင့် ဖိလစ်ပိုင်နိုင်ငံရှိ အရန်ဆန် ရိက္ခာထားရှိမှုများ | ဒေါ်ယွန်းမြတ်စန္ဒီ | ဦးစီးအရာရှိ | မူဝါဒဌာနခွဲ | ၈၅ ဦး | |
| ၂ | ၉.၅.၂၀၂၃ | နိုင်ငံ့စီးပွားမြှင့်တင်ဖို့ တန်ဖိုးမြှင့်ထုတ်ကုန် ထုတ်လုပ်စို့ | ဒေါ်ယဉ်ဝင်းခိုင် | လက်ထောက် ညွှန်ကြားရေးမှူး | သတင်းနည်းဌာနခွဲ | ၈၈ ဦး | |
| ၃ | ၃၀.၅.၂၀၂၃ | အဂတိလိုက်စားမှု တားဆီးကာကွယ်ရေး အသိပညာပေး | ဒေါ်ချစ်ဆုဝေ | လက်ထောက် ညွှန်ကြားရေးမှူး | စီမံရေးရာဌာနခွဲ | ၈၆ ဦး | |
| ၄ | ၂၀.၆.၂၀၂၃ | ကောင်းမွန်သော စားသုံးသူကာကွယ်ရေး အလေ့အထ များကို ကျင့်သုံးနိုင်ရေးဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲသို့ တက်ရောက်ခဲ့မှုအား တင်ပြခြင်း | ဒေါ်ဝင်းစုခိုင် | လက်ထောက် ညွှန်ကြားရေးမှူး | စားသုံးသူဌာနခွဲ | ၉၃ ဦး | |
| ၅ | ၁၈.၇.၂၀၂၃ | ACCC နှင့် စပ်လျဉ်း၍ လေ့လာ တင်ပြခြင်း | ဒေါ်ယုသီရိဇို | လက်ထောက် ညွှန်ကြားရေးမှူး | ထုတ်လုံဌာနခွဲ | ၈၂ ဦး | |
| ၆ | ၈.၈.၂၀၂၃ | ထိုင်းနိုင်ငံ၊ ခွန်ကန်တက္ကသိုလ်ရှိ ပြည်သူ့ရေးရာ စီမံအုပ်ချုပ်မှုဆိုင်ရာမဟာဘွဲ့သင်တန်းသို့ တက်ရောက်ခဲ့မှုအပေါ်တင်ပြခြင်း | ဒေါ်ဖြိုးသီရိမွန် | ဦးစီးအရာရှိ | မူဝါဒဌာနခွဲ | ၈၀ ဦး | |
| ၇ | ၁၉.၁၀.၂၀၂၃ | ထုတ်ကုန်လုံခြုံစိတ်ချမှု ဆောင်ရွက်ချက်များ | ဦးထွန်းဝင်း | ဒုတိယ ညွှန်ကြားရေးမှူး | ထုတ်လုံဌာနခွဲ | ၈၃ ဦး | |
| ၈ | ၇.၁၁.၂၀၂၃ | မြန်မာ့ကော်ဖီ ထုတ်လုပ်မှုနှင့်ကုန်သွယ်မှု အခြေအနေ | ဒေါ်နွယ်ဇင်ဝင်း | လက်ထောက် ညွှန်ကြားရေးမှူး | ပြည်တွင်းဌာနခွဲ | ၉၂ ဦး | |
| ၉ | ၁၂.၁၂.၂၀၂၃ | လုပ်ငန်းခွင်ပြောဆို ဆက်ဆံရေး စွမ်းရည်မြှင့်တင်မှုဆိုင်ရာသိကောင်းစရာ | ဒေါ်ဆွေဆွေဝင်း | ဦးစီးအရာရှိ | သတင်းနည်းဌာနခွဲ | ၁၂၈ ဦး | |

**စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန**

**နိုင်ငံ့ဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်)၊ (အောက်မြန်မာပြည်)/ အခြားဝန်ကြီးဌာန/ ဝန်ကြီးဌာနတွင်း၌ ဖွင့်လှစ်လျက်ရှိသည့် သင်တန်းများတွင် ဆုရရှိသူစာရင်း**

**( ၂၀၂၃ ခုနှစ်၊ ဇန်နဝါရီလမှ ဒီဇင်ဘာလ အထိ )**

| စဉ် | အမည် | ရာထူး | ဌာန | သင်တန်းအမည် | နိုင်ငံ့ဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်)၊ (အောက်မြန်မာပြည်)/ အခြားဝန်ကြီးဌာန/ ဝန်ကြီးဌာနတွင်း | ရရှိမှုအဆင့် (စံပြဆု၊ ပထမဆု၊ ဒုတိယဆု၊ တတိယဆု ) |
|---|---|---|---|---|---|---|
| ၁ | ဦးညီညီထွေး | ဦးစီးအရာရှိ | စားသုံးသူရေးရာ ဦးစီးဌာန | အရာထမ်းလောင်းအခြေခံသင်တန်း၊ပြည်သူ့ဝန်ထမ်း စီမံခန့်ခွဲမှုဘွဲ့လွန်ဒီပလိုမာသင်တန်းအမှတ်စဉ်(၁၀) | နိုင်ငံ့ဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်) | စံပြဆု |
| ၃ | ဒေါ်နော်အေးမို့မို့ | အကြီးတန်းစာရေး | စားသုံးသူရေးရာ ဦးစီးဌာန | စာရေးဝန်ထမ်းအခြေခံသင်တန်း အမှတ်စဉ် (၂၀၂) | နိုင်ငံ့ဝန်ထမ်းတက္ကသိုလ် (အောက်မြန်မာပြည်) | စံပြဆုနှင့် သေနတ်ပစ်ထူးချွန်ဆု |
| ၄ | ဒေါ်သဲစုနိုင် | အငယ်တန်းစာရေး | စားသုံးသူရေးရာ ဦးစီးဌာန | စာရေးဝန်ထမ်းအခြေခံသင်တန်း အမှတ်စဉ် (၂၀၂) | နိုင်ငံ့ဝန်ထမ်းတက္ကသိုလ် (အောက်မြန်မာပြည်) | စစ်ရေးပြထူးချွန်ဆု |
| ၅ | ဦးစိုးညီညီ | အငယ်တန်းစာရေး | စားသုံးသူရေးရာ ဦးစီးဌာန | စာရေးဝန်ထမ်းအခြေခံသင်တန်း အမှတ်စဉ် (၂၀၂) | နိုင်ငံ့ဝန်ထမ်းတက္ကသိုလ် (အောက်မြန်မာပြည်) | သေနတ်ပစ်ထူးချွန်ဆု |
| ၆ | ဒေါ်ဆွေဆွေဝင်း | ဦးစီးအရာရှိ | စားသုံးသူရေးရာ ဦးစီးဌာန | Responsive Web Design Using Bootstrap | ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန | ဒုတိယဆု |
| ၇ | ဒေါ်စန္ဒာဝင်း | ဦးစီးအရာရှိ | စားသုံးသူရေးရာ ဦးစီးဌာန | အရာထမ်းအခြေခံသင်တန်း အမှတ်စဉ် (၂၁၇) | နိုင်ငံ့ဝန်ထမ်းတက္ကသိုလ် (အောက်မြန်မာပြည်) | စံပြဆု |
| ၈ | ဦးသက်ပိုင်စိုး | အငယ်တန်းစာရေး | စားသုံးသူရေးရာ ဦးစီးဌာန | စာရေးဝန်ထမ်းသင်တန်းအမှတ်စဉ်(၂၀၆) | နိုင်ငံ့ဝန်ထမ်းတက္ကသိုလ် (အောက်မြန်မာပြည်) | ဒုတိယဆု |